မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃စဇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက် | ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၂၉ ရက်၊ တနင်္ဂနွေနေ့ | အတွဲ(၆၆)၊ အမှတ်(၀၆၀)

အကျိုးထူးတရားလေးပါး

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၁၁)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(ACMECS) ထိပ်သီးအစည်းအဝေး အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၈

(၁၁)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(ACMECS) ထိပ်သီးအစည်းအဝေးကို ယနေ့ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ National Convention Center ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

အဆိုပါအစည်းအဝေးသို့ (၁၁)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(ACMECS) အလှည့်ကျဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အတူ ခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ACMECS အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအကြီးအကဲများ ဖြစ်ကြသည့်

စာမျက်နှာ ၃ ကော်လံ ၁ ❖



ACMECS အလှည့်ကျဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၁၁)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(ACMECS) ထိပ်သီးအစည်းအဝေး၌ အဖွင့်မိန့်ခွန်းပြောကြားစဉ်။

မတ္တရာမြို့နယ်၌ မြေတလိုင်းတိုက်နယ်ဆေးရုံ ပြန်လည်ဖွင့်လှစ်

မတ္တရာ နိုဝင်ဘာ ၂၈

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် မြေဟာသံကျေးရွာ အုပ်စု မြေတလိုင်းကျေးရွာရှိ တိုက်နယ်ဆေးရုံ ပြန်လည်ဖွင့်လှစ်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၆ ရက်က အဆိုပါဆေးရုံတွင် ပြုလုပ်ခဲ့ရာ

စာမျက်နှာ ၈ ကော်လံ ၄ ❐



ယနေ့ ဖတ်စရာ

တစ်နိုင်တစ်ပိုင် ရေတင်နှင့် လျှပ်စစ်စွမ်းအင် ပေါင်းစပ်စနစ်ဖြင့် မြန်မာ့လယ်ယာစိုက်ပျိုးရေးနှင့် နိုင်ငံတော်စီးပွားရေးကို အထောက်အကူပြုရေး ဆောင်းပါး စာ ၁၀

လာအိုဥ ဗီယက်နမ်၏ ရင်းနှီးမြှုပ်နှံမှုစုစုပေါင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၀၄ ဘီလီယံခန့်အထိ ရှိလာ နိုင်ငံတကာသတင်း စာ ၁၄

အမြင့်ဆုံး နေ့အပူချိန်များ (၂၈ - ၁၁ - ၂၀၂၆)

ထားဝယ်မြို့	၃၆ ဒသမ ၂	ဒီဂရီဆဲလ်စီးယပ်
ရေးမြို့	၃၆ ဒသမ ၀	ဒီဂရီဆဲလ်စီးယပ်
မြဝတီမြို့	၃၅ ဒသမ ၄	ဒီဂရီဆဲလ်စီးယပ်
ကော့ကရိတ်မြို့	၃၅ ဒသမ ၂	ဒီဂရီဆဲလ်စီးယပ်
ဘားအံမြို့	၃၅ ဒသမ ၀	ဒီဂရီဆဲလ်စီးယပ်
ဘီးလင်းမြို့	၃၅ ဒသမ ၀	ဒီဂရီဆဲလ်စီးယပ်
မော်လမြိုင်မြို့	၃၄ ဒသမ ၈	ဒီဂရီဆဲလ်စီးယပ်

နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၂၈

နိုဝင်ဘာ ၂၉ ရက်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/၈လ



မြန်မာ့အလင်း

အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီး၊ ကာကွယ် ကျူးလွန်သူကို ထိရောက်စွာအရေးယူ

အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုများကို ကြိုတင်ကာကွယ်ရန်နှင့် အဆုံးသတ်ရန် စုပေါင်းဆောင်ရွက်မှုများကို လှုံ့ဆော်ပေးသည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုသည် နိုဝင်ဘာလ ၂၅ ရက် (အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများအား အကြမ်းဖက်မှုပပျောက်ရေးနေ့)တွင် စတင်၍ ဒီဇင်ဘာလ ၁၀ ရက် (အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့) တွင် အဆုံးသတ်သော နှစ်စဉ်ကျင်းပသည့် နိုင်ငံတကာလှုပ်ရှားမှုတစ်ခု ဖြစ်သည်။ အဆိုပါလှုပ်ရှားမှုသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုကို ကြိုတင်ကာကွယ်ပြီး ပပျောက်စေရန်နှင့် ကျား/မ တန်းတူညီမျှမှုကိုဖြစ်တင်ရန် စုပေါင်းအရေးယူဆောင်ရွက်မှုများကို နှိုးဆော်ခြင်းပင်ဖြစ်သည်။

ယခုနှစ်အတွက် သတ်မှတ်ထားသည့် ကမ္ဘာလုံးဆိုင်ရာ ဆောင်ပုဒ်မှာ "UNITE to End Violence Against Women and Girls: Ensure Justice, Protect Survivors, End Impunity" "အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး စုပေါင်းအားဖြင့် ဆောင်ရွက်ပေး၊ တရားမျှတမှုဖြင့် ကာကွယ်ဖို့၊ ပြစ်ဒဏ်ကျေအေးခြင်းကို အဆုံးသတ်စို့" ဟူ၍ ဖြစ်သည်။ အဆိုပါဆောင်ပုဒ်က အကြမ်းဖက်မှုမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ခြင်း၊ အကြမ်းဖက်ခံရသူများကို အကာအကွယ်ပေးခြင်းနှင့် ဖြစ်မှုကျူးလွန်သူများကို လုံးဝသည်းခံခွင့်လွှတ်မှုမရှိရေးမှအစရ ဥပဒေဖြင့် ထိရောက်ဟန့်တားသည့် ပြစ်ဒဏ်ခံစားစေခြင်းတို့ကို တစ်ပြိုင်တည်း အလေးထားဆောင်ရွက်ရန် တိုက်တွန်းထားခြင်းဖြစ်သည်။ ဒီဂျစ်တယ်နှင့် နည်းပညာဆိုင်ရာ အကြမ်းဖက်မှုများဖြစ်သည့် အွန်လိုင်း ထိပါးနှောင့်ယှက်မှု၊ deepfakes နှင့် အမှန်းစကားများအပြင် စောင့်ကြည့်နောက်ယောင်ခံခြင်းနှင့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအထိ ကူးစက်လာနိုင်မှုများကိုတားဆီးရန်လည်း ရည်ရွယ်သည်။ ထို့အပြင် ပဋိပက္ခနှင့် အကျပ်အတည်းကာလများတွင်ပင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုကို လက်မခံရန်၊ အသက်ရှင်ကျန်ရစ်သူများကို ကာကွယ်ရန်နှင့် ဖြစ်မှုကျူးလွန်သူများကို အရေးယူရန် အလေးပေးဖော်ပြထားသည်။

ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီး ၃ ဦးလျှင် ၁ ဦးနှုန်း ခန့်မှန်းခြေအားဖြင့် သန်း ၈၄၀ ခန့်သည် ကိုယ်ထိလက်ရောက် သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ကြုံတွေ့နေရသော်လည်း အများစုမှာ တရားမျှတမှုကို မရရှိကြသည့် အခြေအနေတွင် ရှိနေကြသည်။ အကြမ်းဖက်ခံရသူများ၏ ၂၃ ရာခိုင်နှုန်းခန့်သာ အကူအညီတောင်းခံနိုင်ကြောင်း ကုလသမဂ္ဂ၏ အချက်အလက်များတွင် ဖော်ပြထားသည်။ ရန်ပုံငွေဖြတ်တောက်လျှော့ချခံရမှုများကြောင့် အကြမ်းဖက်ခံရသူများအတွက် မရှိမဖြစ်လိုအပ်သောဝန်ဆောင်မှုများ လျော့နည်းလာပြီး အမျိုးသမီးအခွင့်အရေး အဖွဲ့အစည်းများ၏ လုပ်ငန်းလည်ပတ်မှုများ အားနည်းလာသည်။ အွန်လိုင်းမှတစ်ဆင့် ဒီဂျစ်တယ်အကြမ်းဖက်မှုနှင့် ပြင်ပလောကရှိ အကြမ်းဖက်မှုများသည် တစ်ခုနှင့်တစ်ခု ဆက်စပ်အားဖြည့်ခံနေရာ နှစ်မျိုးစလုံးကို ကိုင်တွယ်ဖြေရှင်းရန်လိုအပ်သည်။

ယခုနှစ်၏ ၁၆ ရက်တာ လှုပ်ရှားမှုသည် အကြမ်းဖက်ခံရသူ အမျိုးသမီးများအတွက် တရားမျှတမှုဖော်ဆောင်ပေးသည့်အခေါ်ဖြင့် ဥပဒေများရှိရုံမကဘဲ လက်တွေ့ထိရောက်စွာ အကောင်အထည်ဖော်ရန်၊ အကြမ်းဖက်ခံရသူများ ဘေးကင်းလုံခြုံစွာ တိုင်ကြားနိုင်မည့် လမ်းကြောင်းများနှင့် ကုန်ကျစရိတ်သက်သာပြီး လက်လှမ်းမီသော ဥပဒေရေးရာ အထောက်အပံ့များ ဖန်တီးပေးရန်၊ အကြမ်းဖက်ခံရသူများကို ဗဟိုပြုသည့် (Survivor – centred) ချဉ်းကပ်မှုဖြင့် ၎င်းတို့၏ လုံခြုံရေး၊ ဂုဏ်သိက္ခာနှင့် ကိုယ်ရေးကိုယ်တာ လျှို့ဝှက်ချက်များကို ကာကွယ်ပေးရန်နှင့် ကျေးလက်ဒေသနေ အမျိုးသမီးများ၊ မသန်စွမ်း သူများအပါအဝင် အမျိုးသမီးအားလုံး အကာအကွယ်ရရှိစေရန်၊ အကြမ်းဖက်ပြစ်မှုကျူးလွန်သူများကို ထိရောက်စွာ အရေးယူအပြစ်ပေးရန်နှင့် အကြမ်းဖက်မှုများကိုတားဆီးရန် ပျက်ကွက်ခဲ့သည့် အဖွဲ့အစည်းဆိုင်ရာ အားနည်းချက်များကို တာဝန်ခံမှုရှိစေရန် ဟူသည့် အချက်များပေါ်တွင် အခြေခံထားသည်။

မြန်မာနိုင်ငံသည် နိုင်ငံအတွင်းတွင်ရှိသည့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးအခွင့်အရေးဖြင့်တင်ရေးနှင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံနှင့် အကြမ်းဖက်မှုမှ ကင်းဝေးစေရေးအတွက် ကုလသမဂ္ဂကချမှတ်ထားသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်ပန်းတိုင်များ၊ ကမ္ဘာ့အမျိုးသမီးညီလာခံနှင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များ၊ လုပ်ငန်းအစီအစဉ်များ၊ အာဆီယံအမျိုးသမီးရေးရာ ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို နိုင်ငံတော်၏မူဝါဒနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်နှင့်အညီ အမျိုးသမီးများကို အကြမ်းဖက်မှုမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး၊ အကြမ်းဖက်မှုကျူးလွန်ခံရသည့် အမျိုးသမီးများကို အကာအကွယ်ပေးရေးနှင့် အကြမ်းဖက်သူကျူးလွန်သူအား ထိရောက်စွာ အရေးယူအပြစ်ပေးရေးတို့ကို အလေးဂရုပြုဆောင်ရွက်ကြရပါမည်အကြောင်း။ ။



၂၈-၁၁-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၅ ဂရမ်)၏ ဈေးနှုန်းများမှာ ၆၉၀၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ



ညအပူချိန်များ အနည်းငယ်လျော့နည်း

နေပြည်တော် နိုဝင်ဘာ ၂၈ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။ မိုး/ဇလ

ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉ - ၁၁ - ၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၃၅၆၅	၃၈၂၀	၃၆၆၀	၃၅၈၀	၃၈၂၅	၃၈၆၀	၃၈၇၅	၃၆၅၀	၄၀၂၀	၄၀၅၀	၃၆၆၀	၃၈၀၀	၃၈၆၅	၃၈၂၀	၃၈၃၀	၃၉၆၀
95 Ron	၃၆၆၀	၃၈၃၅	၃၈၄၅	၃၆၆၅	၃၈၀၀	၃၈၀၅	၃၈၅၀	၃၈၂၅	၄၀၃၅	၄၀၂၅	၃၈၄၀	၃၈၀၀	၃၈၀၀	၃၈၃၅	၃၈၀၅	၄၀၀၅
HSD (500 ppm)	၃၉၂၀	၄၀၆၅	၄၀၂၀	၃၉၃၅	၄၀၁၀	၄၀၀၅	၄၀၀၀	၄၀၀၀	-	၄၃၀၀	၄၀၂၀	၄၆၂၀	၄၀၀၅	၄၀၆၅	၄၀၇၅	၄၂၀၅
HSD (50 ppm)	၄၀၅၀	၄၃၀၅	၄၀၈၅	၄၀၆၅	၄၃၀၅	၄၃၂၀	၄၃၀၅	၄၀၈၅	၅၂၀၀	၅၂၃၀	၄၀၈၅	၅၀၅၅	၄၃၀၅	၄၃၀၅	၄၃၀၅	၅၁၀၅
HSD (10 ppm)	၄၀၅၀	၄၃၀၅	၄၀၈၅	၄၀၆၅	၄၃၀၅	၄၃၂၀	၄၃၀၅	၄၀၈၅		၅၂၃၀	၄၀၈၅	၅၀၅၅	၄၃၀၅	၄၃၀၅	၄၃၀၅	၅၁၀၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၃၀၃	၃၄၀၄
95 Ron	၃၄၄၆	၃၅၄၈
HSD (500 ppm)	၃၀၂၀	၃၈၃၁
HSD (50 ppm)	၄၅၁၀	၄၆၃၀
HSD (10 ppm)	၄၅၁၀	၄၆၃၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂။ ၀၉-၆၈၀၅၈၉၈၈၈
စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာဖြင့်၊ နေစာဇော်ထွန်း
ဘာသာပြန်စာတည်း - ခြူးစန်ခွန်း၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင်ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် ခွန်ဖွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်- ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၄၁၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၄၁၁၄၃၊ ဖက်စ် ၀၆၇-၃၄၁၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၁၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၁၊ ဦးမံ ၀၁-၅၄၄၃၁၅၊ ဒွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၇၊ ၀၁- ၅၅၉၁၁၀၊ Fax ၀၁-၅၄၄၃၂၂၊ ၀၆၇-၃၄၁၁၄၀၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၀၊ Fax ၀၁-၈၆၀၃၅၄၀၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
mmalin.npt@gmail.com

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

E-paper

❖ ရှေ့ဖုံးမှ

ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစွတာ ဆလုံဆေး ကိုမာဆစ်၊ထိုင်းနိုင်ငံဝန်ကြီးချုပ်မစွတာ အနုတင်ချာဝီရကွန်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစွတာလေမင်ဟုန်နှင့် ACMECS အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ACMECS အလှည့်ကျဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် (၁၁)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ(ACMECS) ထိပ်သီးအစည်းအဝေးကို ကျင်းပပြုလုပ်ရာ ACMECS အလှည့်ကျဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်



ACMECS အလှည့်ကျဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၁၁)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(ACMECS) ထိပ်သီးအစည်းအဝေး၌ မိန့်ခွန်းပြောကြားစဉ်။



နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင် ACMECS အလှည့်ကျဥက္ကဋ္ဌတာဝန်အား ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစွတာ အနုတင် ချာဝီရကွန်ထံ လွှဲပြောင်းပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

- **ACMECS သည် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုအပြင် အဆိုပါဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုနှင့် အာဆီယံဒေသတွင်း ပေါင်းစည်းရေးတို့အကြား ချိတ်ဆက်မှုကိုလည်း ပိုမိုခိုင်မာစေပြီး အာဆီယံအသိုက်အဝန်း တည်ဆောက်ရေး လုပ်ငန်းစဉ်အပါအဝင် ပိုမို ကျယ်ပြန့်သည့် ဒေသဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများတွင် အရေးပါသည့် အခန်းကဏ္ဍ ၌ ပါဝင်လျက်ရှိ**
- **မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ သာယာဝပြောရေးနှင့် စဉ်ဆက်မပြတ် တည်ရှိမှုတို့အတွက် အဖွဲ့ဝင်နိုင်ငံအားလုံးအပါအဝင် ရည်မှန်းချက်တူညီသည့် မိတ်ဖက်နိုင်ငံများနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားရန် အပြည့်အဝ ကတိကဝတ်ပြု သန္နိဋ္ဌာန်ချမှတ်ထား**
- **ဒေသတွင်းပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားရေးနှင့်ခေတ်မီပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော ACMECS ဖြစ်လာစေရေး မျှော်မှန်းချက်ကိုမြင့်တင်ရန် မြန်မာနိုင်ငံအနေဖြင့် အထူးအလေးထားလျက်ရှိ**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က အဖွင့်မိန့်ခွန်းပြောကြားရာတွင် ယနေ့တွေ့ဆုံဆွေးနွေးမှုသည် ACMECS ပူးပေါင်းဆောင်ရွက်ရေးမူဘောင်အောက် မှတစ်ဆင့် မိမိတို့အနေဖြင့် အတူတကွကြိုးပမ်းရရှိခဲ့သည့် အောင်မြင်မှုရလဒ်များကို ပြန်လည်သုံးသပ်ရေး၊ မိမိတို့ ဒေသခွဲအတွက် မဟာဗျူဟာကျသည့် ဦးစားပေးအစီအစဉ်များအပေါ် အမြင်ချင်းဖလှယ်ရေး၊ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေးနှင့် ခိုင်မာအားကောင်း၍ ခေတ်မီပြီး ရေရှည်တည်တံ့သည့် ACMECS အသိုက်အဝန်းတစ်ခုတည်ဆောက်ရေးကိုရည်ရွယ်ပြီး ကျင်းပခြင်းဖြစ်သဖြင့် အရေးကြီးသည့် တွေ့ဆုံဆွေးနွေးမှုဖြစ်ကြောင်း။

ယနေ့ မိမိတို့တွေ့ဆုံကြသည့်အချိန်သည် ကမ္ဘာတစ်ဝန်း စိန်ခေါ်မှုများရှုပ်ထွေးများပြားလျက်ရှိပြီး ထောက်ပံ့ရေးကွင်းဆက်များ ထိခိုက်လွယ်သည့် အနေအထားဖြစ်သည့်အပြင် နည်းပညာများ တစ်ရှိန်ထိုးတိုးတက်ပြောင်းလဲနေသည့် အချိန်ကာလ တစ်ခုလည်းဖြစ်ကြောင်း၊ ထိုသို့လက်တွေ့ရင်ဆိုင်နေရသည့်အခြေအနေသည် မိမိတို့ဒေသအတွင်း ပိုမိုခိုင်မာအားကောင်းသည့် ပူးပေါင်းဆောင်ရွက်မှုနှင့် ကြံ့ကြံ့ခံနိုင်မှုကို ပြသကြရန် သတိပေးနေခြင်းဖြစ်ကြောင်း။

ယခုကဲ့သို့ အရေးကြီးသည့်လိုအပ်ချက်ကို ရှေးရှုပြီး မြန်မာနိုင်ငံ၏ ACMECS အလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ရာတွင် **"လူမှုစီးပွားဖွံ့ဖြိုးရေးကို တိုးမြှင့်ဖော်ဆောင်ကာ ခေတ်မီ၍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော အက်ခ်မက်ဒေသတည်ဆောက်ခြင်း"** ဆိုသည့် ခေါင်းစဉ်ဖြင့် ဦးဆောင်လမ်းညွှန်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အလှည့်ကျဥက္ကဋ္ဌ ဆောင်ပုဒ်ခေါင်းစဉ်သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လူမှုစီးပွားသာယာဝပြောရေး၊ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးနှင့် နည်းပညာမြင့်မားရေးတို့ကို ဒွန်တွဲဖော်ဆောင်သွားရန်ဆိုသည့် မိမိတို့၏ဘုံမျှော်မှန်းချက်ကို ထင်ဟပ်ဖော်ပြခြင်းဖြစ်ကြောင်း။

မိမိတို့၏ မျှော်မှန်းချက်များကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန်ဆိုပါက အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်မြင့်တင်ခြင်း၊ အရင်းအမြစ်ရှာဖွေစုဆောင်းခြင်းနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ခြင်းများမှတစ်ဆင့် ACMECS ၏ အဓိကကျသည့် ယန္တရားများကို ထိထိရောက်ရောက် လည်ပတ်နိုင်စေရန် အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခုတာကာလအတွင်း ACMECS သည် ရပ်ပိုင်းဆိုင်ရာချိတ်ဆက်မှုနှင့် ဒီဂျစ်တယ်နည်းပညာချိတ်ဆက်မှုကို မြှင့်တင်ပေးခြင်း၊ စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းစေခြင်း၊ ဒေသခွဲအတွင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ခြင်းတို့ဖြင့် ဒေသခွဲတစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ် မောင်းနှင်အားတစ်ခုအဖြစ် သက်သေထူနိုင်ခဲ့သည်ကိုလည်း တွေ့ရမည်ဖြစ်ကြောင်း။

ထို့အပြင် ACMECS သည် ဒေသခွဲဆိုင်ရာအခင်းအကျင်း၏ ဗဟိုချက်မအဖြစ် ရပ်တည်လျက်ရှိပြီး အဖွဲ့ဝင်နိုင်ငံများ၏ စုပေါင်းအင်အားကို ဖော်ဆောင်ပေးသည့်အပြင် ပိုမိုကျယ်ပြန့်သော ဒေသဆိုင်ရာ မူဘောင်အတွင်း၊ အထူးသဖြင့် ပြင်ပမိတ်ဖက်နိုင်ငံများနှင့် ထိတွေ့ဆက်ဆံရာတွင် အဖွဲ့ဝင်နိုင်ငံများ၏ ဘုံရပ်တည်ချက်နှင့် ညီညွတ်သည့်အသံကို ဖော်ဆောင်ပေးနိုင်သည့် တစ်ခုတည်းသော ဒေသခွဲဆိုင်ရာယန္တရားတစ်ခုဖြစ်သည်ကို မိမိတို့အနေဖြင့် မီးမောင်းထိုးပြလိုကြောင်း၊ ထို့အပြင် ACMECS သည် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုအပြင် အဆိုပါဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုနှင့် အာဆီယံဒေသတွင်း ပေါင်းစည်းရေးတို့အကြား ချိတ်ဆက်မှုကိုလည်း ပိုမိုခိုင်မာစေပြီး အာဆီယံအသိုက်အဝန်း တည်ဆောက်ရေး လုပ်ငန်းစဉ်အပါအဝင် ပိုမို ကျယ်ပြန့်သည့် ဒေသဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများတွင် အရေးပါသည့် အခန်းကဏ္ဍ၌ ပါဝင်လျက်ရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ သာယာဝပြောရေးနှင့် စဉ်ဆက်မပြတ် တည်ရှိမှုတို့အတွက် အဖွဲ့ဝင်နိုင်ငံအားလုံးအပါအဝင် ရည်မှန်းချက်တူညီသည့် မိတ်ဖက်နိုင်ငံများနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားရန် အပြည့်အဝ ကတိကဝတ်ပြု သန္နိဋ္ဌာန်ချမှတ်ထားရှိကြောင်း၊ မိမိတို့အားလုံး အတူတကွ လက်တွဲဆောင်ရွက်ကြမည်ဆိုပါက ဘုံရည်မှန်းချက်များကို လက်တွေ့အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် အစည်းအဝေးသည် အနာဂတ်ပူးပေါင်းဆောင်ရွက်မှုအတွက် ရှင်းလင်းပြတ်သားသည့် လမ်းညွှန်ချက်များ ချမှတ်ပေးနိုင်ရန်နှင့် ပိုမို အားကောင်းသည့် အရှိန်အဟုန်တစ်ခုကို ဖန်တီးပေးနိုင်မည်ဟု မိမိအနေဖြင့် မျှော်လင့်ကြောင်း ပြောကြားသည်။

ထို့နောက် (၁၁)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(ACMECS) ထိပ်သီးအစည်းအဝေး ဘာသာရပ်အစီအစဉ်အား အတည်ပြုကြသည်။

ဆက်လက်၍ **"လူမှုစီးပွားဖွံ့ဖြိုးရေးကို တိုးမြှင့်ဖော်ဆောင်ကာ ခေတ်မီ၍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော အက်ခ်မက်ဒေသ တည်ဆောက်ခြင်း"** ခေါင်းစဉ်ဖြင့် ACMECS ၏ဖြစ်ပေါ်တိုးတက်မှုများနှင့် အနာဂတ်ပူးပေါင်းဆောင်ရွက်မှုကို ACMECS အဖွဲ့ဝင်နိုင်ငံများ၏ အစိုးရအဖွဲ့အကြီးအကဲများ ဖြစ်ကြသည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်တို့က မိန့်ခွန်းများ အလှည့်ကျပြောကြားကြသည်။

ယင်းနောက် အလှည့်ကျဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က မိန့်ခွန်းပြောကြားရာတွင် ၂၀၃၃ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနိုင်ငံတို့မှ နိုင်ငံခြေခေါင်းဆောင်များသည် မြန်မာနိုင်ငံ ပုဂံမြို့တွင်တွေ့ဆုံပြီး ပုဂံကြေညာစာတမ်းကို ထုတ်ပြန်ကြေညာပြီး ACMECS ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ကို စတင်ခဲ့ကြောင်း၊ များပြားမိတွင် ဗီယက်နမ်နိုင်ငံသည် အဖွဲ့ဝင်ဖြစ်လာခဲ့ပြီး ACMECS ကို ပူးပေါင်းပါဝင် အားဖြည့်ခဲ့ကြောင်း။

ACMECS စတင်ဖွဲ့စည်းခဲ့ပြီးနောက် ပြီးခဲ့သည့် ဆယ်စုနှစ် နှစ်ခုတာ ကျော်လွန်သည့် ကာလအတွင်း မိမိတို့၏ဒေသတွင် ကြီးမားသည့်ပြောင်းလဲမှုများစွာ ဖြစ်ပေါ်ခဲ့ကြောင်း၊ သို့သော် ပုဂံကြေညာစာတမ်းပါ အခြေခံစံနှုန်းများနှင့် စိတ်ဓာတ်များသည် ယနေ့တိုင် ခေတ်နှင့်လျော်ညီနေဆဲပင်ဖြစ်ကြောင်း၊ အဆိုပါ ဘုံမျှော်မှန်းချက်များကို လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုနှင့် ပြည်သူများအတွက် သိသာထင်ရှားသည့် အကျိုးရလဒ်များအဖြစ် ပြောင်းလဲဖော်ဆောင်ပေးခြင်းအားဖြင့် အဆိုပါစိတ်ဓာတ်ကို ဆက်လက်လက်ဆင့်ကမ်း သယ်ဆောင်သွားရမည်ဖြစ်ကြောင်း။

အကြားအလပ်မရှိ ချိတ်ဆက်မှု၊ ထပ်တူကျသော ACMECS စီးပွားရေးနှင့် ခေတ်မီပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော ACMECS စသည့်မဏ္ဍိုင် (၃) ရပ်အောက်တွင်ရှိသည့် ပူးပေါင်းညှိနှိုင်းရေးကော်မတီများအနေဖြင့် *စာမျက်နှာ ၄ သို့*

စာမျက်နှာ ၃ မှ

သက်ဆိုင်ရာအစည်းအဝေးများကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်း။ စီမံကိန်းများကို အကောင်အထည် ဖော်ခြင်းအပါအဝင် တိုးတက်မှုများဖြစ်ထွန်းအောင် ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ချီးကျူးဂုဏ်ပြုသည်ကို ပြောကြားလိုက်ကြောင်း။

ဒေသတွင်းပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားရေးနှင့်ခေတ်မီပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်သော ACMECS ဖြစ်လာစေရေး မျှော်မှန်း ချက်ကိုမြင့်တင်ရန် မြန်မာနိုင်ငံအနေဖြင့် အထူး အလေးထားလျက်ရှိကြောင်း၊ အဆိုပါ မျှော်မှန်းချက် များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အချက်(၃) ချက်ကို တင်ပြဆွေးနွေးလိုကြောင်း။

ပထမအချက်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေး ဆောင်ရွက်ရန်အတွက် e-commerce platform တည်ထောင်ရန် အကြံပြုလိုကြောင်း၊ ယင်းသို့ တည်ထောင်ခြင်းအားဖြင့် ဒေသတွင်းထောက်ပံ့ ပို့ဆောင်ရေး ကွင်းဆက်ကို စုပေါင်းအားဖြင့် ပူးပေါင်း မြှင့်တင်ပြီး ဒေသတွင်းရှိ စီးပွားရေးလုပ်ငန်းများ ကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် အသိပညာဗဟုသုတမျှဝေခြင်း၊ နည်းပညာဆိုင်ရာ အကူအညီပေးခြင်း၊ စံချိန်စံညွှန်းများ ပေါင်းစပ် ညှိနှိုင်းခြင်းနှင့် ဈေးကွက်ဝင်ရောက်မှုရရှိခြင်းတို့ကို ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မိမိတို့သည် ဒေသ တစ်ခုလုံး၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ကိုလည်း ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း။

MSME လုပ်ငန်းများသည် ကမ္ဘာတစ်ဝန်းတွင် ရှိသည့် စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်း ခန့်နှင့် အလုပ်အကိုင်ရရှိမှု၏ ၅၀ ရာခိုင်နှုန်းကျော် ကို ယွမ်မိုးထားကြောင်း၊ MSME လုပ်ငန်းများ၏ မဟာဗျူဟာမြောက်အရေးပါမှုကို အသိအမှတ် ပြုရင်း မြန်မာနိုင်ငံအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် “ဒေသတစ်ခု ထုတ်ကုန် တစ်ခု” (One Region, One Product – OROP) အစီအစဉ်ကို အကောင်အထည်ဖော်ခြင်းအပါအဝင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားအဆင့် ကြိုးပမ်းအားထုတ်မှုများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၏ “ဒေသတစ်ခု ထုတ်ကုန်တစ်ခု” (OROP) အစီအစဉ်ကို ထိုင်းနိုင်ငံ၏ “ဒေသတစ်ခု ထုတ်ကုန်တစ်ခု” (OTOP) အစီအစဉ်နှင့် ဗီယက်နမ်နိုင်ငံ၏ “ကျေးရွာတစ်ခု ထုတ်ကုန်တစ်ခု” (OCOP) အစီအစဉ်အပါအဝင် ဒေသခွဲအတွင်းရှိ အခြားသော အလားတူ အစီအစဉ်များနှင့် ချိတ်ဆက် ဆောင်ရွက်သွားနိုင်မည့် အလားအလာများကို တွေ့ရှိ ရကြောင်း၊ ထို့ကြောင့် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အဆိုပါအစီအစဉ်များကို ချိတ်ဆက်ဆောင်ရွက်ရန်နှင့် ဒေသတွင်းကုန်သွယ်မှုတွင် MSME စီးပွားရေးလုပ်ငန်း များ ပေါင်းစည်းပါဝင်လာရေးကို မြှင့်တင်ပေးနိုင် မည့် လက်တွေ့ကျသည့်နည်းလမ်းများကို ရှာဖွေ ဖော်ထုတ်သွားကြရန် တိုက်တွန်းလိုကြောင်း။

ဒုတိယအချက်အနေဖြင့် ခေတ်မီပြီး စဉ်ဆက် မပြတ်ဖွံ့ဖြိုးတိုးတက်သော ACMECS ဖြစ်လာစေရေး အတွက် စားနပ်ရိက္ခာ၊ ရေနှင့် စွမ်းအင်ဖူလုံရေးကို အလေးပေးရန် တိုက်တွန်းလိုကြောင်း၊ စားနပ်ရိက္ခာ၊ ရေနှင့် စွမ်းအင်ဖူလုံရေးသည် အပြန်အလှန်ဆက်နွယ် လျက်ရှိပြီး မိမိတို့နိုင်ငံများ၏ ကြံ့ကြံ့ခံနိုင်စွမ်း၊ ဒေသ တွင်း တည်ငြိမ်ရေးနှင့်ပြည်သူများ၏ သာယာဝပြော ရေးတို့အတွက် မရှိမဖြစ်လိုအပ်လာကြောင်း၊ အဆိုပါ စိန်ခေါ်မှုများကို မည်သည့်နိုင်ငံကမှ တစ်နိုင်ငံတည်း ချဉ်းကပ်ဖြေရှင်းနိုင်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် စုပေါင်းကြံ့ကြံ့ခံနိုင်စွမ်းအတွက် လက်တွေ့ကျသည့် ပလက်ဖောင်းတစ်ခုအဖြစ် ACMECS ၏ အခန်းကဏ္ဍ ကို မြှင့်တင်ရမည်ဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများအကြား အသိပညာ၊ နည်းပညာနှင့် အလေ့အထကောင်း များကို မျှဝေခြင်းအပါအဝင် ဒေသတွင်း ထောက်ပံ့ ပို့ဆောင်ရေးကွင်းဆက်များကို အားကောင်းစေခြင်း၊ ရာသီဥတုဒဏ်ခံနိုင်သည့် စိုက်ပျိုးရေးစနစ်များနှင့်



ACMECS အလှည့်ကျဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

ခေတ်မီနည်းပညာနှင့် စိုက်ပျိုးရေးကိုမြှင့်တင်ခြင်း၊ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုနှင့် ယင်းနှင့် ဆက်နွယ်ဖြစ်ပေါ်သည့် သဘာဝဘေးအန္တရာယ် စိန်ခေါ်မှုများကို ဖြေရှင်းရေးတို့အတွက် ရေအရင်း အမြစ်စီမံခန့်ခွဲခြင်းနှင့် သန့်ရှင်းသော စွမ်းအင် အသွင်ကူးပြောင်းမှုကို အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း တို့မှတစ်ဆင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက် သွားရန် တိုက်တွန်းလိုကြောင်း။

ယင်းသို့ အကောင်အထည်ဖော်ရာတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရင်း ACMECS နှင့် အခြားသောသက်ဆိုင်ရာ ဒေသတွင်း၊ ဒေသခွဲပူးပေါင်းဆောင်ရွက်ရေး မူဘောင်များအကြား ဟန်ချက်ညီညီ ပေါင်းစပ် ဆောင်ရွက်မှုကိုလည်း မြှင့်တင်ဆောင်ရွက်သွားရ မည်ဖြစ်ကြောင်း။

တတိယအချက်အနေဖြင့် အခြေခံအဆောက် အအုံများ ချိတ်ဆက်မှု၊ ဒီဂျစ်တယ်နည်းပညာများဖြင့် ချိတ်ဆက်မှုနှင့် အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှု (၃) ခုကို ခိုင်မာအားကောင်းအောင် ဆောင်ရွက်သွား ရန်ဖြစ်ကြောင်း၊ သယ်ယူပို့ဆောင်ရေး အခြေခံ အဆောက်အအုံချိတ်ဆက်မှုသာမက ဒီဂျစ်တယ် ကွန်ရက်ချိတ်ဆက်မှု၊ အဖွဲ့အစည်းဆိုင်ရာနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အတားအဆီးများကို ဖြေရှင်းပေးခြင်းတို့သည် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံရေးနှင့် ဆိုက်ဘာ လုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်မှုတို့တွင် မရှိ မဖြစ်လိုအပ်ပြီး စစ်မှန်သည့် ဒေသတွင်း ချိတ်ဆက်မှု ကိုလည်း ရရှိစေမည်ဖြစ်ကြောင်း။

အဖွဲ့အစည်းဆိုင်ရာအဆင့်တွင် ဆက်လက် ဆောင်ရွက်သွားမည့် ACMECS ပင်မစီမံချက် ရေးဆွဲ ရေးအတွက် လက်ရှိကြိုးပမ်းဆောင်ရွက်မှုများကို ကြိုဆိုပြီး အနာဂတ် ပူးပေါင်းဆောင်ရွက်မှုအတွက် မဟာဗျူဟာမြောက် လမ်းပြမြေပုံအဖြစ် အချိန်မီ အပြီးသတ် အတည်ပြုချမှတ်သွားနိုင်မည်ဟု မျှော်လင့်မိကြောင်း၊ ACMECS ပင်မစီမံချက်အသစ် သည် ပေါ်ပေါက်လာသည့် စိန်ခေါ်မှုများကို တုံ့ပြန် ဖြေရှင်းရန်နှင့် မိမိတို့၏ ဒေသတွင်း ဦးစားပေး လုပ်ငန်းများကို ထင်ဟပ်စေရမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ACMECS ယာယီအတွင်းရေးမှူး ရုံးကို အားကောင်းစေရေးအတွက် ကြိုးပမ်းမှုများ ကိုလည်းထောက်ခံပြီး အက်ခ်မက် ဦးစားပေး စီမံ ကိန်းများစာရင်းကို ပြန်လည်သုံးသပ်ပြင်ဆင်မွမ်းမံ ရန် အကြံပြုချက်ကိုကြိုဆိုကြောင်း၊ အဆိုပါအချက် များသည် အဖွဲ့အစည်းဆိုင်ရာ ထိရောက်မှုကို မြှင့်တင်ရာတွင်လည်း အရေးပါခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့်“ ACMECS ဦးစား ပေးစီမံကိန်းများ ပြန်လည်သုံးသပ်ရေး အထူး လုပ်ငန်းအဖွဲ့၏ လုပ်ငန်းလမ်းညွှန်” ကို ACMECS အရာရှိကြီးများ အစည်းအဝေးမှ ထောက်ခံခဲ့ခြင်း နှင့် ယခုထိပ်သီးအစည်းအဝေးတွင် အတည်ပြု ထုတ်ပြန်မှုအပေါ် နိုင်ငံခေါင်းဆောင်များ၏ အပြည့် အဝထောက်ခံမှုကို ကြိုဆိုကြောင်း။

မိမိတို့၏ ဘုံမျှော်မှန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ခိုင်မာသည့် နိုင်ငံရေးကတိကဝတ်နှင့် စနစ်ကျသည့် အဖွဲ့အစည်း ဆိုင်ရာ အစီအမံများသာမက လုံလောက်၍ မှန်းဆ တွက်ချက်နိုင်ပြီး ရေရှည်တည်တံ့သည့် ဘဏ္ဍာရေး အထောက်အပံ့များလည်းလိုအပ်ကြောင်း၊ မြန်မာ နိုင်ငံအနေဖြင့် အရင်းအမြစ်များကို စုစည်းပြီး ဦးစားပေးစီမံကိန်းများ အကောင်အထည်ဖော်မှု ကို ပံ့ပိုးရန်အတွက် အရေးပါသောယန္တရားတစ်ခု ဖြစ်သည့် ACMECS ဖွံ့ဖြိုးမှုရန်ပုံငွေ (ACMDF) ထူထောင်ရေးကို အထူးအလေးထားလျက်ရှိကြောင်း၊ ရန်ပုံငွေထူထောင်ရေးလုပ်ငန်းစဉ်များကို တိုးတက် အောင် ဆောင်ရွက်လျက်ရှိသည့် အက်ခ်မက် ဘဏ္ဍာ ရေးဆိုင်ရာ အရာရှိကြီးများ အစည်းအဝေး၏ လက်ရှိကြိုးပမ်းအားထုတ်မှုများကိုလည်း အသိ အမှတ်ပြုသည်ကို ပြောကြားလိုကြောင်း၊ ACMECS ဖွံ့ဖြိုးမှုရန်ပုံငွေကို အမြန်ဆုံး ထူထောင်နိုင်ရေး အတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် လုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း၊ အဖွဲ့ဝင်နိုင်ငံများနှင့် ဖွံ့ဖြိုး တိုးတက်မှုမိတ်ဖက်များအနေဖြင့်လည်း ထည့်ဝင်မှု များနှင့် ပံ့ပိုးကူညီမှုများကို ဆက်လက်ပြုလုပ်သွား ကြရန်လည်း တိုက်တွန်းအပ်ပါကြောင်း ပြောကြား သည်။

ထို့နောက် အစည်းအဝေးတွင် ထုတ်ပြန်မည့် (၁၁)ကြိမ်မြောက် ဇရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ၏ နေပြည်တော် ကြေညာစာတမ်းနှင့် ACMECS ဦးစားပေးစီမံကိန်းများ ပြန်လည်သုံးသပ် ရေး အထူးလုပ်ငန်းအဖွဲ့ဆိုင်ရာ လုပ်ငန်းလမ်းညွှန် တို့အား အတည်ပြုကြသည်။

ယင်းနောက် အလှည့်ကျဥက္ကဋ္ဌ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက နိဂုံးချုပ်မိန့်ခွန်းပြောကြားရာတွင် တန်ဖိုးရှိသည့် အကြံဉာဏ်များနှင့် အဖြင်များကို ဖလှယ်ကြရင်း တက်တက်ကြွကြွ ပါဝင်ဆွေးနွေးခဲ့ကြသည့်အတွက် အက်ခ်မက် အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များ အားလုံးကို မိမိအနေဖြင့် ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ACMECS အလှည့်ကျဥက္ကဋ္ဌတာဝန် ထမ်းဆောင်စဉ် အတွင်း၌ လက်တွေ့ပူးပေါင်းဆောင်ရွက်မှု မြှင့်တင် နိုင်ရေး၊ ချိတ်ဆက်မှုပိုမိုအားကောင်းရေး၊ အားလုံး ပါဝင်သော ဖွံ့ဖြိုးတိုးတက်မှုကို စဉ်ဆက်မပြတ် ဖော်ဆောင်နိုင်ရေးနှင့် ရင်ဆိုင်ကြုံတွေ့ရသည့် စိန်ခေါ်မှုအသစ်များကြားတွင် ကြံ့ကြံ့ခံနိုင်မှုရှိရေး တို့အတွက် နည်းလမ်းများ ကြိုးပမ်းရှာဖွေခဲ့ကြောင်း။

မိမိတို့ရှေ့တွင် အခက်အခဲစိန်ခေါ်မှုများ ရှိနေ လင့်ကစား ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက် မြှင့်တင်သွားကြမည်ဆိုသည့် ခိုင်မာသောဆုံးဖြတ် ချက်တစ်ခုရှိနေသည်ကို ယနေ့ထိပ်သီးအစည်းအဝေး ၏ ဆွေးနွေးမှုများက သက်သေပြခဲ့ကြောင်း၊ ACMECS ၏အောင်မြင်မှုသည် မိမိတို့မည်သည်ကို ဆုံးဖြတ်ချက်ချလဲဆိုသည့် အချက်အပေါ်မှာပင် မူတည်နေခြင်းမဟုတ်ကြောင်း၊ ယခုဆုံးဖြတ်ချက် များကို လက်တွေ့ မည်သို့အကောင်အထည်ဖော် သလဲဆိုသည့် မိမိတို့၏ဖွမ်းဆောင်မှုအပေါ်တွင်ပါ မူတည်နေကြောင်း။

မိမိတို့အနေဖြင့် အက်ခ်မက် ပူးပေါင်းဆောင်ရွက် မှု၏ ဖြစ်ပေါ်တိုးတက်မှုကို ပြန်လည်သုံးသပ်ပြီး ပို၍ တောက်ပသည့် အနာဂတ်ဆီသို့ မျှော်မှန်းရာတွင် ပုဂံကြေညာစာတမ်း၏ မျှော်မှန်းချက်နှင့် စိတ်ဓာတ် ကို လမ်းညွှန်ချက်အနေဖြင့် ဆောင်ရွက်သွားကြရ မည်ဖြစ်ကြောင်း၊ မိမိတို့၏ရှေ့မှောက်တွင် ကြီးမား သည့်စိန်ခေါ်မှုများ ရှိနေသကဲ့သို့ စည်းလုံးညီညွတ်မှု၊ အပြန်အလှန် ယုံကြည်မှုနှင့် အားလုံးပူးပေါင်း ဆောင်ရွက်မှုတို့မှတစ်ဆင့် ဖန်တီးနိုင်မည့် အခွင့် အလမ်းများလည်း များစွာရှိနေကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အက်ခ်မက်၏ ဘုံဦးစား ပေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရန်၊ မိတ်ဖက်ပြုပူးပေါင်းဆောင်ရွက်မှုများကို ခိုင်မာစေ ရန်နှင့် ပို၍ချိတ်ဆက်မှုရှိကာ ကြံ့ကြံ့ခံနိုင်ပြီး စဉ်ဆက် မပြတ် ဖွံ့ဖြိုးတိုးတက်သည့် ဒေသခွဲတစ်ခုကို တည်ဆောက်ရန်အတွက် အက်ခ်မက်အဖွဲ့ဝင်နိုင်ငံ အားလုံးနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန် အဆင်သင့်ရှိကြောင်း၊ ထို့ကြောင့် ယနေ့ဖော်ဆောင် နေသည့် သာယာဝပြောမှုနှင့် တိုးတက်မှုများသည် နောင်လာနောက်သား မျိုးဆက်သစ်များအတွက် ပိုမိုခိုင်မာသည့် အခြေခံအုတ်မြစ်တစ်ခု ဖြစ်လာစေ ရေး အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်သွား ကြပါစို့ဟု တိုက်တွန်းအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ACMECS အလှည့်ကျဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်က အလှည့်ကျဥက္ကဋ္ဌ တာဝန်အား ထိုင်းနိုင်ငံ ဝန်ကြီးချုပ်မစ္စတာ အနုတင ချာဝီရကွန်ထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တော် နိုင်ငံတော်သမ္မတ က ACMECS အလှည့်ကျ ဥက္ကဋ္ဌ တာဝန်လွှဲပြောင်းပေးအပ်မှုနှင့် ပတ်သက်၍ လည်းကောင်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်က ACMECS အလှည့်ကျဥက္ကဋ္ဌ တာဝန်လွှဲပြောင်းမှုကို လက်ခံ သည့် အထိမ်းအမှတ်အဖြစ်လည်းကောင်း မိန့်ခွန်း များပြောကြားကြပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

(၁၂)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (CLMV) ထိပ်သီးအစည်းအဝေးကျင်းပ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၈

(၁၂)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (CLMV) ထိပ်သီးအစည်းအဝေးကို ယနေ့ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ National Convention Center ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ဆွေးနွေးသည်။

ဦးစွာ CLMV အလှည့်ကျဥက္ကဋ္ဌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် CLMV အဖွဲ့ဝင်နိုင်ငံများမှ အဖွဲ့ခေါင်းဆောင်များအား တစ်ဦးချင်းရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ယင်းနောက် နိုင်ငံတော်သမ္မတနှင့် CLMV အဖွဲ့ဝင်နိုင်ငံများမှ အဖွဲ့ခေါင်းဆောင်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် (၁၂)ကြိမ်မြောက် "CLMV ပူးပေါင်းဆောင်ရွက်မှု၏ အနာဂတ်ကို ပုံဖော်ခြင်းအခန်းကဏ္ဍနှင့် မဟာဗျူဟာမြောက် ဦးတည်ချက်များ" ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သည့် CLMV ထိပ်သီးအစည်းအဝေး၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်သည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၁၂)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (CLMV) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား CLMV အလှည့်ကျဥက္ကဋ္ဌ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လေမင်ဟုန် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

- CLMV ပူးပေါင်းဆောင်ရွက်မှုကို အာဆီယံပေါင်းစည်းရေး ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် (IAI)နှင့် ပိုမိုချိတ်ဆက်ဆောင်ရွက်သွားရန် မြန်မာနိုင်ငံအနေဖြင့် အပြည့်အဝထောက်ခံ
- အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးတွင် CLMV သည် လက်တွေ့ကျကျ အားဖြည့်ပေးနေသကဲ့သို့ အာဆီယံ၏ ခိုင်မာသည့်မဏ္ဍိုင်တစ်ခုအဖြစ်လည်း ဆက်လက်ရပ်တည်လျက်ရှိ
- အာဆီယံ၏ ဖွံ့ဖြိုးမှုအစီအစဉ်များတွင် CLMV ကို ဦးစားပေးတစ်ရပ်အနေဖြင့် ဆက်လက်ထည့်သွင်းစဉ်းစားဆောင်ရွက်သွားကြရန် တိုက်တွန်းလို

ဆက်လက်ပြီး "CLMV နိုင်ငံများအကြား ချိတ်ဆက်ဆောင်ရွက်ခြင်း၊ အလားအလာများကို အကျိုးရှိစွာ အသုံးချခြင်းနှင့် သာယာဝပြောသော အနာဂတ်တစ်ခု တည်ဆောက်ခြင်း" ခေါင်းစဉ်ဖြင့် CLMV ထိပ်သီးအစည်းအဝေး၏ မျက်နှာစုံညီအစည်းအဝေးကို ကျင်းပပြုလုပ်ရာ ဦးစွာ CLMV အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး CLMV အလှည့်ကျဥက္ကဋ္ဌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လေမင်ဟုန်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆလုံဆေးကိုမာဆစ်နှင့် အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာကောင်ကင်ဟွန်း၊ ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ CLMV အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ယင်းနောက် CLMV ထိပ်သီးအစည်းအဝေး၏ မျက်နှာစုံညီအစည်းအဝေးကို စတင်ကျင်းပပြုလုပ်ရာ အလှည့်ကျဥက္ကဋ္ဌ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်က အဖွင့်မိန့်ခွန်းပြောကြားပြီး အစည်းအဝေးအစီအစဉ်ကို အတည်ပြုသည်။

ထို့နောက် တက်ရောက်လာကြသည့် CLMV အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံအကြီးအကဲနှင့် အစိုးရအကြီးအကဲများက "CLMV ပူးပေါင်းဆောင်ရွက်မှု အဆင့်သစ်တွင် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဦးစားပေးအစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ချိတ်ဆက်မှုမြှင့်တင်ခြင်းနှင့် အရင်းအမြစ်များကို ထိရောက်စွာစုစည်းအသုံးချခြင်း" ခေါင်းစဉ်ဖြင့် အကျဉ်းချုပ်အလိုက် အလှည့်ကျဆွေးနွေးပြောကြားကြသည်။

ထိုသို့ပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က CLMV ပူးပေါင်းဆောင်ရွက်မှုသည် လွန်ခဲ့သည့်နှစ်ပေါင်း (၂၀)ကျော်ကတည်းက မိမိတို့(၄)နိုင်ငံအကြား စီးပွားရေးချိတ်ဆက်မှုအားကောင်းလာစေရေး၊ အတူတကွသာယာဝပြောရေးနှင့် အာဆီယံအတွင်း ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းရေးတို့အတွက် အရေးပါသည့်ပူးပေါင်းဆောင်ရွက်မှုမူဘောင် တစ်ခုအဖြစ် ရပ်တည်လာခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့အရေးပါသည့် ပူးပေါင်းဆောင်ရွက်မှုမူဘောင်ကိုရရှိထားပြီးဖြစ်သည့် အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းပြီး ပြောင်းလဲနေသည့် ဒေသတွင်းနှင့် နိုင်ငံတကာအခြေအနေများနှင့် ချိန်ဆကာ ပိုမိုထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှု မူဘောင် တစ်ရပ်ဖြစ်လာအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

လက်ရှိ ကမ္ဘာ့စီးပွားရေးနှင့် ပထဝီနိုင်ငံရေး အခြေအနေ၊ နိုင်ငံတကာကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စိန်ခေါ်မှုများအပြင် နည်းပညာများ တစ်ရှိန်ထိုး တိုးတက်လာမှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များသည် စိန်ခေါ်မှုများကို ယူဆောင်လာသကဲ့သို့ မိမိတို့(၄)နိုင်ငံအကြား လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အခွင့်အလမ်းကောင်းများလည်း ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့တစ်နိုင်ငံချင်းစီတွင် ရှိသည့် အားနည်းချက်၊ အားသာချက်များကို အပြန်အလှန် ဖြည့်ဆည်းပေးနိုင်မည့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအားကောင်းအောင် တည်ဆောက်သွားကြရန်လိုအပ်ကြောင်း။

ပထမဦးစွာချိတ်ဆက်မှုမြှင့်တင်ရေးကို ဆွေးနွေးလိုကြောင်း၊ ချိတ်ဆက်မှုဆိုင်ရာတွင် လမ်း၊ တံတားနှင့်အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းကို သာဆိုလိုခြင်းမဟုတ်ကြောင်း၊ မိမိတို့ နိုင်ငံအသီးသီးတွင်ရှိသည့် စီးပွားရေးလုပ်ငန်းများအချင်းချင်း ပိုမို ချိတ်ဆက်နိုင်ရေး၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ လွယ်ကူလျင်မြန်စွာစီးဆင်းနိုင်ရေး၊ နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုများ အဆင်ပြေချောမွေ့ရေး၊ ဈေးကွက်များ ပိုမိုလက်လှမ်းမီနိုင်ရေး၊ ဒီဂျစ်တယ်နည်းပညာနှင့် သတင်းအချက်အလက်များ ဖလှယ်နိုင်ရေးနှင့် ပြည်သူများအကြား ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာစေရေးတို့လည်း ပါဝင်ကြောင်း။

မိမိတို့ CLMV (၄) နိုင်ငံသည် ပထဝီဝင်အနေအထားအရ နီးကပ်စွာတည်ရှိမှု၊ သဘာဝသယံဇာတ ပေါကြွယ်ဝမှုနှင့် လုပ်သားအင်အားများစွာရှိနေမှု စသည့်အားသာချက်များရှိနေကြောင်း၊ အဆိုပါ အားသာချက်များနှင့်အတူ ဒေသတွင်းကုန်ထုတ်လုပ်မှုနှင့် ထောက်ပံ့မှုကွင်းဆက်များ အားကောင်းလာစေရေး၊ အကျိုးဖြစ်ထွန်းသည့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေးနှင့် အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းသစ်များ ဖော်ဆောင်ပေးနိုင်ရေးတို့ကို အလေးထားဆောင်ရွက်သွားနိုင်မည်ဆိုပါက CLMV ဒေသခွဲသည် ပိုမိုကျယ်ပြန့်သည့် ဒေသတွင်းနှင့် ကမ္ဘာ့ဈေးကွက်များကို ချိတ်ဆက်ပေးနိုင်သည့် အရေးပါသော စီးပွားရေးဗဟိုချက်မတစ်ခုဖြစ်လာနိုင်ကြောင်း။

ယင်းနှင့်ဆက်စပ်ပြီး ဗီယက်နမ်နိုင်ငံမှ အဆိုပြုထားသည့် "CLMV နိုင်ငံများအကြား ခေတ်မီကုန်းတွင်းဆိပ်ကမ်းစကြံအစီအစဉ်" ကို မြန်မာနိုင်ငံအနေဖြင့် အပြည့်အဝ အားပေးထောက်ခံသည်ကို ပြောကြားလိုကြောင်း၊ ဗီယက်နမ်နိုင်ငံက အဆိုပြုထားသည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံများအကြား ခေတ်မီကုန်းတွင်းဆိပ်ကမ်းစကြံအစီအစဉ်တွင် ကုန်းတွင်းဆိပ်ကမ်း ၄၅ ခု ပါဝင်ပြီး မြန်မာနိုင်ငံမှ ၈ ခုပါရှိကြောင်း၊ ထို့အပြင်မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်

စာမျက်နှာ ၆ သို့

စာမျက်နှာ ၅ မှ

ထားဝယ်ရေနက်ဆိပ်ကမ်းသည်လည်း အိန္ဒိယသမုဒ္ဒရာကိုဖြတ်ပြီး ဥရောပနိုင်ငံများသို့ ရေကြောင်းသယ်ယူပို့ဆောင်ရေးအတွက် မဟာဗျူဟာမြောက်အရေးပါလာမည့် နေရာတစ်ခုဖြစ်ကြောင်း၊ မဟာမဲခေါင်ဒေသခွဲ တောင်ပိုင်းစီးပွားရေးစင်္ကြံ (Southern Economic Corridor- SEC) သည် ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်တို့ကို ချိတ်ဆက်နိုင်ကြောင်း၊ လာအိုနိုင်ငံအနေဖြင့်လည်း မဟာမဲခေါင်ဒေသခွဲ တောင်-မြောက် စီးပွားရေးစင်္ကြံ (North-South Economic Corridor- NSEC) ကို အသုံးပြုပြီး တောင်ပိုင်းစီးပွားရေးစင်္ကြံ (Southern Economic Corridor- SEC) ကို ချိတ်ဆက်၍ ထားဝယ်ရေနက်ဆိပ်ကမ်းကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း။

ထို့အပြင် ဗီယက်နမ်နိုင်ငံမှ အဆိုပြုထားသည့် “CLMV နိုင်ငံများအကြား ခေတ်မီကုန်းတွင်းဆိပ်ကမ်းစင်္ကြံအစီအစဉ်” သည်လည်း အဆိုပါစီးပွားရေးစင်္ကြံလမ်းကြောင်းများမှတစ်ဆင့် ထားဝယ်ရေနက်ဆိပ်ကမ်းကိုအသုံးပြုပြီး ကုန်သွယ်မှုပြုလုပ်ခြင်းအားဖြင့် ဒေသတွင်းစီးပွားရေး ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ကြောင်း၊ ထပ်မံ၍ ဒေသတွင်းချိတ်ဆက်မှုလမ်းကြောင်းအနေဖြင့် မြန်မာနိုင်ငံကပါဝင်ဆောင်ရွက်နေသည့် အိန္ဒိယ-မြန်မာ-ထိုင်း အဝေးပြေးလမ်းမကြီး (India–Myanmar–Thailand Trilateral Highway- IMT) ကို မဟာမဲခေါင်ဒေသခွဲ အရှေ့-အနောက်စီးပွားရေးစင်္ကြံ (East-West Economic Corridor-EWEC)နှင့် ချိတ်ဆက်ပြီးလည်း ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံများကို ဆက်သွယ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ထို့အပြင် သီလဝါအထူးစီးပွားရေးဇုန် စက်မှုဆိပ်ကမ်းကို ပြည်တွင်းအမြန်လမ်းကွန်ရက်၊ မဟာမဲခေါင်ဒေသခွဲ အရှေ့-အနောက်စီးပွားရေးစင်္ကြံတို့နှင့် ချိတ်ဆက်ပြီး CLMV နိုင်ငံများအကြား ကုန်သွယ်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကဲ့သို့ အိန္ဒိယ-မြန်မာ-ထိုင်း အဝေးပြေး လမ်းမကြီးနှင့် မဟာမဲခေါင်ဒေသခွဲစီးပွားရေးစင်္ကြံများကို ချိတ်ဆက် အသုံးပြုခြင်းအားဖြင့် မိမိတို့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံများသည် ကြီးမားကျယ်ပြန့်သည့် အိန္ဒိယစျေးကွက်ကို တိုက်ရိုက်ဝင်ရောက်နိုင်သည့် အခွင့်အရေးတစ်ရပ်ကိုလည်း ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံဖြတ်ကျော် ကုန်စည်သယ်ယူပို့ဆောင်ရေး ပိုမိုချောမွေ့လာပြီး ဒေသတွင်းထောက်ပံ့ပို့ဆောင်ရေးကွင်းဆက် (Regional Supply Chain)တွင် CLMV နိုင်ငံများ၏ ပူးပေါင်းပါဝင်မှု အားကောင်းလာစေမည်ဖြစ်သည့်အတွက် အဆိုပါစင်္ကြံများ ဖွံ့ဖြိုးတိုးတက်ရေး မိမိတို့နိုင်ငံများအကြား အပြန်အလှန်ချိတ်ဆက်မှုများကို အဆင့်မြှင့်တင်ရန် တိုက်တွန်းပြောကြားလိုပါကြောင်း။



(၁၂)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (CLMV) ထိပ်သီးအစည်းအဝေး၌ CLMV အလှည့်ကျဥက္ကဋ္ဌ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ လေမင်ဟုန် မိန့်ခွန်းပြောကြားစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအကြီးအကဲများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

ဒုတိယအချက်အနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရင်းအမြစ်များကို ထိရောက်စွာ စုစည်းအသုံးချနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရန်ဖြစ်ကြောင်း၊ CLMV ၏ ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးအစီအစဉ်များသည် အဖွဲ့ဝင်(၄)နိုင်ငံအတွက်သာ ဦးတည်ခြင်းမဟုတ်ကြောင်း၊ ဒေသတွင်းပေါင်းစည်းမှု ပိုမိုအားကောင်းလာစေရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အားလုံးအတွက် မျှဝေခံစားနိုင်သည့် စီးပွားရေးသာယာဝပြောမှုကို ဖော်ဆောင်ရေးဆိုသည့် ပိုမိုကျယ်ပြန့်သည့် ရည်မှန်းချက်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့အစည်းအဝေးတွင် မိမိတို့နှင့်အတူ တက်ရောက်လာကြသည့် အာဆီယံအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးမှု မိတ်ဖက်နိုင်ငံများမှ ကိုယ်စားလှယ်များကိုလည်း CLMV ပူးပေါင်းဆောင်ရွက်မှုများတွင် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် CLMV ၏ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် လိုအပ်သည့် နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့များကို ကူညီပံ့ပိုးပေးကြရန် အလေးအနက် ဖိတ်ခေါ်အပ်ကြောင်း။

မြန်မာနိုင်ငံသည် CLMV ပူးပေါင်းဆောင်ရွက်မှု အောက်တွင် စိုက်ပျိုးရေး၊ စက်မှုနှင့် စွမ်းအင်ကဏ္ဍများ၌ ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါကဏ္ဍများသည် မိမိတို့ဒေသခွဲ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့်ကဏ္ဍများဖြစ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် သမားရိုးကျ စိုက်ပျိုးရေးမှတစ်ဆင့် ခေတ်မီစိုက်ပျိုးရေးနည်းပညာနှင့် တန်ဖိုးဖြင့်ထုတ်လုပ်မှုစနစ်များဆီ တဖြည်းဖြည်းကူးပြောင်းနိုင်ရန်နှင့် စိုက်ပျိုးရေးထုတ်ကုန်များကို အရည်အသွေးဖြင့်တင်ခြင်းနှင့် စျေးကွက်ချိတ်ဆက်မှု တိုးမြှင့်ခြင်းတို့ကို ဆောင်ရွက်သွားနိုင်ရန် မျှော်လင့်ကြောင်း၊ အလားတူ စက်မှုကဏ္ဍတွင်လည်း မိမိတို့နိုင်ငံများ၏ ကုန်ကြမ်းနှင့် သဘာဝအရင်းအမြစ်များကို တန်ဖိုးဖြင့်ထုတ်လုပ်နိုင်ရန်နှင့် ဒေသတွင်းကုန်ထုတ်လုပ်မှု ကွင်းဆက်များတွင် ပိုမိုပါဝင်နိုင်ရန် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စွမ်းအင်ကဏ္ဍတွင်လည်း စွမ်းအင်အရင်းအမြစ်များကို ထိရောက်စွာအသုံးချရေး၊ စွမ်းအင်အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လိုအပ်သည့် နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများရရှိရေးတို့ကို အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ စွမ်းအင်ပူးပေါင်းမှုသည် စက်မှုဖွံ့ဖြိုးရေးနှင့် စီးပွားရေးတိုးတက်မှုအတွက် အခြေခံလိုအပ်ချက်ဖြစ်ခြင်းကြောင့် ယခုကဏ္ဍတွင် CLMV အဖွဲ့ဝင်နိုင်ငံများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများအကြား နည်းပညာနှင့် အတွေ့အကြုံကောင်းများ ဖလှယ်ခြင်းကို တိုးမြှင့်ဆောင်ရွက်သွားရန် တိုက်တွန်းအပ်ပါကြောင်း။

တစ်ဖက်တွင်လည်း မိမိတို့(၄)နိုင်ငံ၏ ကြွယ်ဝသည့် ယဉ်ကျေးမှုအမွေအနှစ်များနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အလားအလာများကို အကျိုးရှိရှိ



CLMV အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

ပေါင်းစပ်အသုံးချနိုင်မည်ဆိုပါက ပြည်သူအချင်းချင်း ပိုမိုနီးကပ်စွာ ချိတ်ဆက်နိုင်သကဲ့သို့ ဒေသတွင်း စီးပွားရေးအခွင့်အလမ်းများကိုလည်း ပိုမိုတိုးချဲ့ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဗီယက်နမ်နိုင်ငံမှ အဆိုပြုထားသည့် “CLMV နိုင်ငံများအကြား ယဉ်ကျေးမှုအမွေအနှစ် ခရီးစဉ်အစီအစဉ်” ကို မြန်မာနိုင်ငံအနေဖြင့် ကြိုဆိုသည်ကို ပြောကြားလိုကြောင်း၊ ထိုအစီအစဉ်ကို ခရီးသွားလုပ်ငန်းဖြင့်တင်ရေး သက်သက်မဟုတ်ဘဲ မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းဖြင့်တင်ရင်း ပြည်သူအချင်းချင်းနားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို ပိုမို နိုင်ငံဝန်ကြီးချုပ်က အဝိတ်မိန့်ခွန်းပြောကြားပြီး CLMV အလှည့်ကျဥက္ကဋ္ဌတာဝန်အား ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်က CLMV အလှည့်ကျဥက္ကဋ္ဌ တာဝန်လွှဲပြောင်းပေးအပ်မှုနှင့် ပတ်သက်၍လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်က CLMV အလှည့်ကျဥက္ကဋ္ဌ တာဝန်လွှဲပြောင်းမှုကို လက်ခံသည့် အဆိမ်းအမှတ်အဖြစ်လည်းကောင်း မိန့်ခွန်းများပြောကြားကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက် ဟွန်မာနက်နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၈

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၁၁)ကြိမ်မြောက် ဧရာဝတီ – ကျောက်ဖရား – မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ထိပ်သီးအစည်းအဝေးနှင့် (၁၂) ကြိမ်မြောက် ကမ္ဘောဒီးယား – လာအို – မြန်မာ– ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (CLMV) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်အတွက် ဗီယက်နမ်နိုင်ငံ ဟန္ဂိုင်းမြို့တွင် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက် ဟွန်မာနက်နှင့် တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်အဖွဲ့ဝင်များအဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်နှင့်အတူ ကမ္ဘောဒီးယားအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ–ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုနှင့် ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံအစိုးရနှင့် ကမ္ဘောဒီးယားနိုင်ငံအစိုးရတို့အနေဖြင့်လည်း အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ ပပျောက်စေရေးအတွက် ထိထိရောက်ရောက် ရှင်းလင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ ပပျောက်ရေးဆောင်ရွက်ရာတွင် နှစ်နိုင်ငံအကြား အပြန်အလှန် သတင်းဖလှယ်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သဖြင့် အာဆီယံ၏ ပဋိညာဉ်အတိုင်း အဖွဲ့ဝင်နိုင်ငံများအပေါ် ဆက်လက်ဆက်ဆံဆောင်ရွက်သွားမည့်အခြေအနေများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အာဆီယံပဋိညာဉ်ကို လေးစားလိုက်နာကြရန်နှင့် အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာနှင့် တည်ဆဲဥပဒေများ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက် ဟွန်မာနက်တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက် ဟွန်မာနက်တို့ တွေ့ဆုံဆွေးနွေးစဉ်။

ကိုလည်း လေးစားကြရန် လိုအပ်မှုအခြေအနေများ၊ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အနေဖြင့် အာဆီယံနှင့် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန် ရပ်တည်ထောက်ခံပေးလျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံအကြား အဆင့်မြင့်အရာရှိကြီးများ အပြန်အလှန်စေလွှတ်ရေးနှင့် ပြည်သူအချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်တို့သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံမှ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လာအိုနိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၈

ဗီယက်နမ်နိုင်ငံ ဟန္ဂိုင်းမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် ညနေ ၅ နာရီခန့်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆလုံဆေး ကိုမာဆစ်နှင့် တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ လာအိုအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ–လာအိုနှစ်နိုင်ငံသည် အိမ်နီးချင်းကောင်း



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆလုံဆေး ကိုမာဆစ်တို့ တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆလုံဆေး ကိုမာဆစ်တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

နိုင်ငံ၊ မိတ်ဆွေနိုင်ငံ၊ ညီအစ်ကိုနိုင်ငံများဖြစ်ကြပြီး နှစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးနိုင်ငံနှင့် နီးကပ်သော ယုံကြည်စိတ်ချရသည့် မိတ်ဖက်နိုင်ငံများဖြစ်မှုအခြေအနေများ၊ နှစ်နိုင်ငံသည် ကမ္ဘောဒီးယား – လာအို – မြန်မာ – ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (CLMV)၊ မဟာမဲခေါင်ဒေသခွဲအဖွဲ့ (GMS)၊ ဧရာဝတီ–ကျောက်ဖရား–မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအဖွဲ့ (ACMECS)တို့တွင်လည်း အဖွဲ့ဝင်နိုင်ငံများဖြစ်မှုနှင့် နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံတွင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြုလုပ်၍ ပြည်သူများက ယုံကြည်စွာဖြင့် ရွေးချယ်တင်မြှောက်ထားသည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် အစိုးရအဖွဲ့၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်လျက်ရှိမှုအပေါ် လာအိုနိုင်ငံအနေဖြင့် ခိုင်မာစွာယုံကြည်၍ နိုင်ငံတကာနှင့် အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံဘက်မှ ရပ်တည်ဆောင်ရွက်ပေးလျက်ရှိမှု၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံပဋိညာဉ်နှင့်အညီ အာဆီယံအဖွဲ့အတွင်း အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု၊ မြန်မာနိုင်ငံ၏အရေးကို မြန်မာပြည်သူများကသာ ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ပြီး နိုင်ငံ၏ ပြည်တွင်းရေးကို အခြားနိုင်ငံများက ဝင်ရောက်စွက်ဖက်ခြင်းသည် ပြည်သူများ၏အခွင့်အရေးကို ထိခိုက်စေသည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ အွန်လိုင်းငွေကြေးလိမ်လည်မှု တိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါးတားဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် လာအိုနိုင်ငံဝန်ကြီးချုပ်တို့သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံမှ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် ဗီယက်နမ်နိုင်ငံ ယဉ်ကျေးမှုအဖွဲ့၏ သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဗီယက်နမ်နိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်သည့် (၁၂)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ - ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (CLMV) ထိပ်သီးအစည်းအဝေးနှင့် (၁၁) ကြိမ်မြောက် ရောဝတီ-ကျောက်ဖရား-မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ထိပ်သီးအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးမှု အထိမ်းအမှတ်

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လေမင်ဟုန် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။



အဖြစ် ယနေ့ညပိုင်းတွင် ဟန္နိုင်းမြို့ရှိ Melia Hanoi ဟိုတယ်၌ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတ နိုင်ငံဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံဝန်ကြီးချုပ် မစ္စတာလေမင်ဟုန်၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်၊ လာအို ပြည်သူ ဒီမိုကရက်တစ်သမ္မတ နိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆလုံဆေးကိုမာဆစ်နှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အနုတင် ချာဝီရကွန်၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာ ကောင်ကင် ဟွန်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ညစာစားပွဲ အခမ်းအနားပြုလုပ်မည့် နေရာသို့ သွားရောက်ရာ ဗီယက်နမ်နိုင်ငံ ယဉ်ကျေးမှုအဖွဲ့က ကြိုဆို နှုတ်ဆက်ပြီး နိုင်ငံတော်သမ္မတနှင့် တက်ရောက်လာကြသူများက ခင်းကျင်းပြသထားသည့် ဗီယက်နမ်ရိုးရာ အစားအစာများကို ကြည့်ရှုကြသည်။

ထို့နောက် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ဗီယက်နမ်နိုင်ငံ ယဉ်ကျေးမှုအဖွဲ့က ဗီယက်နမ်နိုင်ငံ ရိုးရာတေးသီချင်းများ၊ အကအလှများဖြင့် သီဆိုကပြ ဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကို မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကြည့်ရှုအားပေး

မကွေး နိုဝင်ဘာ ၂၈

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် တရုတ်ကောကျေးရွာအုပ်စု သဖန်းကုန်းကျေးရွာတောင်သူ ဒေါ်စန်းလွင်၏ ဧရာမင်းမိုးစပါး စံပြစိုက်ခင်း၌ ကျင်းပသည့် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့ နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ တက်ရောက်ကြည့်ရှုအားပေးသည်။**(အောက်ပုံ)**

ကြည့်ရှုစဉ် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးကြရန်၊ စိုက်နည်းစနစ်မှန်ကန်စေရန်၊ သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများကို အချိုးကျစနစ်တကျ သုံးစွဲကြရန်၊ မိုးစပါးစိုက်ပျိုးသည့်အခါ လုပ်သားရှားပါးမှု ပြဿနာကို ဖြေရှင်းနိုင်ရေးနှင့် အချိန်ကုန်သက်သာစွာ စိုက်ပျိုးနိုင်ရေး အတွက် လက်ဆွဲကောက်စိုက်စက်များ တွင်ကျယ်စွာ အသုံးပြုစိုက်ပျိုးကြရန် မှာကြားပြီး ဒေသခံ တောင်သူများအတွက် မိုးစပါးအပြီး စိုက်ပျိုးမည့် ဆင်းရွှေကြာ-၂ နေကြာမျိုးစေ့နှင့် ပဲပုပ်မျိုးစေ့များ ပေးအပ်သည်။

ထို့အတူ မြို့သစ်မြို့နယ် ဆည်လည်ကျေးရွာ အုပ်စုမှ တောင်သူ ဒေါ်မာမာထွန်း၏ ဆောင်းနေကြာ အထွက်တိုးစံပြကွက်အဖြစ် ရေဆင်းစပ်မျိုး(၁) နေကြာသီးနုံ စိုက်ပျိုးထားရှိမှု (သက်တမ်း ၆၄ ရက်သား) အခြေအနေကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေးပြီး တောင်သူများအတွက် သီးနှံမျိုးစေ့များ ထောက်ပံ့ပေးအပ်ကာ တောင်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း (ပြန်/ဆက်)



ဖလမ်းမြို့၌ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ဖလမ်း နိုဝင်ဘာ ၂၈

ချင်းပြည်နယ် ဖလမ်းမြို့ရှိပြည်သူ့ဆေးရုံကြီးတွင် ယနေ့နံနက်ပိုင်းက ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကျော်ကျော်ဟန်သည် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ကြည့်ရှုအားပေးသည်။

ဆက်လက်၍ အကြမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန



ဝန်ထမ်းအိမ်ရာများ ပြုပြင်ပြီးစီး၍ ဝန်ထမ်းမိသားစုများ အခြေချနေထိုင်နေမှု၊ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန၊ ခရိုင်စီမံကိန်းဦးစီးရုံး ပြုပြင်ပြီးစီးမှု၊ မြို့နယ်စီမံကိန်း ဦးစီးရုံး တွဲဖက်ဖွင့်လှစ်ထားရှိမှုနှင့် ခရိုင်ဥပဒေဝန်ထမ်းအိမ်ရာ ပြုပြင်ပြီးစီးမှု၊ ခရိုင်ရဲတပ်ဖွဲ့ လေးခန်းတွဲ နှစ်ထပ် အဆောက်အအုံပြုပြင်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြုပြင်ပြီးသည့် အဆောက်အအုံများ ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ အဆောက်အအုံ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး လုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရေး ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

❐ ရှေ့ဖုံးမှ

ဆရာတော်သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြပြီး ပြည်သူ့လွတ်တော်ကိုယ်စားလှယ် ဦးလှမြင့်၊ ဗိုလ်မှူးကြီး နိုင်ဝင်းထွန်း၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးနန်းဝင်းထွေး၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ တင်အောင်ကျော်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်းနှင့် တာဝန်ရှိသူများက မြွေတလိုင်းတိုက်နယ်ဆေးရုံဆိုင်းဘုတ်ကို အမွေးနုံသာရည်များဖြင့် ပက်ဖျန်း၍ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ထို့နောက် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ တင်အောင်ကျော်က တိုက်နယ်ဆေးရုံပြန်လည်ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

(ရွှေရာသား)

သာစည်ဘူတာအား အသစ်တည်ဆောက်လျက်ရှိပြီး မိတ္ထီလာမြို့ ဗဟိုပို့ဆောင်ဆက်သွယ်ရေး ကျောင်းအား မီးရထားနှင့်ပို့ဆောင်ရေးသိပ္ပံအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်

နေပြည်တော် နိုဝင်ဘာ ၂၈

သာစည်ဘူတာအား အသစ်တည်ဆောက်လျက်ရှိပြီး မိတ္ထီလာမြို့ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းအား မီးရထားနှင့် ပို့ဆောင်ရေးသိပ္ပံအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်နေမှုကို ယမန်နေ့က ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ္တန်းဦး သည် ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အထွေထွေမန်နေဂျာများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် RBE ရထားဖြင့် နေပြည်တော်–သာစည် ရထားလမ်းပိုင်း တစ်လျှောက်ရှိ ရထားလမ်း၊ တံတားနှင့် ဘူတာများ ကြွေခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး သာစည်ဘူတာ၌ ဘူတာအသစ် တည်ဆောက်ရေး လုပ်ငန်းများကိုကြည့်ရှုစစ်ဆေးရာ တည်ဆောက်ရေး စီမံကိန်းတာဝန်ခံက ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက foundation လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရန်၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအမီ ပြီးစီးရေး၊ Waiting Shed များအား Platform အပြည့်တိုးချဲ့တည်ဆောက်ရေးနှင့် ဘူတာယာဒ်ဝင်းအား လွယ်ကူစွာဖြတ်သန်းသွားလာနိုင်မည့် လူကူးခုံးကျော်တံတားတည်ဆောက်ရေးလုပ်ငန်းများကို ဘူတာသစ်အဆောက်အအုံနှင့် လိုက်လျောညီထွေသည့် ဒီဇိုင်းပုံစံဖြစ်စေရေးတို့ကို မှာကြားသည်။

ဆက်လက်၍ သာစည်ဘူတာအဝင်လမ်းအား စည်ပင်သာယာရေးကော်မတီ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖောက်လုပ်ရန်၊ လမ်းတစ်ဖက်စီ၌ လူသွားလမ်းပလက်ဖောင်းနှင့် ရေနုတ်မြောင်းများ ဖောက်လုပ်ရန်၊ လျှပ်စစ်မီးတိုင်များ စနစ်တကျ ပြန်လည်စိုက်ထူရန်တို့ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးဌာနများသို့ မှာကြားသည်။

ထို့ပြင် မြန်မာ့မီးရထားအနေဖြင့် ရထားပိုင်နယ်မြေနှင့် ဘူတာယာဒ်ဝင်းများအား ဦစီးဌာနရာတွင် အများပြည်သူ စိတ်လက်အပန်းဖြေလေ့လာကြည့်ရှုနိုင်ရန် အလှပြရေနွေးငွေ့စက်ခေါင်းထားရှိမည့် ပန်းခြံတည်ဆောက်ရန်၊ သာစည်ဘူတာ ပလက်ဖောင်းရှိ ရထားရဲစခန်းအား ပြန်လည်နေရာချထားမည့် အဆောက်အအုံ၌ ရဲစခန်းအင်္ဂါရုပ်နှင့်အညီ စနစ်တကျ အပြီးပြောင်းရွှေ့ဆောင်ရွက်ရန်၊ ရထားလိုက်ပ်ခန်းများ နားနေရိပ်သာနှင့် ဝန်ထမ်းအိမ်ရာများ ကောင်းမွန်အောင် ပြုပြင်ရန်၊ ခြံစည်းရိုးနှင့် လမ်းများ စနစ်တကျ ဖောက်လုပ်ရန် လမ်းညွှန်မှာ ကြားသည်။

မွန်းလွဲပိုင်းတွင် မိတ္ထီလာမြို့ရှိ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းသို့ ရောက်ရှိပြီး သင်ကြားလေ့ကျင့်ရေးခန်းမဆောင်၌ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ နည်းပြများအား တွေ့ဆုံ၍ (ဝဲဘုံ) နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြစ်သည့် ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းအား မီးရထားနှင့် ပို့ဆောင်ရေးသိပ္ပံကျောင်းအဖြစ် အဆင့်မြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်မည့် အစီအမံများကို ကျောင်းအုပ်ကြီးက ရှင်းလင်းတင်ပြချက်အပေါ် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်မှာကြားပြီး မြန်မာ့မီးရထားဌာနမှ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များအပေါ် အသေးစိတ်မှာကြားသည်။

ထို့နောက် ကျောင်းအတွင်းရှိ အောင်ဆန်းခန်းမ၌ ဆရာ ဆရာမများ၊ နည်းပြများ၊ သင်တန်းသား/သင်တန်းသူများနှင့် တွေ့ဆုံ၍ သင်တန်းသားများအနေဖြင့် ဝန်ထမ်းများဖြစ်သည့်အတွက် ဝန်ထမ်းဘဝကိုသစ္စာရှိရှိရန်၊ မိမိအဖွဲ့အစည်းအပေါ် သစ္စာရှိရှိရန်နှင့် နိုင်ငံတော်အပေါ် သစ္စာရှိရန်၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့် ကျင့်ဝတ်များကို တိကျစွာလိုက်နာရန်၊ နောင်တွင် သင်တန်းကျောင်းမှသည် အဆင့်မြှင့် သိပ္ပံကျောင်းအဖြစ် ဒီပလိုမာများ ပေးအပ်သွားမည်ဖြစ်၍ သင်တန်းမှ ပို့ချသည့် ဘာသာရပ်များအား ကြိုးစားသင်ယူရန်မှာကြားပြီး ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အမျိုးသမီးရေးရာဝန်ကြီးဌာနနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက်တို့ ပူးပေါင်းဆောင်ရွက် နိုင်ရေးအတွက် စီမံကိန်းများချမှတ်ပြီး ခြောက်လတစ်ကြိမ် အကောင်အထည်ဖော်ဆောင်ရွက်မှု လက်မှတ်ရေးထိုး

နေပြည်တော် နိုဝင်ဘာ ၂၈

အမျိုးသမီးရေးရာဝန်ကြီးဌာနနှင့် မြန်မာစီးပွားရေး လုပ်ငန်းရှင် အမျိုးသမီးများ ကွန်ရက်သည် အမျိုးသမီးရေးရာ ဝန်ကြီးဌာန၊ အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာန လက်အောက်ရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး စင်တာ (ရန်ကုန်) တွင် အမျိုးသမီးများ စွမ်းဆောင်ရည် မြှင့်တင်ဆောင်ရွက်နိုင်ရန်နှင့် လက်ရှိထုတ်လုပ်ရောင်းချလျက်ရှိသော ထုတ်ကုန်များ အရည်အသွေးမီ ထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ အမျိုးသမီးရေးရာဝန်ကြီးဌာနနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများ ကွန်ရက်တို့ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းများ ချမှတ်ပြီး ခြောက်လတစ်ကြိမ် အကောင်အထည်ဖော် ဆောင်ရွက်မှု လက်မှတ်ရေးထိုးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် Hotel Max ၌ ကျင်းပသည်။

အဆိုပါလက်မှတ်ရေးထိုးပွဲ၌ အမျိုးသမီးရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်၊ ဒုတိယဝန်ကြီး ဒေါက်တာနေသွယ်ကြည်၊ မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများ ကွန်ရက်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး လက်မှတ်ရေးထိုးကြသည်။



ထိုသို့ လက်မှတ်ရေးထိုး ပူးပေါင်းဆောင်ရွက်မှုဖြင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး စင်တာ(ရန်ကုန်)၌ စက်ရက်ကန်း၊ လက်ရက်ကန်းများ ပြန်လည် ပြုပြင်၍ လုပ်ငန်းလည်ပတ်စေခြင်း၊ သင်တန်းသူများကို လိုအပ်သည့် သင်တန်းများ သင်ကြားပေးခြင်း၊ ဝင်ငွေ/ထွက်ငွေ မှန်ကန်စွာ ရေးသွင်းနိုင်ရေး သင်ကြားပေးခြင်း၊ ထုတ်ကုန်ပစ္စည်းများကို စင်တာအရောင်းဆိုင်တွင် ရောင်းချခြင်းအပြင် အရောင်းမြှင့်တင်ရေး အနေဖြင့် ဈေးရောင်းပွဲများ ကျင်းပ၍ ရောင်းချခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

လက်မှတ် ရေးထိုးပွဲအပြီး တွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ဖွင့်လှစ်လျက်ရှိသည့် ကျေးလက်နေ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်စေရေး ကျေးရွာ စင်တာ(ရန်ကုန်)၌ စက်ရက်ကန်း၊ လက်ရက်ကန်းများ ပြန်လည် ပြုပြင်၍ လုပ်ငန်းလည်ပတ်စေခြင်း၊ သင်တန်းသူများကို လိုအပ်သည့် သင်တန်းများ သင်ကြားပေးခြင်း၊ ဝင်ငွေ/ထွက်ငွေ မှန်ကန်စွာ ရေးသွင်းနိုင်ရေး သင်ကြားပေးခြင်း၊ ထုတ်ကုန်ပစ္စည်းများကို စင်တာအရောင်းဆိုင်တွင် ရောင်းချခြင်းအပြင် အရောင်းမြှင့်တင်ရေး အနေဖြင့် ဈေးရောင်းပွဲများ ကျင်းပ၍ ရောင်းချခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

ကျေးလက်နေ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်စေရေး ကျေးရွာ စင်တာ(ရန်ကုန်)၌ စက်ရက်ကန်း၊ လက်ရက်ကန်းများ ပြန်လည် ပြုပြင်၍ လုပ်ငန်းလည်ပတ်စေခြင်း၊ သင်တန်းသူများကို လိုအပ်သည့် သင်တန်းများ သင်ကြားပေးခြင်း၊ ဝင်ငွေ/ထွက်ငွေ မှန်ကန်စွာ ရေးသွင်းနိုင်ရေး သင်ကြားပေးခြင်း၊ ထုတ်ကုန်ပစ္စည်းများကို စင်တာအရောင်းဆိုင်တွင် ရောင်းချခြင်းအပြင် အရောင်းမြှင့်တင်ရေး အနေဖြင့် ဈေးရောင်းပွဲများ ကျင်းပ၍ ရောင်းချခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

လက်မှတ် ရေးထိုးပွဲအပြီး တွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ဖွင့်လှစ်လျက်ရှိသည့် ကျေးလက်နေ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်စေရေး ကျေးရွာ စင်တာ(ရန်ကုန်)၌ စက်ရက်ကန်း၊ လက်ရက်ကန်းများ ပြန်လည် ပြုပြင်၍ လုပ်ငန်းလည်ပတ်စေခြင်း၊ သင်တန်းသူများကို လိုအပ်သည့် သင်တန်းများ သင်ကြားပေးခြင်း၊ ဝင်ငွေ/ထွက်ငွေ မှန်ကန်စွာ ရေးသွင်းနိုင်ရေး သင်ကြားပေးခြင်း၊ ထုတ်ကုန်ပစ္စည်းများကို စင်တာအရောင်းဆိုင်တွင် ရောင်းချခြင်းအပြင် အရောင်းမြှင့်တင်ရေး အနေဖြင့် ဈေးရောင်းပွဲများ ကျင်းပ၍ ရောင်းချခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

လက်မှတ် ရေးထိုးပွဲအပြီး တွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ဖွင့်လှစ်လျက်ရှိသည့် ကျေးလက်နေ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်စေရေး ကျေးရွာ

အဆင့်သင်တန်းကို သွားရောက်ကြည့်ရှုအားပေးပြီး သင်တန်းသူ ဆယ်အိမ်စု စောနှဝန်ထမ်းများကို စီမံချက်ပါ ကဏ္ဍကြီး ၆ ရပ်နှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အကြောင်းကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဆင့်ပွားသင်တန်း ဖွင့်လှစ်နေသော ပုဗ္ဗသီရိမြို့နယ် ဝက်ကုန်းကျေးရွာရှိ စောနှဝန်ထမ်းများနှင့်တွေ့ဆုံပြီး ကျေးရွာဖွံ့ဖြိုးသာယာရေးအတွက် ဆောင်ရွက်ရမည့်ကဏ္ဍများကို မေးမြန်း ဆွေးနွေးကာ အားပေးစကား ပြောကြားသည်။ (ဝဲဘုံ)

ထို့အတူ ပုဗ္ဗသီရိမြို့နယ် ဇီးကုန်းကျေးရွာရှိ ဆင့်ပွား သင်တန်း တက်ရောက်ခဲ့သည့် ဆယ်အိမ်စုစောနှဝန်ထမ်းများ နှင့် သွားရောက်တွေ့ဆုံဆွေးနွေး သည်။

အမျိုးသမီးရေးရာ ဝန်ကြီး ဌာနသည် ကျေးလက်ဒေသနေ အမျိုးသမီးများအားလုံး၏ ဘဝ ဖွံ့ဖြိုးရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အမျိုးသမီးများ ကျား၊ မ အခြေပြုအကြမ်းဖက်မှုမှ ကင်းဝေးစေရေးအတွက် "ကျေးလက်ဒေသ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်" အား ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ရှိ ကျေးရွာ ၄၆ ရွာတွင် ကနဦး အကောင်အထည်ဖော်လျက်ရှိပြီး သက်ဆိုင်ရာ ကျေးရွာများတွင် ရွေးချယ်ထားသော ဆယ်အိမ်စု စောနှဝန်ထမ်းများအား ဆင့်ပွားသင်တန်းပေးသည့် ကျေးရွာအဆင့် သင်တန်းများကို ဖွင့်လှစ်သင်ကြားခြင်း၊ ကျေးရွာအဆင့် သင်တန်းဖွင့်လှစ်ပြီးသည့် ကျေးရွာများတွင် ဆယ်အိမ်စု စောနှဝန်ထမ်းများက စီမံချက်အား အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပဲခူးမြို့၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ပဲခူး နိုဝင်ဘာ ၂၈

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ဥသာမြို့သစ် တိုင်းရင်းဆေးရုံနေရာ၌ ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ရပ်ကွက်နေပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်၍ တိုင်းဒေသကြီးအတွင်း မြို့နယ် ၅ မြို့နယ်ရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများတွင် တိုင်းဒေသကြီး / ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ရပ်ကွက်နေပြည်သူများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ အစီအစဉ်ဖြင့် ပဲခူးမြို့ရှိ ဒေသခံပြည်သူများ ဈေးနှုန်းသက်သာစွာဝယ်ယူစားသုံးနိုင်ရေး လုပ်ညှဉ်လည် ရောင်းချနေမှုကို သည်။



ဆန်၊ ဆီ၊ ကြက်ဥ၊ ကြက်သား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များ ကြည့်ရှုအားပေးခဲ့ကြောင်း သိရ

တိုင်းဒေသကြီး(ပြန်/ဆက်)

တစ်နိုင်တစ်ပိုင် ရေတင်နှင့် လျှပ်စစ်စွမ်းအင် ပေါင်းစပ်စနစ်ဖြင့် မြန်မာ့လယ်ယာစိုက်ပျိုးရေးနှင့် နိုင်ငံတော်စီးပွားရေးကို အထောက်အကူပြုရေး

သက်ဇော်

ကျေးလက်ဒေသနေ တောင်သူလယ်သမားကြီးများ၏ နေ့စဉ်လုပ်ငန်းခွင်နှင့် သီးနှံထုတ်လုပ်မှုအောင်မြင်ရေးတွင် **"ရေရရှိရေး"** သည် အသက်သွေးကြောသဖွယ် အရေးပါလှသည်။

မိုးရေကိုသာ အဓိက မှီခိုနေရသည့် စိုက်ပျိုးမှုပုံစံမှသည် ရာသီမရွေး၊ အချိန်မရွေး စိုက်ပျိုးရေရရှိနိုင်သော စနစ်တစ်ခုသို့ ကူးပြောင်းနိုင်မှသာ သီးနှံစိုက်စွမ်းအား တိုးတက်လာမည်ဖြစ်သည်။ အထူးသဖြင့် နွေစပါး စိုက်ပျိုးထုတ်လုပ်မှုနှင့် အခြားရာသီသီးနှံများ စိုက်ပျိုးရာတွင် မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ဆည်မြောင်းနှင့် မြေအောက်ရေ အရင်းအမြစ်များမှ လယ်ကွင်းများသို့ အချိန်ကိုက် အောင်ရေတင်ပေးနိုင်ခြင်းသည် သီးနှံအထွက်နှုန်းကို တိုက်ရိုက်အဆုံးအဖြတ်ပေးသည့် အချက်ဖြစ်သည်။ သီးနှံပင်များ ကြီးထွားဖွံ့ဖြိုးချိန်နှင့် အသီးအနှံဖြစ်ထွန်းချိန်များတွင် လိုအပ်သော အောင်ရေကို အချိန်မီ မပေးနိုင်ပါက စိုက်ပျိုးထားသမျှ ကြိုးပမ်းအားထုတ်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများ ထိခိုက်ဆုံးရှုံးနိုင်ခြေများပြားလှသည်။

လောင်စာဆီစရိတ် ဖိအားနှင့် အစားထိုးစနစ် လိုအပ်လာမှု

လက်တွေ့ကွင်းပြင်၌ ရေတင်လုပ်ငန်းများ ဆောင်ရွက်ရာတွင် တောင်သူလယ်သမားများ ရင်ဆိုင်နေရသော အဓိက အခက်အခဲတစ်ခုမှာ လောင်စာဆီ (ဒီဇယ်၊ ဓာတ်ဆီ)ဈေးနှုန်းကြီးမြင့်မှုနှင့် ထောက်ပံ့ရရှိမှု အခက်အခဲများဖြစ်သည်။ ရေတင်ပန့်များကို လောင်စာဆီသုံးအင်ဂျင်များဖြင့် ဆက်တိုက်မောင်းနှင်ရသည့်အခါ လောင်စာဆီကုန်ကျစရိတ်က သီးနှံထုတ်လုပ်မှု ကုန်ကျစရိတ်၏ အချိုးအစားတစ်ခုအဖြစ် ကြီးမားစွာ ပါဝင်လာသည်။

လောင်စာဆီဈေးနှုန်း မြင့်တက်လာသည့်အခါ သို့မဟုတ် လောင်စာဆီရရှိရန် ခက်ခဲလာသည့်အခါ တောင်သူအချို့အနေဖြင့် လိုအပ်သလောက်အောင်ရေ မတင်နိုင်ခြင်း၊ ရေတင်ချိန်ကို လျော့ချရခြင်းများ ကြုံတွေ့ရတတ်သည်။ ထိုသို့ဖြစ်ပေါ်ပါက နွေစပါးနှင့် သီးနှံထွက်နှုန်း ကျဆင်းနိုင်သည့်အပြင် တောင်သူများ၏ ဝင်ငွေနှင့် အသားတင်အမြတ်အစွန်းလည်း လျော့နည်းသွားမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်အနေဖြင့်လည်း လောင်စာဆီအတွက် နိုင်ငံခြားငွေသုံးစွဲရမှုဖိအားများကို လျော့ချရန်နိုင် ပြည်တွင်းအရင်းအမြစ်နှင့် စရိတ်သက်သာသော အစားထိုးနည်းပညာများကို ရှာဖွေအသုံးချရန် အထူးလိုအပ်လာပါသည်။

ထို့ကြောင့် လောင်စာဆီအပေါ် မှီခိုမှုကို လျော့ချနိုင်ပြီး တောင်သူများ လက်လုပ်မိနိုင်သော တစ်နိုင်တစ်ပိုင် ရေတင်နှင့် လျှပ်စစ်စွမ်းအင် အထောက်အကူစနစ်တစ်ခုကို ပြည်တွင်း၌ ဖော်ဆောင်နိုင်ရန်မှာ လက်ရှိအချိန်တွင် အလွန်အရေးကြီးသော လိုအပ်ချက်တစ်ခု ဖြစ်လာသည်။

မိုးခေါင်ရေရှားမှုနှင့် ရေအရင်းအမြစ် အကျိုးရှိစွာ အသုံးချရေး

ရာသီဥတုပြောင်းလဲမှုများကြောင့် မိုးလေဝသနှင့် ဇလဗေဒအခြေအနေများမှာ ယခင်ကထက် ပိုမိုပြောင်းလဲလာလျက်ရှိသည်။ ရာသီဥတုဖောက်ပြန်မှုများ ဖြစ်ပေါ်လာချိန်တွင် ဒေသအချို့၌ မိုးရွာသွန်းမှုပုံစံပြောင်းလဲခြင်း၊ ရေအရင်းအမြစ်များ လျော့နည်းခြင်း သို့မဟုတ် မိုးခေါင်ရေရှားမှုနှင့် ရေရှားပါးမှု ပြဿနာများ ကြုံတွေ့လာနိုင်သည်။

ဤကဲ့သို့သော အခြေအနေများတွင် ရရှိနိုင်သမျှ ရေအရင်းအမြစ်များ (ချောင်းငယ်၊ ကန်ငယ်၊ စိမ့်စမ်း၊ မြစ်ရေ၊ ရေတွင်း)ကို အလဟဿ မဆုံးရှုံးစေဘဲ စနစ်တကျ ချွေတာစီမံရန်နှင့် လိုအပ်သော လယ်ကွက်များသို့ ထိရောက်စွာ ခွဲဝေပို့ဆောင်ရန် အထူးအရေးကြီးသည်။ တစ်နိုင်တစ်ပိုင် ရေတင်စနစ်များသည် ကြီးမားသော ရေပမာဏကို တစ်ပြိုင်နက် အလွန်အကျွံစုပ်ယူခြင်းမျိုးမဟုတ်ဘဲ သီးနှံလိုအပ်ချက်အလိုက်၊ အကွက်အကွင်းအလိုက် စနစ်တကျ ရေတင်နိုင်စွမ်းရှိသဖြင့် ရေအရင်းအမြစ်များကို ချွေတာ၍ အကျိုးရှိရှိအသုံးချရာတွင် များစွာ အထောက်အကူပြုနိုင်ပါသည်။

Flywheel၊ သံလိုက်စနစ်နှင့် ဒိုင်နမို-မော်တာ ပေါင်းစပ်စနစ်၏ လုပ်ဆောင်ပုံနှင့် ပြည်တွင်း ထုတ်လုပ်နိုင်မှု

အိန္ဒိယနိုင်ငံရှိ ကျေးလက်ဒေသများတွင် တောင်သူများ အသုံးပြုနေသော ရေတင်နှင့် စွမ်းအင် အထောက်အကူပြုစနစ် အတွေ့အကြုံများကို အခြေခံ၍ မြန်မာ့လယ်ယာကဏ္ဍနှင့် ကိုက်ညီမည့် အလင်းရောင် သို့မဟုတ် အသေးစား လယ်ယာသုံး စက်ကိရိယာငယ်များ မောင်းနှင်ရာတွင်လည်း တွဲဖက်အသုံးပြုနိုင်သည်။

ဤစနစ်၏ ထူးခြားကောင်းမွန်သော အချက်တစ်ခုမှာ ပြည်တွင်းရှိ သာမန်စက်မှုလက်မှု အလုပ်ရုံများ (Lathe၊ Welding၊ Drilling၊ Balancing စက်များရှိသည့် အလုပ်ရုံငယ်များ)တွင် စရိတ်စက အနည်းဆုံးဖြင့် ထုတ်လုပ်နိုင်ခြင်းဖြစ်သည်။ နိုင်ငံခြားမှ ဈေးကြီးသော စက်အလုံးလိုက် မှာယူရန် မလိုအပ်ဘဲ ပြည်တွင်းရရှိနိုင်သော သံထည်ပစ္စည်းများ၊ ဘယ်ရင်းများ၊ ဒိုင်နမို/မော်တာများဖြင့် အစုလိုက် ထုတ်လုပ်နိုင်သဖြင့် ကုန်ကျစရိတ်ကို သိသိသာသာ ထိန်းညှိနိုင်မည် ဖြစ်သည်။

တောင်သူလယ်သမားများ ရရှိလာနိုင်မည့် အကျိုးကျေးဇူးများ

ဤစနစ်ကို စနစ်တကျဖော်ဆောင်အသုံးပြုနိုင်ပါက မြန်မာတောင်သူလယ်သမားများအတွက် အောက်ပါအကျိုးကျေးဇူး ၁၀ ရပ်ကို ရရှိစေနိုင်မည် ဖြစ်သည်-

၁။ လောင်စာဆီကုန်ကျစရိတ် သက်သာခြင်း။ ဒီဇယ်နှင့် ဓာတ်ဆီ ဝယ်ယူသုံးစွဲရမှုကို လျော့ချနိုင်သဖြင့် တစ်ဧက ရေတင်စရိတ် လျော့နည်းစေသည်။

၂။ အချိန်မီအောင် ရေပေးနိုင်ခြင်း။ လောင်စာဆီဈေးနှုန်းကြောင့် ရေတင်ရန် တွန့်ဆုတ်ရမှု မရှိဘဲ နွေစပါးနှင့် သီးနှံများအတွက် လိုအပ်သည့်အချိန်တွင် ရေတင်ပေးနိုင်သည်။

၃။ သီးနှံထွက်နှုန်းနှင့် အရည်အသွေး တိုးတက်ခြင်း။ ရေလိုအပ်ချက်ကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးနိုင်သဖြင့် အထွက်နှုန်းနှင့် စိုက်ပျိုးကေရီယာကို ထိန်းသိမ်းမြှင့်တင်နိုင်သည်။

၄။ မိုးခေါင်ရေရှားမှုနှင့် ရာသီဥတု ပြောင်းလဲမှုဒဏ် ခံနိုင်ရည်ရှိခြင်း။ ရှိပြီးသား ရေအရင်းအမြစ် ငယ်များကို စနစ်တကျတစ်နိုင်တစ်ပိုင် စုပ်ယူအသုံးချနိုင်သဖြင့် ရာသီဥတုဒဏ်ကို ပိုမိုခံနိုင်ရည်ရှိစေသည်။

၅။ ဒေသတွင်း၌ပင် အလွယ်တကူ ပြုပြင်ထိန်းသိမ်းနိုင်ခြင်း။ ရိုးရှင်းသော စက်ပိုင်းဆိုင်ရာ တည်ဆောက်ပုံဖြစ်သဖြင့် ကျေးလက်/မြို့နယ်အဆင့် စက်ပြင်ဆရာများဖြင့် ပြုပြင်ထိန်းသိမ်းနိုင်သည်။

၆။ ပြည်တွင်းစက်မှုလုပ်ငန်းများနှင့် အပြန်အလှန် အကျိုးပြုခြင်း။ ပြည်တွင်းအလုပ်ရုံများမှ ထုတ်လုပ်ခြင်းကြောင့် ဒေသတွင်း အလုပ်အကိုင်နှင့် စက်မှုကဏ္ဍကိုလည်း အထောက်အကူပြုသည်။

၇။ ဘက်စုံသုံး လျှပ်စစ်စွမ်းအင်ရရှိခြင်း။ ရေတင်ချိန်အပြင် ကျေးလက်နေအိမ်များ၊ အလင်းရောင်နှင့် အသေးစားစိုက်ပျိုးရေးသုံး စက်ကိရိယာငယ်များအတွက်လည်း အထောက်အကူပြုနိုင်သည်။

၈။ ထုတ်လုပ်မှုနှောင့်နှေးမှု လျော့နည်းခြင်း။ လောင်စာဆီ ထောက်ပံ့မှုအခက်အခဲ ရှိချိန်များတွင်ပင် စိုက်ပျိုးရေးရရှိမှုကို ဆက်လက် ထိန်းသိမ်းနိုင်သည်။

၉။ တောင်သူအစုအဖွဲ့အလိုက် မျှဝေအသုံးပြုနိုင်ခြင်း။ တောင်သူအဖွဲ့ငယ်များအလိုက် စရိတ်မျှဝေ ဝယ်ယူအသုံးပြုနိုင်သဖြင့် တစ်ဦးတည်း၏ ငွေကြေးဝန်ထုပ်ဝန်ပိုးကို လျော့ချနိုင်သည်။

၁၀။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အထောက်အကူပြုခြင်း။ ဒီဇယ်အင်ဂျင်များမှ ထွက်ရှိသော မီးခိုးငွေ့နှင့် ဆူညံသံများကို လျော့ချပေးနိုင်သည်။

ပညာပေးအစီအစဉ်များ၊ နိုင်ငံတော်ပံ့ပိုးမှုနှင့် ဒီဇိုင်းနည်းပညာရရှိရေးစီစဉ်မှု

နည်းပညာတစ်ရပ်ကို ကျေးလက်ဒေသများသို့ အောင်မြင်စွာ ပျံ့နှံ့စေရန် အောက်ပါ အစီအမံများကို ဟန်ချက်ညီညီ ဆောင်ရွက်သင့်ပါသည်—

- **တောင်သူများ နည်းပညာရရှိရေး ပညာပေးအစီအစဉ်များ။** ဒေသအလိုက် စံပြသရုပ်ပြကွက်များ တည်ဆောက်ပြသခြင်း၊ လက်တွေ့ မောင်းနှင်မှုနှင့် ဘေးကင်းရေးသင်တန်းများ ဖွင့်လှစ်ခြင်း၊ ရှင်းလင်းသော မြန်မာဘာသာ လက်စွဲစာအုပ်များနှင့် ပုံကြမ်းများ ဖြန့်ဝေခြင်း တို့ကို စီစဉ်ဆောင်ရွက်ရမည်။
- **နိုင်ငံတော်မှ ပံ့ပိုးပေးနိုင်မည့် နည်းလမ်းများ။** ပြည်တွင်းအလုပ်ရုံများအား Prototype ထုတ်လုပ်စမ်းသပ်ရန် နည်းပညာနှင့် စမ်းသပ်ရေး အထောက်အကူပေးခြင်း၊ စက်ပိုင်းဆိုင်ရာ ဘေးကင်းရေး စံသတ်မှတ်ချက်များ ချမှတ်ပေးခြင်း၊ တောင်သူများအတွက် စိုက်ပျိုးရေးရာသီအလိုက် အရစ်ကျ/ချေးငွေ အစီအစဉ်များ ချိတ်ဆက်ပေးခြင်းဖြင့် နိုင်ငံတော်မှ အားပေးပံ့ပိုးနိုင်ပါသည်။
- **ထုတ်လုပ်ပုံဒီဇိုင်းများနှင့် နည်းပညာရရှိရေး စီစဉ်မှု။** ဝင်ရိုးအရွယ်အစား၊ ဘယ်ရင်တပ်ဆင်မှု၊ Flywheel ဟန်ချက်ညီမှု၊ Pulley အချိုးအစား နှင့် ဘေးကင်းရေး အကာအရံ ဒီဇိုင်းပုံကြမ်းများကို စံသတ်မှတ်ပြုစု၍ သက်ဆိုင်ရာ စက်မှုအလုပ်ရုံများနှင့် တောင်သူအစုအဖွဲ့များထံ စနစ်တကျ လက်ဆင့်ကမ်း ဖြန့်ဝေရမည် ဖြစ်သည်။

ခန့်မှန်းကုန်ကျစရိတ်နှင့် လက်တွေ့ကျကျ ဖြန့်ဝေနိုင်မည့် အခြေအနေ

ပြည်တွင်းအလုပ်ရုံများတွင် အစုလိုက် ထုတ်လုပ်မှုနှင့် ပြည်တွင်းရရှိနိုင်သော ပစ္စည်းများကို စနစ်တကျပေါင်းစပ်အသုံးပြုပါက ၁ HP အဆင့် တစ်နိုင်တစ်ပိုင် ရေတင်-လျှပ်စစ် ယူနစ်တစ်ခုလျှင် ခန့်မှန်းကုန်ကျစရိတ်မှာ ကျပ် ၁၁၅၀၀၀၀ ဝန်းကျင် (ပန့်/မော်တာ ရှိပြီးသားဖြစ်ပါက Power Unit သီးသန့်အတွက် ကျပ် ၉၀၀၀၀၀ ဝန်းကျင်) ဖြင့် ထုတ်လုပ်နိုင်ရန် မှန်းဆတွက်ချက်နိုင်ပါသည်။

ဤကုန်ကျစရိတ်ကို တောင်သူအစုအဖွဲ့ငယ် (၃၀မှ-၅၀ ဦး မှ ၁၀ ဦးအထိ) ဖြင့် မျှဝေကျခံခြင်း သို့မဟုတ် အရစ်ကျစနစ်ဖြင့် ပေးချေစေခြင်းတို့ဖြင့် ပေါင်းစပ်ဆောင်ရွက်ပါက တောင်သူတစ်ဦးချင်းအတွက် ငွေကြေးဝန်ထုပ်ဝန်ပိုးသက်သာစေပြီး လက်တွေ့အသုံးပြုနိုင်မည့်အခြေအနေ ဖြစ်ပေါ်လာမည် ဖြစ်သည်။

စာမျက်နှာ ၁၁ သို့

> **"မြန်မာ့လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ရေရရှိရေးနှင့် လောင်စာဆီစရိတ် လျော့ချရေးသည် အလွန်အရေးကြီးသော လုပ်ငန်းစဉ်ဖြစ်သည်။ Flywheel၊ သံလိုက်စနစ်နှင့် ဒိုင်နမို-မော်တာ ပေါင်းစပ်ထားသော တစ်နိုင်တစ်ပိုင် ရေတင်-လျှပ်စစ်စနစ်ကို ဘေးကင်းလုံခြုံမှု၊ စရိတ်သက်သာမှုနှင့် ပြည်တွင်းထုတ်လုပ်နိုင်မှုတို့ဖြင့် ပေါင်းစပ်အကောင်အထည်ဖော်နိုင်ပါက တောင်သူများအတွက် အမှန်တကယ် အထောက်အကူပြုနိုင်မည်"**

နိုင်ငံတော်အနေဖြင့် ဝါစိုက်ပျိုးရေးကဏ္ဍာမှစတင်၍ အထည်အလိပ် စက်မှုလုပ်ငန်းအထိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိ



နေပြည်တော် နိုဝင်ဘာ ၂၈

နိုင်ငံတော်အစိုးရအနေဖြင့် ဝါစိုက်ပျိုးရေးကဏ္ဍာမှ စတင်၍ အထည်အလိပ်စက်မှုလုပ်ငန်းအထိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့အားပေးလျက်ရှိရာ သမဝါယမနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမျိုးဇေယ်သိမ်းသည် ဝမ်းတွင်းမြို့နယ်အတွင်းရှိ ကိန္နရီဝါစိုက်ပျိုးထုတ်လုပ်သူများ သမဝါယမအသင်းလိမိတက်မှ လုပ်ငန်းရှင်နှင့် အသင်းသားတောင်သူများအား ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ကိန္နရီချည်ချောလုံချည်စက်ရုံ၌ သွားရောက်တွေ့ဆုံပြီး ဝါစိုက်တောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ စက်ရုံဝင်းအတွင်း ချည်ချောပုဆိုးထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် သာစည်မြို့နယ် ကြက်မောက်ခေတ်မီစံပြကျေးရွာသို့ ရောက်ရှိပြီး ကြက်မောက်ခေတ်မီစံပြကျေးရွာနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဒေသန္တရနှင့် ဆိတ်မွေးမြူရေး အစုအဖွဲ့ တောင်သူများ၏ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို မေးမြန်းဆွေးနွေးကာ စနစ်ကျသောမွေးမြူရေး လုပ်ငန်းများဖြစ်စေရေး ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်သူများနှင့်မွေးမြူသူများ အဆင်ပြေအောင် နိုင်ငံတော်မှ လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိသကဲ့သို့ တောင်သူများကလည်း ကိုယ်တိုင်ပါဝင်မှ ရမည်ဖြစ်၍ ကြိုးစားဆောင်ရွက်ကြရန်လိုအပ်ကြောင်း မှာကြားပြီး အစုအဖွဲ့စနစ်ဆိတ်နှင့် ဒေသန္တရ မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် သာစည်မြို့ သမန်းကျားကျေးရွာရှိ ရွှေရတီ (ဂရုတ်) စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း(လိမိတက်)သို့ ရောက်ရှိပြီး ဂရုတ် သီးခွဲခြမ်း၊ ဂရုတ်မှုန့်၊ နနွင်းမှုန့်၊ ချင်းမှုန့် ထုတ်လုပ်မှုများအခြေအနေများကို မေးမြန်းဆွေးနွေးကာ အစားအစာဘေးကင်းလုံခြုံမှုရှိစေရေး သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်နှင့် Value Added အဖြစ် ထုတ်လုပ်ရောင်းချနိုင်ရေး မှာကြားသည်။

ဆက်လက်၍ သာစည်မြို့၌ အသင်းသားတောင်သူ ဦးမန်း၏ Raka-666 (BT) ဝါမျိုး ၃ ဒသမ ၅ ဧက ဝါစိုက်ခင်း၌ ဝါများစိုက်ပျိုးဖြစ်ထွန်းနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ဝါစိုက်တောင်သူများအနေဖြင့် သမဝါယမစနစ်ဖြင့် စနစ်တကျစုဝေပါင်းစိုက်ပျိုးဆောင်ရွက်ကြရန် လိုကြောင်း၊ ဝါစိုက်တောင်သူများအနေဖြင့် မိမိတို့ စိုက်ပျိုးထားသည့် ဝါများ ပန်းတိုင်အထွက်နှုန်း ရရှိရေးနှင့် အရည်အသွေးကောင်းမွန်သော ဝါသီးနှံများမှ ထွက်ရှိလာသော ဝါကုန်ကြမ်းများကို ဝါဂွမ်းအဖြစ် တန်ဖိုးဖြင့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ကြရန် လိုကြောင်း၊ ဝါဂွမ်းများကို ပြည်တွင်း ပြည်ပစျေးကွက်တွင် ရောင်းချနိုင်ရေးနှင့် ချည်ကုန်ချောများ၊ အဆင့်မြင့်ချည်ထည်များ ထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ လုပ်ငန်းရှင်များနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြင်ဦးလွင်မြို့နယ် ဆင်ဖြူအင်းကျေးရွာအနီး ဆင်လမ်း (၂) ရေလှောင်တမံ စီမံကိန်းတည်ဆောက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၈

ရတနာပုံ ဆိုက်ဘာစီးတီး စီမံကိန်း ရေရှိရေးနှင့် ပြင်ဦးလွင်မြို့၏ အနာဂတ်ရေ လိုအပ်ချက်အတွက် ရည်ရွယ်အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ပြင်ဦးလွင်မြို့နယ် ဆင်ဖြူအင်းကျေးရွာအနီး ဆင်လမ်း (၂) ရေလှောင်တမံစီမံကိန်း တည်ဆောက်လျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

ဆင်လမ်း ရေလှောင်တမံမှ ပို့လွှဲရေများကို ထိန်းသိမ်းသုံးလှောင်ပြီး ယင်းသာမ ရေလွှဲဆည်မှ တစ်ဆင့် ရတနာပုံမြို့သစ်အတွက် နေ့စဉ် ရေဂါလန် ၁၀ သိန်း ရေကူဖြည့်တင်းပေးနိုင်ရန်နှင့် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီးများအတွက် အနာဂတ် ရေလိုအပ်ချက်ကို ဖြည့်ဆည်း ပေးနိုင်ရန်အပြင် ရေဆင်းဧရိယာမှ ရေများနှင့် ဆင်လမ်း ရေလှောင်တမံမှ ပို့လွှဲရေကို ထိန်းညှိသုံလှောင်ကာ ဆင်လမ်းချောင်းဘေး ဝဲ၊ ယာရှိ စိုက်ပျိုးမြေများအတွက် စိုက်ပျိုးရေ ပေးဝေသွားနိုင်မည်ဖြစ်သည်။

အဆိုပါ ရေလှောင်တမံ စီမံကိန်း ပင်မတမံဖို့ မြေလွှာတည်ဆောက်နေမှု၊ ရေပို့လွှဲ (Spillway) နှင့် ရေထုတ်ပြွန် (Conduit) တည်ဆောက်နေမှု၊ ယာယီရေတားတမံမှ ပို့လွှဲရေများကို ရေထုတ်ပြွန်မှတစ်ဆင့် ရေလွှဲခြင်း၊ ဆောင်ရွက်ထားရှိမှုကို နိုဝင်ဘာ ၂၆ ရက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သွားရောက်ကြည့်ရှု စစ်ဆေးသည်။



ကြည့်ရှုစဉ် တည်ဆောက်ရေးလုပ်ငန်းများကို အတည်ပြုဒီဇိုင်းနှင့် သတ်မှတ်နည်းပညာ စံချိန်စံညွှန်းများအတိုင်း တိကျပြည့်မီစွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ တမံကြံခိုင်မှုနှင့် ရေရည်တည်တံ့ခိုင်မြဲရေးအတွက် အရည်အသွေးထိန်းသိမ်းရေး (Quality Control) လုပ်ငန်းစဉ်များကို မျက်ခြည်မပြတ် စစ်ဆေးကြပ်မတ်ရန်၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေး တွန်းအားပေးဆောင်ရွက်ရန်၊ လုပ်ငန်းခွင်ကြီးကြပ်သူများ အနေဖြင့် သတ်မှတ်ထားသည့် စံနှုန်းများအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ အမြဲမပြတ် စစ်ဆေးကြပ်မတ်ရန် မှာကြားသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့ ဆင်လမ်းရေလှောင်တမံ၊ စည်သာရေကူရေလှောင်တမံ၊ စည်သာရေလှောင်တမံနှင့် ဒိုးကွင်ရေလှောင်တမံများ ရေသိုလှောင် ထားရှိမှုနှင့် ကြံခိုင်မှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြင်ဦးလွင်မြို့နေပြည်သူများ၊ သင်တန်းကျောင်းများ၊ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအား သောက်သုံးရေ ဖူလုံစွာဖြန့်ဝေပေးနိုင်ရေး၊ ရေဘိုးရေခအပြည့် အဝကောက်ခံရရှိရေး၊ ရေလှောင်တမံများ ရေရှည်တည်တံ့ခိုင်မြဲစေရေးတို့အတွက် ရေပို့လွှဲရေတံခါးများ အချိန်မရွေး ကောင်းမွန်စွာ အသုံးပြုနိုင်စေရန်၊ စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှု မရှိစေရန်အတွက် ရေတံခါး ဖွင့်၊ ပိတ် လုပ်ငန်းများကို Rule and Regulation အတိုင်း ကြိုတင်စီမံ၍ စစ်ဆေးဆောင်ရွက်သွားရန်၊ တမံများသည် ကန်ရေပြည့်အမှတ်ထက် ပိုမိုသိုလှောင်ထားသည့်အတွက် တမံကိုယ်ထည်နှင့် ရေပို့လွှဲများ ကြံခိုင်မှု ကောင်းမွန်စေရန် ပုံမှန် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို အလေးထား စီမံဆောင်ရွက်သွားကြရန်၊ သောက်သုံးရေအဖြစ် အသုံးပြုမည့် ရေအရင်းအမြစ်များ သန့်ရှင်းကောင်းမွန်စေရေး ဂရုပြု ထိန်းသိမ်းသွားကြရန်နှင့် တမံ၊ ရေပို့လွှဲနှင့် ဆက်စပ်ရေအား အဆောက်အအုံများ၏ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးကို ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

စာမျက်နှာ ၁၀ မှ

အကြံပြုချက် ၁၀ ရပ်နှင့် သုံးသပ်ချက်

ဤစနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အောက်ပါအကြံပြုချက် ၁၀ ရပ်ကို လိုက်နာဆောင်ရွက်သင့်သည်-

၁။ ဓွမ်းအင်ထိရောက်မှုနှင့် လက်တွေ့ရေထွက်နှုန်းကို စမ်းသပ်ကွက်များတွင် စနစ်တကျတိုင်းတာမှတ်တမ်းတင်ပါ။

၂။ လည်ပတ်နေသော Flywheel၊ Belt နှင့် Rotor များအတွက် ဘေးကင်းရေး အကာအရံကို မဖြစ်မနေ ထည့်သွင်းပါ။

၃။ Flywheel နှင့် Rotor များကို Dynamic Balancing စနစ်တကျပြုလုပ်၍ တုန်ခါမှု နည်းပါးအောင် စီမံပါ။

၄။ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရန် မြေစိုက်ကြိုးနှင့် Breaker/Fuse များကို စနစ်တကျတပ်ဆင်ပါ။

၅။ ကျေးရွာ/ဒေသအလိုက် Pilot စမ်းသပ်ကွက် ငယ်များဖြင့် စတင်၍ အားသာချက်၊ အားနည်းချက်များကို သုံးသပ်ပြင်ဆင်ပါ။

၆။ ပြည်တွင်းစက်မှုအလုပ်ရုံများနှင့် ပူးပေါင်း၍ စံကိုက်အစိတ်အပိုင်းများဖြင့် စရိတ်လျှော့ချထုတ်လုပ်ပါ။

၇။ တောင်သူအစုအဖွဲ့ငယ်များဖြင့် မျှဝေအသုံးပြုမှု SOP နှင့် မှတ်တမ်းစာအုပ်စနစ်ကို ထားရှိပါ။

၈။ ရေတင်ရရှိလာသော ရေအရင်းအမြစ်များကို သီးနှံအလိုက် ချွေတာ၍ အကျိုးရှိရှိ အသုံးချပါ။

၉။ ဒေသခံစက်ပြင်များနှင့် တောင်သူများကို စဉ်ဆက်မပြတ်နည်းပညာသင်တန်းများ ပေးအပ်ပါ။

၁၀။ ရေရှည်တည်တံ့စေရန် စမ်းသပ်တွေ့ရှိချက်များအပေါ် အခြေခံ၍ ဒီဇိုင်းများကို အဆင့်ဆင့် အဆင့်မြှင့်တင်ပါ။

သုံးသပ်ရလျှင် မြန်မာ့လယ်ယာစိုက်ပျိုးရေး ကဏ္ဍတွင် ရေရရှိရေးနှင့် လောင်စာဆီစရိတ်လျှော့ချရေးသည် အလွန်အရေးကြီးသော လုပ်ငန်းစဉ်ဖြစ်သည်။ Flywheel၊ သံလိုက်စနစ်နှင့် ဒိုင်နမို-မော်တာ ပေါင်းစပ်ထားသော တစ်နိုင်တစ်ပိုင် ရေတင်-လျှပ်စစ်စနစ်ကို ဘေးကင်းလုံခြုံမှု၊ စရိတ်သက်သာမှုနှင့် ပြည်တွင်းထုတ်လုပ်နိုင်မှုတို့ဖြင့် ပေါင်းစပ်အကောင်အထည်ဖော်နိုင်ပါက တောင်သူများအတွက် အမှန်တကယ် အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ မြန်မာ့လယ်ယာစိုက်ပျိုးရေးတွင် အကျိုးဖြစ်ထွန်းရုံမက နိုင်ငံတော်စီးပွားဖွံ့ဖြိုးမှုအတွက် အရေးပါသည့် စနစ်ဖြစ်ကြောင်းကို ရေးသားတင်ပြလိုက်ရပါသည်။ ။

မိုးရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၂၈

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ မိုး/၈လ

ရေချိုစိမ့်မိမ်း မခန်းစေဖို့၊ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ်(၁)အထည်စက်ရုံ(ရွှေတောင်) ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၈

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့ရှိ အမှတ် (၁) အထည်စက်ရုံ (ရွှေတောင်) ကို ယနေ့ နံနက်ပိုင်းတွင် စက်မှုနှင့် အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ သွားရောက်စဉ် စက်ရုံရှင်းလင်းဆောင်ခန်းမ၌ စက်ရုံမှူးက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက စက်ရုံ၏ စက်ပစ္စည်းများကို စက်ွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေးနှင့် ဈေးကွက်လိုအပ်ချက် အတိုင်း အချိန်မီပေးပို့ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ရန်၊ ကုန်ကြမ်းပစ္စည်း ပြတ်လပ်မှုမရှိစေရေးနှင့် ထုတ်လုပ်ပြီး ကုန်ချောပစ္စည်းများကို သတ်မှတ်ချိန်အတွင်း အချိန်မီရယူ၊ ဖြန့်ဖြူးနိုင်ရေးအတွက် စနစ်တကျ အစီအမံများ ရေးဆွဲဆောင်ရွက်ရန်၊ ထုတ်လုပ်မှုအနေဖြင့် ကိုယ်ပိုင်ကုန်ကြမ်းဖြင့် ထုတ်လုပ်ရောင်းချမှုနှင့် လက်ခစားစနစ် ဆောင်ရွက်မှုတို့ကို သီးခြား KPI သတ်မှတ်ဆောင်ရွက်ရန်၊ ကုန်ချောလက်ကျန်တွင် ကုန်ပစ္စည်းများ၏ သက်တမ်း၊ အရည်



အသွေးနှင့် အမှန်တကယ်ရောင်းချနိုင်မည့် တန်ဖိုးတို့ကို ထည့်သွင်းတွက်ချက်ရန်၊ စက်ရုံ ဆက်လက်လည်ပတ်ဆောင်ရွက်မည့် အခြေအနေကို အသေးစိတ်တွက်ချက်ဆောင်ရွက်ရန်၊ စက်ရုံ၏ ထုတ်လုပ်မှု အရည်အသွေးကောင်းမွန်မှု အစဉ်အလာကောင်းများကို အားလုံးစုပေါင်း ကြိုးစားမှုဖြင့် ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုလွင် အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပသည့် (၁၄) ကြိမ်မြောက် အာဆီယံသဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာကိုကိုလွင်နှင့် အဖွဲ့သည် နိုဝင်ဘာ ၂၅ ရက်မှ နိုဝင်ဘာ ၂၇ရက်အထိ အင်ဒိုနီးရှား နိုင်ငံ ဂျကာတာမြို့၌ ကျင်းပခဲ့သည့် (၁၄) ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး (ASEAN Ministerial Meeting on Disaster Management–AMMDM) နှင့် ဆက်စပ် အစည်းအဝေးများသို့ ပါဝင်တက်ရောက်ခဲ့သည်။



နိုဝင်ဘာ ၂၅ ရက်တွင် ပြည်ထောင်စု ဝန်ကြီးသည် အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများ အဆင့်အစည်းအဝေး (AMMDM) အလှည့်ကျဥက္ကဋ္ဌ အင်ဒိုနီးရှား နိုင်ငံ အမျိုးသားဘေးအန္တရာယ် စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့ (BNPB) အကြီးအကဲ ဝန်ကြီး Lieutenant General Kristomei Sianturi ဦးဆောင်ကျင်းပသည့် (၁၄) ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးဖွင့်ပွဲ၊ ၂၀၂၆ ခုနှစ် အာဆီယံနေ့အခမ်းအနားနှင့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဒုတိယဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့သည်။

ဆက်လက်၍ "From ASEAN to Global: Strengthening Community Preparedness, and Promoting Leadership for Sustainable Resilience " ဆောင်ပုဒ်ဖြင့် ကျင်းပသည့် (၁၄) ကြိမ်မြောက် အာဆီယံ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲဆောင်ရွက်မှုများကို သက်ဆိုင်ရာ နိုင်ငံအလိုက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက Statement ဖတ်ကြားတင်ပြကြရာပြည်ထောင်စု ဝန်ကြီးက အာဆီယံက အတည်ပြုထားသော ဘေးအန္တရာယ်ဆိုင်ရာ ပြဋ္ဌာန်းချက် မူဘောင်များကို ကြိုဆိုကြောင်းနှင့် အယ်လ်နီညို ရာသီဥတု သက်ရောက်မှုအခြေအနေ၊ မြန်မာနိုင်ငံ၌ သဘာဝဘေးအန္တရာယ် ဖြစ်ပွားခဲ့မှု၊ ကဏ္ဍစုံတွင် စဉ်ဆက်မပြတ် အားလုံးပူးပေါင်း ဆောင်ရွက်ရန်နှင့် ခေတ်မီနည်းပညာများ ထည့်သွင်းဆောင်ရွက်နိုင်ရန်အစိုးရ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုတို့ကို ဆွေးနွေးပြီး အာဆီယံအဖွဲ့ဝင် နိုင်ငံများကလည်း သက်ဆိုင်ရာ နိုင်ငံများအလိုက် ဘေးအန္တရာယ် စီမံဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံလူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးဌာန (AHA Centre) တို့က ၂၀၂၆ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု ဆိုင်ရာ အာဆီယံသဘောတူစာချုပ် အကောင်အထည်ဖော် လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် အာဆီယံ သဘာဝဘေးအန္တရာယ် ဆိုင်ရာ ရန်ပုံငွေရရှိသုံးစွဲမှု အခြေအနေကို ရှင်းလင်းတင်ပြကြရာ အာဆီယံအဖွဲ့ဝင်နိုင်ငံ ဝန်ကြီးများက မေးမြန်းဆွေးနွေးကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် အာဆီယံအတွင်းရေးမှူးချုပ်နှင့် သီးခြားတွေ့ဆုံပြီး အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု လုပ်ငန်းအစီအစဉ် (၂၀၂၆-၂၀၃၀) အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေနှင့် ဒေသတွင်း သဘာဝဘေးအန္တရာယ်ကြိုကြံခံနိုင်ရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး (AMMDM) နှင့် ဆက်စပ်အစည်းအဝေးဖြစ်သော အာဆီယံ-တရုတ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးနှင့် အာဆီယံ - ဂျပန် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၊ မွန်းလွဲပိုင်းတွင် အာဆီယံ - ကိုရီးယား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့ပြီး အာဆီယံဒေသတွင်း ဘေးဒဏ်ကြုံကြံခံနိုင်ရေးနှင့် အာဆီယံ+၃ နိုင်ငံများအလိုက် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစီမံချက် (၂၀၂၆-၂၀၃၀)ကို One ASEAN- One Response မူနှင့်အညီ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့သည်။

နိုဝင်ဘာ ၂၇ ရက်တွင် ပြည်ထောင်စု ဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အရေးပေါ် စီမံခန့်ခွဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. XU Jiaai နှင့် လည်းကောင်း၊ ထိုင်းနိုင်ငံ ပြည်တွင်းရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Jeseth Taiseth နှင့် လည်းကောင်း သီးခြားစီတွေ့ဆုံပြီး ဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဘိုကလေးမြို့နယ်၌ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဘိုကလေး နိုဝင်ဘာ ၂၈

ဘိုကလေးမြို့နယ်၌ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေ



ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်၍ ဆင်းရဲမှုနှုန်း လျော့ကျစေရေးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် မတည်လည်ပတ်ရန်ပုံငွေ ၃၂ ဒသမ ၀၅ သန်းအား မလေ့ကျေးရွာအုပ်စု ကိုင်းတောကျေးရွာတွင် ထုတ်ချေးပေးလျက်ရှိသည်။

ထိုသို့ချေးငွေထုတ်ချေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းလှိုင်၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် မလေ့ကျေးရွာအုပ်စု ကိုင်းတောကျေးရွာ၏ (၁၂) ကြိမ်မြောက် စက်ဝန်းစိုက်ပျိုးရေးသမား ၃၁ ဦး၊ မွေးမြူရေးသမား ၂၄ ဦး၊ ရေလုပ်ငန်းသမား ၁၆ ဦး၊ အရောင်းအဝယ်လုပ်ကိုင်သူ လေးဦး စုစုပေါင်းအသင်းသား အသင်းသူ ၇၅ ဦးအား ထုတ်ချေးဆောင်ရွက်ပေးလျက်ရှိပြီး ချေးငွေများကို လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျ အသုံးပြုစေရေး ပြောကြားခဲ့ကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)



ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခရောင်တိုမြို့နယ် ကျောင်ဝိုင်းလေးရပ်ကွက်၌ မိုးစပါးစံကွက်ရိတ်သိမ်းခြင်းကို နိုဝင်ဘာ ၂၇ ရက်က တောင်သူဦးဇော်ထူး၏ လယ်မြေ၌ပြုလုပ်ရာ ရိတ်ကွက်မှ ဆင်းသုခ မျိုးစပါးနှုန်း ၇၆ ဒသမ ၁၅ တင်းထွက်ရှိပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဒေါ်အေးအေးမြင့်၊ ဦးဝင်းကျော်ဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

တိမ်အနည်းငယ် ဖြစ်ထွန်းနေ

နေပြည်တော် နိုဝင်ဘာ ၂၈

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပွလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပွလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/၈လ

❍ *ကျောဖုံးမှ*

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းရန် အောင်ခန်းမ၌ ပြုလုပ်ရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တိုင်းမှူး ဗိုလ်မှူးချုပ် ရဲဝင်းအောင်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အရာရှိစစ်သည်များ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့သူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး နောက် တိုင်းမှူးက တရားဥပဒေဆိုင်ရာပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေး ရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသည့် တနင်္သာရီတိုင်းဒေသကြီး မြို့မြို့နယ်မှ အမျိုးသား လေးဦးအမျိုးသမီး နှစ်ဦး၊ ထားဝယ်မြို့နယ်မှ အမျိုးသား ရှစ်ဦး၊ အမျိုးသမီးငါးဦး၊ ဘုတ်ပြင်းမြို့နယ်မှ အမျိုးသား နှစ်ဦး၊ ကော့သောင်းမြို့နယ်မှ အမျိုးသား တစ်ဦး၊ ပုလောမြို့နယ်မှ အမျိုးသား နှစ်ဦး၊ ရေဖြူမြို့နယ်မှ အမျိုးသား တစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာမြို့နယ်မှအမျိုးသား တစ်ဦး၊ လှိုင်သာယာမြို့နယ်မှ အမျိုးသား တစ်ဦး၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်မှ အမျိုးသား တစ်ဦးတို့သည် ၎င်းတို့နှင့်အတူ ပါရှိလာသည့် M16 သေနတ် တစ်လက်၊ HK သေနတ် တစ်လက်၊ ပစ္စတို တစ်လက်၊ လက်လုပ် သေနတ် လေးလက်၊ လက်ပစ်ဗုံးမျိုးစုံ ခုနစ်လုံး၊ ကျည်အိမ် နှစ်ခု၊ ကျည်မျိုးစုံ ၆၄ တောင့်၊ ၄၀ မမ ဗုံးသီး သုံးလုံးတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရှိုင်ဖယ် နှစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၁၀၀ ၊ ပစ္စတို တစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း၂၀၊ လက်လုပ်သေနတ် လေးလက်အတွက် ဆုကြေး ငွေကျပ်သိန်း ၂၀၊ လက်ပစ်ဗုံးမျိုးစုံ ခုနစ်လုံးအတွက် ဆုကြေးငွေကျပ် ၂၁ သိန်း၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ ၂၈ ဦး အတွက် ဆုကြေးငွေကျပ်သိန်း ၂၈၀ နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက် လာသူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူး တင်စကား ပြောကြားသည်။

ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ခံဝန်ကတိ လက်မှတ် ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အဖွဲ့ဝင်များသည် မိသားစုဝင် ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရသူများဖြစ်ပြီး အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း ၌ပင် အချင်းချင်းဗိုလ်ကျ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမူကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်း လာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင် အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှု များဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြု လိုခြင်းတို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အား စွန့်လွှတ်၍ ယခုကဲ့သို့ဥပဒေဘောင် အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည်ကြဲဆို လက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လုပ်သူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများကို ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်–

အမျိုးသား



ကျန်တော် ၂၀၁၄ လောက်က ရွာကိုအလည်လာရင်းနဲ့လမ်းမှာ KNLA အကြမ်းဖက်အဖွဲ့တွေနဲ့ တွေ့ပြီး ကျွန်တော့်ကို စစ်ဆေးတယ်။ မေးမြန်းတယ်။ နောက်ဆုံးတော့ ကျွန်တော့်ကို လိမ်ပြီး ခေါ်သွားတယ်။ ကျွန်တော် သင်တန်းကာလ သုံးလကြာတယ်။ သင်တန်းဆင်းပြီး စခန်းကို ပြန်ရောက်တယ်။ ကျွန်တော် ရှင်းလင်းရေးတွေ လုပ်ရတယ်။ ဒဲ့အပြင် ပြည်သူ့ပိုင်တဲ့ ဥယျာဉ်ခြံတွေမှာ ဆက်ကြေးကောက်ခိုင်းတယ်။ အမှားနည်းနည်းလုပ်လိုက်တာနဲ့ အပြစ်ပေးတယ်။ ရိုက်တယ်။ ထိုးတယ် အများကြီး အနိုင်ကျင့်ခံရတယ်။ ကျွန်တော် ပြန်စဉ်းစားတယ်။ အတွေးပြန်ဝင်လာတယ်။ ငါတို့ ဒီအတိုင်း ဆက်သွားနေရင် ဘာအဓိပ္ပာယ်မှမရှိဘူး။ ငါတို့ လူငယ်တွေရဲ့ အနာဂတ် ပျောက်မှာ သေချာတယ်။ အဲဒီတော့ တစ်ယောက်နဲ့တစ်ယောက် တိုင်ပင်တယ်။ ဥပဒေဘောင် အတွင်း အလင်းပြန်လည် ဝင်ရောက်ဖို့ အကြိမ်ကြိမ် ကြိုးစားတယ်။ ၂၀၂၅ ကျော်လောက်မှာ ရင်းနှီးတဲ့ အသိတစ်ယောက်ထံ ကျွန်တော် အကူအညီတောင်းတယ်။ အမှန်တရားကို ရှင်းပြတယ်။ ကျွန်တော်တို့ ဥပဒေဘောင်အတွင်း အလင်း ပြန်လည်ဝင်ရောက်ဖို့ အကြောင်း ပြောပြတယ်။ အဆင်ပြေသွားတယ်။ ကျွန်တော်လည်း မိသားစုနဲ့ ပြန်တွေ့ရမှာမို့ အလွန်ပျော်မိတယ်။ ကျွန်တော်တို့ကို အစစအရာရာ ကူညီထောက်ပံ့ပေးတဲ့ ဌာနဆိုင်ရာ အသီးသီးကိုလည်း အလင်းဝင်ရောက်လာတဲ့ ညီအစ်ကို မောင်နှမတွေကိုယ်စား ကျွန်တော် ကျေးဇူးအများကြီး တင်ပါတယ်လို့ ပြောချင်ပါတယ်။ တောထဲမှာ ကျွန်ရှိနေတဲ့ ညီငယ်ညီမငယ်တွေကိုလည်း အမြန်ဆုံး ဥပဒေဘောင်အတွင်းသို့လာရောက် အလင်းဝင်ဖို့ ကျွန်တော် တိုက်တွန်းချင်ပါတယ်။

အမျိုးသမီး

၂၀၂၃ မှာ PDF အဖွဲ့ထဲကို ဝင်ရောက်ခဲ့ပါတယ်။ ဝင်ရောက်ခဲ့ပြီးတော့ အခြေခံသင်တန်း သုံးလ ဆင်းခဲ့ရပါတယ်။ သင်တန်းက



ထွက်ပြေးတော့ ကျွန်မလုပ်ရတဲ့ တာဝန်တွေကတော့ ဆက်ကြေးကောက်တယ်။ ကင်းစောင့်ရတယ်။ ထမင်း၊ ဟင်းချက်ရတယ်။ လိုင်းပေါ်က အလျူခံမဲရောင်းရတယ်။ နေရထိုင်ရ အဆင်မပြေတာတွေ အများကြီး ရှိခဲ့တယ်။ တစ်နှစ်လောက် ကြာတော့ ထွက်ဖို့ပြောခဲ့တယ်။ အချုပ်ခြောက်လ အကျခံရင် ထွက်ခိုင်းမယ်လို့ ပြောတယ်။ အချုပ်ခြောက်လ အကျခံရတယ်။ အချုပ်ခြောက်လ အကျခံပြီး တော့လည်း ထွက်ဖို့ ထပ်ပြော တယ်။ ထွက်ဖို့ ထပ်ပြောတော့ မထွက်ခိုင်းဘူး။ မထွက်ခိုင်းဘူး ဆိုတော့ ကျွန်မထွက်ပြေးဖို့ ကြိုးစားခဲ့တယ်။ အဲဒါနဲ့တပ်မတော် ဘက်ကို အလင်းဝင်လိုက်တယ်။ အလင်းလာဝင်တော့ တပ်မတော် ဘက်ကလည်း နွေးနွေးထွေးထွေး ကြိုဆိုတယ်။ ပြီးတော့ အစား အသောက်၊ အနေအထိုင် အစစ အရာရာ အားလုံးကို အဆင်ပြေ အောင်ထားပေးတယ်။ အဲဒီလိုထား ပေးတဲ့အတွက်လည်း ကျေးဇူး အများကြီးတင်ပါတယ်။

သတင်းစဉ်

◆ *ကျောဖုံးမှ*

ရာသီပတ်နောက်ဆုံးပွဲစဉ်ဖြစ်ပြီး ချုန်ဝီယ ဆုအတွက် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ အပြန်အလှန်ထိုးဖောက်မှုများဖြင့် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ ၂၅ မိနစ်၌ ထွန်းကိုကိုဦးက ISPE အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ၃၇ မိနစ်တွင် လမင်းပြည့်နှဲက ရန်ကုန်ယူနိုက်တက်အတွက် ချေဂဝိုး ပြန်လည်သွင်းယူခဲ့သဖြင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီ သရေကျခဲ့သည်။ ဒုတိယပိုင်း ၄၆ မိနစ်တွင် အောင်မျိုးမင်းက ရန်ကုန်ယူနိုက်တက်အတွက် ဦးဆောင်ဂိုး သွင်းယူခဲ့သော်လည်း ၈၃ မိနစ်တွင် ကောင်းခန့်ကျော်က ISPE အတွက် ချေဂဝိုး ပြန်သွင်းခဲ့သောကြောင့် နှစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ အဆိုပါ ပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကို ရန်ကုန် ယူနိုက်တက်မှ အောင်မျိုးမင်းက ရရှိခဲ့သည်။

ပြိုင်ပွဲအပြီး ဆုချီးဖြင့်ပွဲတွင် ပြိုင်ပွဲတစ်လျှောက်အကောင်းဆုံးကစားသမားဆုကို အား/ကာသိပ္ပံအသင်းက စစ်ငြိမ်းချမ်းဦး၊ ဂိုးသွင်းအများဆုံးကစားသမားဆုကို သွင်းဂိုး ၂၆ ဂိုးဖြင့် ဒဂုံစတားယူနိုက်တက်မှ ညီနိုင် နှင့် အကောင်းဆုံးဂိုးသမားဆုကို ရန်ကုန် ယူနိုက်တက်မှ ဇင်မင်းဇော်တို့က ရရှိခဲ့ကြသည်။

ရာသီပတ်ပွဲစဉ်များအပြီးတွင် ရန်ကုန်ယူနိုက်တက်က ရမှတ် ၆၂ မှတ်ရရှိကာ ချုန်ဝီယ် ဖြစ်ခဲ့ပြီး ISPE အသင်းက ရမှတ် ၆၀ ဖြင့် ဒုတိယ၊ ဒဂုံစတားယူနိုက်တက်အသင်းက ရမှတ် ၅၈ မှတ်ဖြင့် တတိယ၊ ရတနာပုံအသင်းက ရမှတ် ၅၁ မှတ်ဖြင့် စတုတ္ထနှင့် ရန်ကုန်စီးတီး အသင်းက ရမှတ် ၄၃ မှတ်ဖြင့် ပဉ္စမနေရာတို့တွင် အသီးသီး ရပ်တည်နိုင်ခဲ့ကြသည်။

နေမျိုး၊ ဓာတ်ပုံ-ML

❖ *ကျောဖုံးမှ*

ကျောက်တိုင် အားကစားကွင်း၌ ယှဉ်ပြိုင်ခဲ့သည့်ပွဲစဉ်တွင် ရန်ကုန်စီးတီးအသင်းက ဇာဥတိ ယူနိုက်တက်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ယူကာ အမှတ်ပေးဇယားအဆင့်(၁)နေရာကို ဆက်လက်ဦးဆောင်ခဲ့သည်။ ရန်ကုန်စီးတီးအတွက် အနိုင်ဂိုးများကို ပွဲအစ ၅ မိနစ်တွင် ခွန်ကျော်ဇင်ဟိန်း၊ ၂၀ မိနစ်တွင် ပီဒရို၊ ၅၅ မိနစ်တွင် ဝင်းနိုင်ထွန်း (ပယ်နယ်တီ)၊ ၇၈ မိနစ်တွင် အောင် ကောင်းမာန်နှင့် ၉၀+၂ မိနစ်တွင် သန်းတိုးအောင်တို့က သွင်းယူပေးခဲ့သည်။ ပွဲစဉ်အကောင်း ဆုံးကစားသမားဆုကို ရန်ကုန် စီးတီးအသင်းမှ ခွန်ကျော်ဇင်ဟိန်း က ရရှိခဲ့သည်။

တောင်ကြီးကွင်း၌ ယှဉ်ပြိုင်ခဲ့သည့်ပွဲစဉ်တွင် အိမ်ရှင် ရှမ်းယူနိုက်တက်အသင်းက စစ်ကိုင်း ယူနိုက်တက်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရကာ နိုင်ပွဲဆက်ခဲ့သည်။ ရှမ်းယူနိုက် တက်အတွက် အနိုင်ဂိုးများကို ၁၇ မိနစ်တွင် ရှိဒရီဂျူ၊ ၆၁ မိနစ်နှင့် ၈၇ မိနစ်တွင် အက်ဆန်ဂျုနီယာ နှင့် ၆၄ မိနစ်တွင် ရဲရင့်အောင်တို့က သွင်းယူပေးခဲ့သည်။ ပွဲစဉ် အကောင်းဆုံး ကစားသမားဆုကို ရှမ်းယူနိုက်တက်အသင်းမှ မာ့ခ်ဆီကီက ရရှိခဲ့သည်။

အပတ်စဉ်(၈) ဒုတိယဇနေ့ပွဲစဉ်များကို နိုဝင်ဘာ ၂၉ ရက်တွင် ဟံသာဝတီယူနိုက်တက်နှင့် မြဝတီ (ပဲခူးကွင်း)၊ ဒဂုံစတားယူနိုက် တက်နှင့် ရန်ကုန်ယူနိုက်တက် (သုဝဏ္ဏကွင်း)တို့ ယှဉ်ပြိုင်ကစား မည်ဖြစ်သည်။**နေမျိုး၊ ဓာတ်ပုံ-ML**

❇ *ကျောဖုံးမှ*

နည်းပြ အလွန်ဆို၏ ချယ်ဆီးအသင်းသည် နော်တင်ဟမ်အသင်း ဘက်သို့ တုံ့ပြန်တိုက်စစ်မှု အနည်းငယ်သာပြုလုပ်နိုင်ခဲ့ပြီး ခံစစ်ပိုင်း အများအပြင်များကြောင့် ပရီမီယာလိဂ်သုံးပွဲဆက် ရှုံးနိမ့်မှုနှင့် ကြုံတွေ့ခဲ့သည်။ ထို့အပြင် ချယ်ဆီးအသင်းသည် ပရီမီယာလိဂ် ၁၂ ပွဲကစားပြီး ချိန်တွင် အသင်းခံစစ်က ပေးဂိုး ၂၃ ဂိုးအထိရှိလာကာ ခံစစ်ဆိုးရွားသည့် အသင်းထဲပါဝင်လာပြီ ဖြစ်သည်။ ချယ်ဆီးအသင်းသည် ၁၉၈၆-၈၇ ခုနှစ်က ပွဲစဉ် (၁၂) အပြီးတွင် သွင်းဂိုး ၂၆ ဂိုးဖြင့် အများဆုံးခွင့်ပြုပေး ထားရကြောင်း သိရသည်။

နော်တင်ဟမ်အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိမှုကြောင့် သုံးပွဲနိုင်၊ သုံးပွဲသရေ၊ ခြောက်ပွဲရှုံးဖြင့် ရမှတ် ၁၂ မှတ် စုဆောင်းရရှိပြီ ဖြစ်သည်။ ပြိုင်ဘက်ချယ်ဆီးအသင်းက ယခုပွဲစဉ်ရှုံးနိမ့်မှုကြောင့် ပရီမီယာလိဂ်ရှုံးပွဲ ခြောက်ပွဲနှင့်အတူ ရမှတ် ၁၆ မှတ်ရရှိထားသည်။

အောင်ဇော်

❑ *ကျောဖုံးမှ*

အဆိုပါပြိုင်ပွဲကို ဖူဆယ်အားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက် မြင့်မားလာစေရေးနှင့် မျိုးဆက်သစ်ဖူဆယ်အားကစားသမား များ ပေါ်ထွက်လာစေရေးရည်ရွယ်ပြီး အားကစားရေးရာဝန်ကြီးဌာနက ကြီးမှူး၍ အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပပေး ခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့တွင် တိုင်းဒေသကြီးနှင့်ပြည်နယ် ဖူဆယ်(အမျိုးသား)ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယှဉ်ပြိုင်ကြရာ မန္တလေးတိုင်းဒေသကြီး အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ငါးဂိုး - ဂိုးမရှိဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ် အသင်းတို့က တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ဖြင့်လည်းကောင်း၊ ချင်းပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို လေးဂိုး-သုံးဂိုးဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိကြ သည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် ပြိုင်ပွဲတစ်ရက် ရပ်နားမည်ဖြစ်ပြီး နိုဝင်ဘာ ၃၀ ရက် နံနက် ၈ နာရီခွဲမှစ၍ ရန်ကုန်တိုင်းဒေသကြီး သဃ်နံးကျွန်းမြို့နယ် သုဝဏ္ဏဖူဆယ်ရုံ၌ တိုင်းဒေသကြီးနှင့်ပြည်နယ် ဖူဆယ်(အမျိုးသား)ပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်များအဖြစ် အုပ်စု(က) ပထမ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် အုပ်စု(ဂ)ဒုတိယ ကချင် ပြည်နယ်အသင်း၊ အုပ်စု(ခ)ပထမ ရှမ်းပြည်နယ်အသင်းနှင့် အုပ်စု(ဃ) ဒုတိယ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်း၊ အုပ်စု(ဂ)ပထမ ရခိုင်ပြည်နယ်အသင်းနှင့် အုပ်စု(က)ဒုတိယ ရန်ကုန်တိုင်းဒေသကြီး အသင်း၊ အုပ်စု(ဃ)ပထမ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် အုပ်စု(ခ) ဒုတိယ စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွား မည်ဖြစ်ကာ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို “အခမဲ့” လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သတင်း ရရှိသည်။

သတင်းစဉ်

လာအိုဌ် ဗီယက်နမ်၏ ရင်းနှီးမြှုပ်နှံမှုစုစုပေါင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၀၄ ဘီလီယံခန့်အထိ ရှိလာ

ဟန္ဒိုင်း နိုဝင်ဘာ ၂၈

ဗီယက်နမ်နှင့် လာအိုနိုင်ငံတို့သည် ကုန်သွယ်ရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ချိတ်ဆက်မှုများ အားကောင်းစေရေးနှင့် ပတ်သက်ပြီး သဘောတူညီမှုရရှိခဲ့ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီ၏ နိုဝင်ဘာ ၂၇ ရက် ဖော်ပြချက်အရ သိရသည်။

ဗီယက်နမ်ဝန်ကြီးချုပ် လေမင်ဟွန်းနှင့် လာအိုဝန်ကြီးချုပ် ဆာလီယမ်ဆိုင်း ကွန်မာဆစ်တို့ ဟန္ဒိုင်းမြို့၌ တွေ့ဆုံဆွေးနွေးမှုအတွင်း ယင်းသဘောတူညီချက်ကို ရရှိခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ်ဝန်ကြီးချုပ် လေမင်ဟွန်းက နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး အခြေခံအဆောက်အအုံများကို တိုးတက်ကောင်းမွန်အောင်လုပ်ဆောင်ရေး၊ လာအို စိုက်ပျိုးရေးထုတ်ကုန်များ တင်သွင်းမှုကို တိုးမြှင့်လုပ်ဆောင်ရေးနှင့် လာအိုနိုင်ငံအတွင်း ရှိ ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးရေးတို့ကို တောင်းဆိုထားသည်။

လာအိုဝန်ကြီးချုပ် ဆာလီယမ်ဆိုင်း ကွန်မာဆစ်က လာအိုနိုင်ငံ၏ စွမ်းအင်တင်ပို့မှုကိုမြှင့်တင်ရန် ရေအားလျှပ်စစ်၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် လျှပ်စစ်ဓာတ်အားပို့လွှတ်ခြင်းတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို စိတ်ဝင်စားကြောင်း ပြောကြားသည်။

လာအိုနိုင်ငံတွင် ဗီယက်နမ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ ယခုနှစ် ပထမ ၁၀ လ အတွင်း စီမံကိန်း ၂၅ ခုအတွက် အမေရိကန်ဒေါ်လာ ၆၇၁ သန်း ရှိလာပြီး ယမန်နှစ်ထက် ၇၀ ရာခိုင်နှုန်းမြင့်တက်လာကြောင်း သိရသည်။

ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းပမာဏမှာ စီမံကိန်း၃၀၅ ခုအတွက်အမေရိကန်ဒေါ်လာ ၇ ဒသမ ၀၄ ဘီလီယံခန့်အထိ ရှိလာပြီဖြစ်သည်။ **ဆင်ဟွာ**

ကူဝိတ်နိုင်ငံ၌ အီတလီနိုင်ငံသားနှစ်ဦး သေဆုံးခဲ့သည့် ဒရုန်းတိုက်ခိုက်မှုကို ကုလအကြီးအကဲ ရှုတ်ချ

နယူးယောက် နိုဝင်ဘာ ၂၈

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ကူဝိတ်နိုင်ငံတွင် အီတလီနိုင်ငံသားနှစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့သည့် ဒရုန်းတိုက်ခိုက်မှုကို နိုဝင်ဘာ ၂၇ ရက်တွင် ပြင်းပြင်းထန်ထန် ရှုတ်ချလိုက်ကြောင်း သိရသည်။

ဂူတာရက်စ်သည် ဒေသတွင်းတင်းမာမှုများ ဆက်လက်ဖြစ်ပွားနေမှုအပေါ် အလွန်အမင်း စိုးရိမ်လျက်ရှိကြောင်း၊ ထို့အပြင် သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးအနေဖြင့် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ကြရန်၊ ဒေသတွင်းငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ထိခိုက်ပျက်ပြားစေနိုင်သည့် လုပ်ရပ်များနှင့် လုပ်ဆောင်လျက်ရှိသည့် သံတမန်ရေးကြိုးပမ်းအားထုတ်မှုများကို ထိခိုက်စေနိုင်သည့် လုပ်ရပ်များကို ရှောင်ရှားကြရန် တောင်းဆိုထားကြောင်း အတွင်းရေးမှူးချုပ်ကိုယ်စား ပြောရေးဆိုခွင့်ရှိသူ စတီဖင် ဒူဂျာရစ်က ပြောသည်။



ဂူတာရက်စ်က တွေ့ဆုံဆွေးနွေးမှုနှင့် သံတမန်ရေးရာ နည်းလမ်းများသည် ဒေသအတွင်း ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးအတွက် လက်တွေ့ကျပြီး ဖြစ်နိုင်ခြေရှိသည့် တစ်ခုတည်းသောလမ်းကြောင်း ဖြစ်ကြောင်း ထပ်လောင်းပြောကြားသည်။ **ဆင်ဟွာ**

ယီမင်ကမ်းလွန် အေဒင်ပင်လယ်ကွေ့၌ ကုန်တင်သင်္ဘောတစ်စင်း ပြန်ပေးဆွဲခံရမှုဖြစ်ပွား

လန်ဒန် နိုဝင်ဘာ ၂၈

ယီမင်နိုင်ငံ ကမ်းလွန် အေဒင်ပင်လယ်ကွေ့အတွင်း၌ လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က ကုန်တင်သင်္ဘောတစ်စင်းကို ပြန်ပေးဆွဲမှုဖြစ်ပွားခဲ့ကြောင်း ယူကေရေကြောင်း ကုန်သွယ်ရေးအဖွဲ့ (UKMTO) က နိုဝင်ဘာ ၂၈ ရက်တွင် ပြောကြားသည်။

ယီမင်နိုင်ငံ ဘယ်လ်ဟတ်ဖ်မြို့ အနောက်တောင်ဘက် ရေမိုင် ၆၄ မိုင် (၁၁၉ ကီလိုမီတာခန့်) အကွာ၌ ဂရင်းနစ်စံတော်ချိန် နံနက် ၆ နာရီခွဲတွင် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က သင်္ဘောပေါ်သို့ တက်ရောက်လာပြီး သင်္ဘောကို ထိန်းချုပ်လိုက်ကြောင်း ကုန်တင်သင်္ဘောကပွတိန်က သတင်းပေးပို့ခဲ့သည်ဟု သိရသည်။

အာဏာပိုင်များက ယင်းဖြစ်ရပ်နှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း UKMTO က ပြောသည်။

ထို့အပြင် အဆိုပါ ပင်လယ်ပြင်ဧရိယာအတွင်း သတိဝီရိယဖြင့် ဖြတ်သန်းသွားလာကြရန် သင်္ဘောများကို သတိပေးထားပြီး မသင်္ကာဖွယ် တစ်စုံတစ်ရာတွေ့ရှိပါက UKMTO ထံသို့ အကြောင်းကြားရန် အကြံပြုထားကြောင်း သိရသည်။

အေဒင် ပင်လယ်ကွေ့သည် ဘတ်အယ်လ်မန်ဒက် ရေလက်ကြားမှတစ်ဆင့် ပင်လယ်နီနှင့် ဆက်သွယ်ထားပြီး အာရှနှင့် ဥရောပဒေသတို့အကြား အဓိက ရေကြောင်းကုန်သွယ်မှု လမ်းကြောင်းပေါ်တွင် တည်ရှိသည်။

မကြာသေးမီ လများအတွင်း ပင်လယ်ကွေ့နှင့် အနီးဝန်းကျင် ရေပြင်တွင် ကုန်တင်သင်္ဘော အများအပြား တိုက်ခိုက်ခံရခြင်း သို့မဟုတ် ပြန်ပေးဆွဲခံရခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

ဗီယက်နမ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေအိမ် ၁၇၀၀ နီးပါး ရေလွှမ်းမိုး

ဟန္ဒိုင်း နိုဝင်ဘာ ၂၈

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း ကွမ်ငိုင်ပြည်နယ်၌ နိုဝင်ဘာ ၂၈ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပေါ်ခဲ့ရာ နေအိမ်ပေါင်း ၁၇၀၀ နီးပါး ရေလွှမ်းမိုးမှု ဖြစ်ပေါ်ခဲ့ပြီး အဆက်အသွယ်များ ပြတ်တောက်သွားခဲ့ကြောင်း ပြည်တွင်းမီဒီယာ VnExpress တွင် ဖော်ပြထားသည်။



မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုများလည်း ဖြစ်ပေါ်ခဲ့သည်ဟု သိရသည်။

ပြည်နယ်အတွင်းရှိ ကျေးရွာနှင့် မြို့နယ်ခွဲ ၂၁ ခုတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး သီယန်တင်နှင့် ဖောင်ဂျန်းကျေးရွာတို့တွင် ထိခိုက်မှုအများဆုံးဟု သိရသည်။ အဆိုပါဒေသနှစ်ခုမှ နေအိမ်ပေါင်း ၁၆၀၅ လုံးခန့် အသီးသီးရေနစ်မြုပ်ခဲ့သည်။

ထို့ပြင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုအန္တရာယ်ကြောင့် အိမ်ထောင်စု ၈၃ စုကိုလည်း အာဏာပိုင်များက ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရသည်။ ဂျာလိုင်၊ ဒက်လက်နှင့် ခန့်ဟွာ ပြည်နယ်များရှိ ဒေသခံများ နေထိုင်ရာ နေရာများနှင့် လမ်းများတွင်လည်း ရေလွှမ်းမိုးမှု ဖြစ်ပေါ်ခဲ့ပြီး အချို့သောလမ်းပေါ်တွင် ရေအနက် ၃၀ စင်တီမီတာအထိ ရှိသည်။

မြေပြိုမှုများကြောင့် လမ်းကြောင်းအချို့တွင် ယာဉ်သွားယာဉ်လာများအတွက် အခက်အခဲများ ဖြစ်ပေါ်ခဲ့ရသည်။ ဗီယက်နမ်နိုင်ငံ အမျိုးသားမိုးလေဝသနှင့် ဇလဗေဒခန့်မှန်းရေးဌာနက နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းအထိ အလယ်ပိုင်းဒေသအချို့တွင် မိုးရေချိန် ၅၀၀ မီလီမီတာကျော်အထိ ရွာသွန်းနိုင်ကြောင်းနှင့် ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်းတို့ ဖြစ်ပေါ်လာနိုင်သည်ဟု လည်း သတိပေးထားသည်။ **ဆင်ဟွာ**

■

အာဖရိကရှိ HIV ဝေဒနာရှင် သန်း ၂၀ ကျော်အတွက် နိုင်ငံအလိုက် ရန်ပုံငွေပါဝင်ကြရန် ကျွမ်းကျင်သူများ တိုက်တွန်း

အဒစ္စအဘာဘာ နိုဝင်ဘာ ၂၈

အာဖရိကတစ်လွှား လူပေါင်းသန်း ၂၀ ကျော်အတွက် ဝန်ဆောင်မှုများ မပြတ်တောက်စေရေး HIV ရန်ပုံငွေကို အမျိုးသားဘတ်ဂျက် အစီအစဉ်သို့ ထည့်သွင်းပေးကြရန် ကျန်းမာရေးကျွမ်းကျင်သူများနှင့် မူဝါဒချမှတ်သူများက အာဖရိကနိုင်ငံများကို တိုက်တွန်းခဲ့သည်။

ယင်းသို့ဆောင်ရွက်ခြင်းဖြင့် အာဖရိကတိုက်တစ်ဝန်း အသက်ကယ်ဆေးဖြစ်သည့် HIV ထိန်းချုပ်ကုသဆေး (antiretroviral treatment) ကို လက်ခံသောက်သုံးနေသူ သန်း ၂၀ ကျော်အတွက် ကုသမှုနှင့် ကျန်းမာရေးဝန်ဆောင်မှုများ အဆက်မပြတ်ရရှိစေရန် အာမခံနိုင်မည်ဖြစ်ကြောင်း ၎င်းတို့က တိုက်တွန်းခဲ့ကြသည်။

အီသီယိုးပီးယားနိုင်ငံမြို့တော် အဒစ္စအဘာဘာမြို့တွင် နိုဝင်ဘာ ၂၃ ရက်မှ ၂၇ ရက်အထိ ကျင်းပသည့် ပဉ္စမအကြိမ်မြောက် အာဖရိကပြည်သူ့ကျန်းမာရေးဆိုင်ရာ နိုင်ငံတကာညီလာခံနှင့် ဆက်စပ်ပြီး သီးခြားကျင်းပသည့် အဆင့်မြင့်အရာရှိများအဆင့် အစည်းအဝေးတွင် အဆိုပါတိုက်တွန်းချက်ကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ**

စပိန်နိုင်ငံ အယ်လ်ဟီရိုကျွန်းအနီး မျောပါနေသည့်လှေပေါ်ရှိ ရွှေ့ပြောင်းနေထိုင်သူ ၉၀ ကို ကယ်တင်နိုင်

မက်ဒရစ် နိုဝင်ဘာ ၂၈

စပိန်နိုင်ငံ အယ်လ်ဟီရိုကျွန်းမှ ၇၂ ကီလိုမီတာခန့်အကွာတွင် မျောပါနေသော ရွှေ့ပြောင်းနေထိုင်သူများလိုက်ပါသည့် လှေတစ်စင်းကို တွေ့ရှိခဲ့သဖြင့် လူ ၉၀ ကို ကယ်တင်နိုင်ခဲ့ပြီး ၁၄ ဦး သေဆုံးကြောင်း အီးအက်ဖ်အီးစပိန်သတင်းအေဂျင်စီက ထုတ်ပြန်ထားသည်။

အဆိုပါလှေသည် လွန်ခဲ့သည့် ၁၀ ရက်က ဂမ်ဘီယာနိုင်ငံ မြို့တော် ဘန်ဂျူးမှ ထွက်ခွာလာခဲ့ခြင်းဖြစ်ပြီး ကနဦး စုံစမ်းစစ်ဆေးမှုများအရ အဆိုပါလှေကို ရှာဖွေမတွေ့ရှိမီ သုံးရက်ကတည်းက စက်ချွတ်ယွင်းသွားခဲ့သဖြင့် ပင်လယ်ပြင်၌ မျောပါလျက်ရှိကြောင်း အီးအက်ဖ်အီးနှင့် စပိန်သတင်းစာ အယ်လ်ပိုင်းစ်က ဖော်ပြထားသည်။

ကယ်ဆယ်ရေးလုပ်ငန်းများတွင် စပိန်နိုင်ငံ ရေကြောင်းကာကွယ်ရေးဌာနနှင့် မြို့ပြအစောင့်တပ်ဖွဲ့တို့မှ ရေယာဉ်များအပါအဝင် ရဟတ်ယာဉ်တစ်စင်းလည်း ပါဝင်ကြောင်း သိရသည်။ နိုဝင်ဘာ ၂၄ ရက်ကလည်း ရွှေ့ပြောင်းနေထိုင်သူ ၂၁၀၀ ကျော်မှာ အတ္တလန္တိတ် ရွှေ့ပြောင်းနေထိုင်မှုလမ်းကြောင်းမှတစ်ဆင့် အယ်လ်ဟီရိုကျွန်းသို့ ရောက်ရှိခဲ့ကြောင်း အီးအက်ဖ်အီးက ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**

အာဖဂန်နစ္စတန်၌ အလယ်တန်းကျောင်းအနီးတွင် ပေါက်ကွဲမှုဖြစ်ပွားရာ ၁၀ ဦး သေဆုံးပြီး ၁၁၀ ဒဏ်ရာရ

ကဘူးလ် နိုဝင်ဘာ ၂၈

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ကူနာပြည်နယ်ရှိ အလယ်တန်းကျောင်းအနီး၌ နိုဝင်ဘာ ၂၈ ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ ၁၀ ဦးခန့် သေဆုံးပြီး ၁၁၀ ဒဏ်ရာရရှိခဲ့သည်ဟု လုံခြုံရေးအရာရှိတစ်ဦးက ပြောသည်။

ပြည်နယ်မြို့တော် အက်ဆာဒါဘတ်ရှိ အန်ဒီရာစီရာဒေသ၌ စာသင်ကျောင်းအနီး ပေါက်ကွဲစေတတ် သောပစ္စည်းများ သိုလှောင်ရာနေရာတွင် နံနက် ၁၀ နာရီခန့်က ပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ပြည်နယ်ဆေးရုံအကြီးအကဲဖြစ်သူ မော်လ်လာဒါဒ်က ပြောသည်။ **ဆင်ဟွာ**

ဂျပန်၌ တောဝက်တိုက်ခိုက်မှုကြောင့် ခုနစ်ဦး ဒဏ်ရာရရှိ

တိုကျို နိုဝင်ဘာ ၂၈

ဂျပန်နိုင်ငံအလယ်ပိုင်း ရှိဇူအိုကာပြည်နယ်အတွင်း တောဝက်တိုက်ခိုက်မှုကြောင့် လူခုနစ်ဦး ဒဏ်ရာရရှိကြောင်း ကျိုဒိုသတင်းအေဂျင်စီက နိုဝင်ဘာ ၂၇ ရက်တွင် ထုတ်ပြန်ထားသည်။

နိုဝင်ဘာ ၂၇ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီ မိနစ် ၂၀ ခန့်တွင် ရှိဇူအိုကာမြို့ ရှိမီဇူရပ်ကွက်၌ တောဝက်တစ်ကောင်က စတိုးဆိုင်တစ်ဆိုင်၏ မှန်ပြတင်းပေါက်ကိုဝင်တိုးခဲ့ပြီး ဆိုင်အတွင်းသို့ ဝင်ရောက်ကာ လူတစ်ဦးကို ကိုက်ခဲ့ကြောင်းနှင့် တောဝက်တိုက်ခိုက်မှုကြောင့် စတိုးဆိုင်အတွင်းနှင့် အနီးနားရှိလမ်းပေါ်မှ စုစုပေါင်း လူခုနစ်ဦး ဒဏ်ရာရရှိကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **ဆင်ဟွာ**

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်ရှိ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၂၈

ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များ နိုင်ငံတော်၏သမိုင်းနှင့် တပ်မတော်၏ သမိုင်းကြောင်းများကိုသိရှိပြီး အသိပညာဗဟုသုတများစွာရရှိစေရန်၊ လူငယ်များအား မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်လာစေပြီး နိုင်ငံချစ်စိတ်နှင့် တိုင်းပြည်ချစ်စိတ်များ တိုးတက်ဖြစ်ထွန်းလာစေရန်၊ ကျောင်းသင်ရိုးညွှန်းတမ်းပါသင်ခန်းစာများကို အထောက်အကူပြုစေရန်ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။



ယင်းသို့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း(ရွာတော်)၊ တပ်ကုန်းမြို့နယ် My Star Crown ကိုယ်ပိုင်အလယ်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူများသည် ဆရာ ဆရာမများနှင့်အတူ တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များ၊ စစ်ရေယာဉ်ပုံစံတူများနှင့် စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း)ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မုန့်များ ပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူများက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်းရှိ တပ်မတော်(ရေ)၊ တပ်မတော်(လေ)နှင့် လက်ရုံးတပ်ဖွဲ့များ၏ ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို ရှင်းလင်းပြသရာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကို မေးမြန်းခဲ့ကြပြီး ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ထို့နောက် ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဋ္ဌိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများ ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

သတင်းစဉ်

အခြေခံပညာကျောင်းများ၊ ဘုရား၊ စေတီပုထိုးများနှင့် လမ်းများတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၈

တိုင်းဒေသကြီးနှင့် ပြည်နယ်များ အတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများ ပြည်သူ သွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေး အတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၊ ခရမ်းမြို့နယ်၊ သုံးခွမြို့နယ်နှင့် မှော်ဘီမြို့နယ်တို့ရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီး ကျောင်းများနှင့် ကားလမ်းဘေး ဝဲယာများ၌ ပတ်ဝန်းကျင်သန့်ရှင်း သာယာရေးအတွက် နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်း၊ ကျောင်းစာသင်ခန်းများအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် စာသင်ခုံများ နေရာချထားပေးခြင်း ဝိုင်းဝန်း စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီးလိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးလက်လမ်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

မိတ္ထီလာ နိုဝင်ဘာ ၂၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ၂၀၂၆-၂၀၂၇ ခုနှစ် ဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော မန္တလေးလမ်းမှ ရိုးကန်-ကန်သာလမ်း အကျယ် ၂၄ ပေ ကတ္တရာလမ်းချဲ့ခြင်းနှင့် Platform ဆောင်ရွက်ခြင်း (၀/၄ ဒသမ ၂၈)မိုင်နှင့် သာစည်လမ်းမှ ရွှေတောင်-ချောက်ပင်-ခင်လူး-မောက်လောက်လမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း (၀/၄) မိုင် ဆောင်ရွက်နေမှုတို့ကို ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ထွန်းမြင့်အောင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းများအရည်အသွေး ပြည့်မီစေရန်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးရေး ဆောင်ရွက်သွားရန်မှာကြားခဲ့သည်။



အဆိုပါ လမ်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက အကျိုးပြုကျေးရွာ ၁၇ ရွာ၊ အိမ်ခြေ ၂၄၃၀၊ လူဦးရေ ၁၂၇၇၆ ဦးတို့၏ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်ထုတ်ကုန်များ ဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

ကွမ်းခြံကုန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုစစ်ဆေး

ကွမ်းခြံကုန်း နိုဝင်ဘာ ၂၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (ရုံးချုပ်)မှ ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၂၈ ရက်က ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းနှင့် တာဝန်ရှိသူများသည် ဒေသခံရပ်မိရပ်ဖများနှင့်အတူ မြတ်လေးရုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင်စီးပွားရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စီမံကိန်း လုပ်ငန်းများ ရေရှည်တည်တံ့စေရေးနှင့် ပိုမိုတိုးချဲ့လုပ်ကိုင်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ထို့နောက် မန်းကလိပ် ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံရပ်မိရပ်ဖများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အထွေး

ရေရှားမည့်ဘေး ရှောင်ရှားဖို့ ရေချိုအရင်းအမြစ်များကို ထိန်းသိမ်းစို့

သဘာဝကပေး ရေချိုအေး၊ ခန်းခြောက်မသွားအောင် ထိန်းသိမ်းပေး

ရေကြည်လင်မှ စိတ်အေးချမ်း၊ ရေချိုထိန်းမှ ကမ္ဘာစိမ်းလန်း

ကျေးလက်တွင် ဈေးကွက်ဝင် တိုင်းရင်းကြက်မွေးမြူရေး (၂)

သောင်းသိန်းမြတ် (မွေး/ကု)

ကျွန်တော်၏ ဆိတ်ခြံတဲလေးအနီးရှိ ထနောင်းပင်ရိပ်အောက်၌ ကိုစိုးအောင်နှင့်အတူ ထိုင်ရင်း ပြီးခဲ့သည့်အပတ်က ဒေါက်တာကြီးရှင်းပြလိုက်သော တိုင်းရင်းကြက်မွေးမြူရေးအကြောင်းကို ပြန်လည်ဆွေးနွေးနေကြစဉ် ကိုစိုးအောင်က " ဟော- ဟိုမှာ လွယ်အိတ်ကလေးလွယ်လို့ ဒီဘက်ကို လာနေတာ ဒေါက်တာကြီး မဟုတ်လား ကိုထွန်းမောင်ရေ" "ဟုတ်တယ်မျို့၊ ဒေါက်တာကြီး အရိပ်ထဲဝင်ပြီး နားပါဦးခင်ဗျာ။ နေကပူပါ ဘိသနဲ့ ရေနွေးကြမ်းလေးလည်း သောက်ပါဦး"

" တိုင်းရင်းကြက်မွေးမြူမယ့် အကြောင်းလေး ဆက်ပြောပြချင်တာကြောင့် ရွာတောင်ဘက်ကို ကာကွယ်ဆေးသွားထိုးပေးရင်း လှည့်ဝင်လာခဲ့တာပါ။ တိုင်းရင်းကြက်တွေကို မျိုးကောင်းမျိုးသန့် ရရှိစေဖို့ ဆောင်ရွက်ရာမှာ "ကြက်ဖ" လဲလှယ်ခြင်း အစီအစဉ်ဟာလည်း အရေးကြီးတဲ့ ဆောင်ရွက်မှု တစ်ခုပဲ ဖြစ်ပါတယ်။

"ကြက်တွေကို မျိုးမြှင့်တင်ရာမှာ မျိုးကောင်းမျိုးသန့် "ကြက်ဖ" တွေ ရရှိဖို့ လိုအပ်ပါတယ်။ ကြက်ဖတစ်ကောင်၊ နှစ်ကောင်ဟာ ကြက်မ ၁၀ ကောင်၊ ၁၅ ကောင်အုပ်ကို ထိန်းသိမ်း မိတ်လိုက်နိုင်တဲ့အတွက် မျိုးကောင်းမျိုးသန့် ကြက်ဖ ဖြည့်ဆည်းပေးခြင်းဟာ မျိုးကောင်းပျံနှံဖို့ ပိုမြန်စေမှာ ဖြစ်ပါတယ်။ မိသားစုတစ်စုတည်းက ပေါက်ပွားလာတဲ့ ကြက်တွေကို ခွဲမထုတ်ဘဲ ဆက်တိုက်မွေးမြူသားစပ်ရင် တဖြည်းဖြည်း မျိုးနိုးသားစပ်ခြင်းဖြစ်လာပြီး မျိုးပွားမှု စွမ်းရည်ကျဆင်းလာမှာ ဖြစ်တယ်။ ဒါကြောင့် ကြက်ဖလဲလှယ်ခြင်းအစီအစဉ်ကို အခုလို ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

- မိမိအနီးပတ်ဝန်းကျင်မှ မဟုတ်တဲ့ မျိုးကောင်းမျိုးသန့်၊ ရွှေချယ်မွေးမြူသူတွေထံကနေ မျိုးကောင်းကြက်ဖကို မိမိထံက မျိုးကောင်းကြက်ဖပေးပြီး အပြန်အလှန်လဲလှယ်သား စပ်ခြင်းဖြင့် မျိုးနိုးသားစပ်ခြင်းဖြစ်ပေါ်မှုကို လျော့ပေနိုင်ပါတယ်။
- အာရ်အိုင်အာရ် (RIR) ကြက်မျိုး (သို့မဟုတ်) အခြားဥစ္စာ/အသားတိုးမျိုးရင်း ကြက်ဖနဲ့ တိုင်းရင်းကြက်တွေကို သားစပ်၊ မျိုးမြှင့်တင်ခြင်း ဆောင်ရွက်နိုင်ဖို့ မျိုးရင်းကြက်ဖကို ကျေးလက်မွေးမြူသူတွေ အလွယ်တကူရရှိရေး ပံ့ပိုးဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် မျိုးရင်းကြက်ဖတွေ ကျေးလက်ဒေသမှာ ရှင်သန်ပေါက်ပွားနိုင်ဖို့အတွက် မွေးမြူမှုနည်းစနစ်နဲ့ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အထောက်အကူတွေကိုလည်း ဖြည့်ဆည်းပေးရပါမယ်။
- တိုင်းရင်းကြက်ရဲ့ စရိုက်လက္ခဏာတွေကို တိမ်ကောပျောက်ကွယ်သွားခြင်း မရှိစေဖို့နဲ့ တိုင်းရင်းကြက်တွေ မျိုးသုဉ်းမသွားစေဖို့ အထူးသတိပြု ဆောင်ရွက်သင့်ပါတယ်။"

"ကြက်ခြံ ဆောက်လုပ်ခြင်းအပိုင်းကို ဆက်ပြောပြပေးဦးမယ်။ ပထမဦးဆုံးအနေနဲ့ ကြက်ခြံဆောက်လုပ်ဖို့ မြေနေရာရွေးချယ်ရမှာ ဖြစ်တယ်။ ကြက်ခြံကို လူနေအိမ်နဲ့ မနီးလွန်း၊ မဝေးလွန်းတဲ့ နေရာမှာ ဆောက်သင့်တယ်။ ရေမဝပ်တဲ့နေရာ၊ ကုန်းကျတဲ့နေရာတွေကို ရွေးချယ်သင့်တယ်။ ကြက်ခြံဘေးပတ်လည် သုံးပေ၊ လေးပေလောက်မှာ ရှိနေတဲ့ ချဲ့၊ မြက်တွေကို ရှင်းပေးရမယ်။ ကြက်ခြံကို လေတိုက်လွန်း၊ လေကွယ်လွန်း၊ မှောင်လွန်းတဲ့ နေရာတွေမှာ ရွေးချယ်မဆောက်မိဖို့ အရေးကြီးတယ်။ လေဝင်လေထွက် ကောင်းပြီးတော့ အလင်းရောင်ကောင်းမွန်စွာရနိုင်တဲ့ နေရာမျိုးမှာ သာ ရွေးချယ်ဆောက်သင့်ပါတယ်။**

"ကြက်ခြံဆောက်လုပ်ရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ ကြက်တွေကို ရာသီဥတုဒဏ်ကနေ ကာကွယ်ပေးဖို့၊ ခွေး၊ ကြောင်၊ ငှက်နဲ့ မသမာသူတို့ရဲ့ ရန်ကနေ ကာကွယ်ဖို့၊ စနစ်တကျအိပ်တန်းတက်စေပြီး စနစ်တကျ '၃' ဥပြီး ဝပ်ကျင်းမှန်စွာ ဝပ်နိုင်ဖို့ အတွက် ဖြစ်ပါတယ်။ ကြက်ခြံဆောက်တော့မယ်ဆိုအခုထပ်ပြောမယ့် အချက်တွေကိုလည်း လိုက်နာဆောင်ရွက်ပေးသင့်တယ်။

- ဒေသထွက် လွယ်ကူစွာရရှိနိုင်တဲ့ သစ်၊ ဝါး၊ ခနဲ၊ သက်ငယ်၊ မြက်၊ ဖက်တို့ကို အသုံးပြုပြီးတော့ ခိုင်ခံ့ပြီး ကုန်ကျစရိတ် သက်သာအောင် ဆောက်လုပ်ရမယ်။
- ကြက်ကြီး ၁၀ ကောင်ကနေ ၁၅ ကောင်စာ အတွက် ကြက်ခြံဟာ ခုနစ်ပေ ပတ်လည်ခန့် ရှိသင့်တယ်။
- ကြက်ခြံအခင်းမြေကြီးကို အနည်းဆုံး ကိုးလက်မ (တစ်ထွာခန့်) မြှင့်တင်ထားဖို့ လိုအပ်တယ်။ ကြက်ခြံပတ်လည်မှာ ရေနုတ်မြောင်း ဖောက်ထားပေးပြီး ကြက်ခြံအခင်း စိုစွတ်ခြင်း၊ ရေဝပ်ခြင်းကနေ ကာကွယ်နိုင်ဖို့ ဆောင်ရွက်ရမယ်။
- ရေဝပ်တတ်တဲ့နေရာဖြစ်ရင်တော့ ကြက်ခြံအခင်းကို ဝါးကြမ်း၊ သစ်တို့နဲ့ ခင်းပြီးတော့ မြှင့်ထားသင့်တယ်။
- အကာကို ဝါးခြမ်း၊ ဝါးထရံကဲ့တွေနဲ့ မစိပ်မကဲ့ နှစ်လက်မ သုံးလက်မခန့် ခဲ့ပြီး ကာပေးထားသင့်တယ်။
- ကြက်ခြံအခင်းမှာရှိတဲ့ အညစ်အကြေးတွေကို သုံးရက် တစ်ကြိမ် လှဲကျင်းပြီး သန့်ရှင်းရေး လုပ်ပေးရမယ်။ အခင်းမှာ ရေစုပ်နိုင်တဲ့ ဖွဲခွံ၊ လွစာမှုန့်၊ ခုတ်စဉ်းထားတဲ့ မြက်တွေ အလွယ်တကူရရှိနိုင်ရင် ခင်းပေးသင့်တယ်။ သူတို့ကို ၁၅ ရက် တစ်ကြိမ်လောက် ဖယ်ရှားပြီး စနစ်တကျစုဆောင်းထားလိုက်ရင် ဆွေးမြည့်သွားတဲ့ အခါ နွားချေးထက် ပိုမိုကောင်းတဲ့ မြေဩဇာ အဖြစ် အသုံးပြုနိုင်မှာဖြစ်တယ်။

"ကြက်ခြံအတွင်း အစာခွက်၊ ရေခွက်တွေ ထားပေးခြင်း ဆောင်ရွက်ရာမှာ အစာ၊ ရေမပြတ် ထည့်ပေးခြင်းဖြင့် ကြက်တွေ အစာအာဟာရ လုံလောက်စွာ ရရှိစေမှာဖြစ်ပါတယ်။ ကုန်ကျမှု သက်သာတဲ့ ဝါး၊ မြေခွက်၊ ဘူးခွံ စတာတွေနဲ့လည်း အသုံးပြုနိုင်တယ်။ အစာခွက်၊ ရေခွက်တွေကို လှုပ်ရှားမှုမရှိစေဘဲ ခိုင်မြဲနေအောင် ပြုလုပ်ပေးထားသင့်တယ်။ ရေခွက်ရဲ့ နေရာဝန်းကျင်မှာ စိုစွတ်လာရင် ကြက်ခြံအတွင်းမှာရှိတဲ့ အခြားနေရာကို ရွှေ့ပြောင်းထားပေးသင့်တယ်။ ကြက်ငယ်တွေ ရေမနစ်စေဖို့အတွက် ကြက်သောက်ရေခွက်အတွင်း အရွယ်တော်ကျောက်ခဲတွေ ထည့်ပေးထားခြင်းဖြင့် ရေနစ်သေဆုံးမှုကို ကာကွယ်ပေးနိုင်မှာ ဖြစ်တယ်။

"အိပ်တန်းထားပေးခြင်းကို ကြက်တွေက ပိုနှစ်သက်ကြတယ်။ မြေကြီးပေါ်မှာ အိပ်ရတာထက် ပိုလုံခြုံမှုရှိစေတယ်။ အိပ်တန်းတွေကို မြေပြင် အထက် အနည်းဆုံး နှစ်ပေခန့် အမြင့်မှာ တစ်တန်းနဲ့ တစ်တန်း အနည်းဆုံး တစ်ပေခန့်စွာ ထားသင့်တယ်။ မြေပြင်အခင်းကနေ မြင့်ထားပေးရင် သန့်ရှင်းရေး ပြုလုပ်ရာမှာလည်း လွယ်ကူစေမှာဖြစ်တယ်။ ကြက်ငယ်၊ ကြက်လတ်တွေ အလွယ်တကူ အိပ်တန်း တက်နိုင်စေဖို့အတွက်ကိုလည်း အိပ်တန်းကို အနိမ့်ကနေ အမြင့်သို့ အဆင့်ဆင့်ပြုလုပ်ထားပေးသင့်ပါတယ်။

"ဥကျင်းထားပေးခြင်းကို စနစ်တကျ ပြုလုပ်ပေးခြင်းဖြင့် သန့်ရှင်းတဲ့ ကြက်ဥတွေ ရရှိစေနိုင်တဲ့ အပြင် ကြက်ဥအက်ကွဲမှုကနေ သက်သာစေမှာ ဖြစ်တယ်။ ဥကျင်းအဖြစ် ခြင်းတောင်း၊ သေတ္တာ၊ စက္ကူပုံးခွံစတဲ့ ကုန်ကျမှုသက်သာစေတဲ့ ပစ္စည်းတွေနဲ့ ပြုလုပ်ပေးနိုင်တယ်။ ဥကျင်းအတွင်း ကောက်ရိုး မြက်ခြောက်စတာတွေကို ခပ်ထူထူခင်းပေးရပါမယ်။

"ဥကျင်းကို ကြက်ခြံအတွင်း အမှောင်ကျတဲ့ နေရာ၊ အဝင်အထွက်နည်းတဲ့နေရာ၊ နံနက်ခင်း နေရောင်ခြည် တိုက်ရိုက်မထိုးတဲ့နေရာတွေမှာ ထားရပါမယ်။ မြေပြင်ကြမ်းခင်းကနေ တစ်ပေခွဲ (ဒါမှမဟုတ်) နှစ်ပေခန့် မြင့်တဲ့နေရာတွေမှာ ခိုင်ခိုင်မြဲမြဲ ချည်နှောင်ထားရပါမယ်။ ဥကြက်မနဲ့ ဝပ်ကြက်မ အရေအတွက်အရ ဥကျင်းလုံလောက်မှုရှိအောင် ထားပေးရမယ်။ နေ့စဉ်တိုင်းလည်း ဥကောက်ရမယ်။ ဝပ်ကြက်မအတွက် ဝပ်ကျင်းကိုလည်း သီးသန့်ထားပေးရမယ်။ ပျမ်းမျှအားဖြင့် ကြက်မ ၁၀ ကောင်ကနေ ၁၅ ကောင်အတွက် ဥကျင်း သုံးခုလောက် လိုအပ်မှာ ဖြစ်ပါတယ်။

"ရာသီဥတုပူချိန်တွေမှာ ဥကျင်း၊ ဝပ်ကျင်းတွေကို လေဝင်လေထွက်ကောင်းတဲ့နေရာတွေမှာ ထားရမယ်။ ကြက်တွေ ဝပ်ကျင်းထဲ ဝင်မအိပ်စေဖို့ ဥကျင်းကို ညဘက်မှာ ဖုံးပိတ်ထားသင့်တယ်။ ဝပ်ကြက်မ သားပေါက်ပြီးရင်တော့ ဥကျင်းထဲမှာ ရှိတဲ့ ကောက်ရိုး၊ မြက်ခြောက်တွေကို မီးရှို့ပစ်ရမယ်။ ဥကျင်းကိုလည်း သန့်စင်ဆေးကြော၊ ရေဆေးပြီးမှ ပြန်သုံးသင့်တယ်။ ကြက်တွေ ခန္ဓာကိုယ်ပြင်ပမှာ ကြက်သန်း၊ ကြက်လေး၊ ကြက်မွှားတွေ တွယ်ကပ်ရင် အမွေးကျွတ်တာ၊ အနာဖြစ်တာ၊ ယားယံလို့ ကြက်တွေ စိတ်အနှောင့်အယှက်ဖြစ်တာနဲ့ သွေးစုပ် ခံရတာတွေကြောင့် ဥထုတ်လုပ်မှုနဲ့ ကြီးထွားမှုကို ထိခိုက်စေတတ်တာကိုလည်း သတိပြုရမယ်။

"ဝပ်နေတဲ့ကြက်တွေမှာဆိုရင် ပိုးမွှားတွေ ပိုပြီး တွယ်ကပ်လေ့ရှိတယ်။ ကြက်သန်းနဲ့ ပိုးမွှားတွေဟာ ကြက်ရဲ့ခန္ဓာကိုယ်ပေါ်မှာ အမြဲမနေထိုင်ဘဲ ဥကျင်းတွေ၊ အိပ်တန်းတွေနဲ့ အကြိုအကြားတွေမှာလည်း ခိုအောင်းနေတတ်တာကို သတိပြုရမယ်။ အဲဒီနေရာတွေကို ဆေးရွက်ကြီးစိမ်ထားတဲ့ရေနဲ့ ပွတ်တိုက်ပက်ဖျန်းပေးတာ၊ အရေပြားပေါ်မှာရှိတဲ့ အနာတွေကို 'ဆာလဖာ' စတဲ့ လိမ်းဆေးလိမ်းပေးတာ၊ "ခရီအိုဆုပ်" ပါဝင်တဲ့ အနာလိမ်းဆေးကို ဆီနဲ့ ဖျော်စပ်လိမ်းပေးတာတွေ ဆောင်ရွက်ပေးနိုင်တယ်။

"ကိုထွန်းမောင်ကြီးတို့လည်း မှတ်သားရတာများနေပြီဆိုတော့ နောက်တစ်ခေါက် ပြန်ဆုံမှပဲ တိုင်းရင်းကြက်တွေကို အစာကျွေးခြင်းနဲ့ ထိန်းသိမ်းစောင့်ရှောက်ခြင်းအပိုင်းတွေကို ဆက်လက် ဆင့်ပွားဆွေးနွေးပေးပါဦးမယ်ဗျာ"

"ဟုတ်ကဲ့ပါ ခင်ဗျာ။ အခုလို ရှင်းပြပေးတဲ့အချက်အလက်တွေကို သေသေချာချာ မှတ်သားလိုက်နာပြီး ဆောင်ရွက်သွားပါမယ်။ တိုင်းရင်းကြက်မွေးမြူရေး ခြံလေး တည်ဆောက်မွေးမြူဖို့ကိုလည်း ကြိုးစားပြီး အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားပါမယ်လို့ ဝမ်းမြောက်စွာ ပြောကြားလိုပါတယ်ဗျာ။" ။

ရေတာရှည်မြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူအသုံးပြုမှု ဆင့်ပွားသင်တန်းဖွင့်

ရေတာရှည် နိုဝင်ဘာ ၂၈

ရေတာရှည်မြို့နယ်တွင် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူမည့် Bago livestock census system application အသုံးပြုမှု ဆင့်ပွားသင်တန်းကို ယမန်နေ့ မွန်းလွဲပိုင်းက ရေတာရှည်မြို့နယ် မြို့တော်ခန်းမ၌ ဖွင့်လှစ်ရာ တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့် ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာနေဖိုးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသိန်းထွန်းမြင့်က မိုဘိုင်းဖုန်းအတွင်း ထည့်သွင်း အသုံးပြုရသည့် Software ကို အသုံးပြု၍ အချက်အလက်များ ဖြည့်သွင်းကောက်ယူခြင်း၊ မွေးမြူထားသည့် တိရစ္ဆာန်အမျိုးအစား အလိုက် ကောင်ရေစာရင်းများ ထည့်သွင်းခြင်း၊ ကောက်ယူထားသည့် အချက်အလက်များကို စစ်ဆေးအတည်ပြုခြင်းနှင့် စာရင်းအချက်အလက်များကို စနစ်တကျပေးပို့တင်ပြခြင်းဆိုင်ရာ နည်းလမ်းများကို သင်ကြားပို့ချခဲ့သည်။

အဆိုပါ သင်တန်းသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေး စာရေးဝန်ထမ်း စုစုပေါင်း ၁၃၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရေချွေတာရေးနည်းလမ်းများ

- ယာဉ်များဆေးကြောလျှင် ရေပိုက်ကို တိုက်ရိုက် အသုံးမပြုဘဲ ရေဖြည့်ထားသော ပုံးကိုသာ အသုံးပြု၍ ဆေးကြောရမည်။
- ပန်းပင်များနှင့် ဥယျာဉ်များကို ရေလောင်းရာတွင် ရေပိုက်ဖြင့် မလောင်းဘဲ ရေဖြည့်ထားသော ရေလောင်းပုံးကိုသာ အသုံးပြုသင့်သည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၁၄ လုံး ဖြိုချဖျက်ဆီးပြီးစီး၊ ကျန်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။

နေပြည်တော် နိုဝင်ဘာ ၂၈

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေ အတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ် အဆောက်အအုံ ၁ လုံးမှာ ယနေ့တွင် ၁၀၀ ရာခိုင်နှုန်း ဖြိုချပြီးစီးခဲ့သည့်အတွက် ယနေ့အထိ တရားမဝင် အဆောက်အအုံ ၁၄ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ၅ ထပ် အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၇၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအနက် ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၁၀ လုံး စုစုပေါင်းအဆောက်အအုံ ၁၄ လုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၄၉ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

မြဝတီမြို့ အမှတ်(၅)ရပ်ကွက်အတွင်း တရားမဝင် ထိုင်းနိုင်ငံသားများအပါအဝင် လောင်းကစားဝိုင်း(ကာစီနို)လုပ်ကိုင်နေသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ



ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၅)ရပ်ကွက်အတွင်းရှိ Grand Myawaddy Hotel နေရာတွင် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်သူ မြန်မာနိုင်ငံသား ၇၉ ဦးနှင့် ထိုင်းနိုင်ငံသား ၅၃၃ ဦး ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၈

နိုင်ငံတော်အစိုးရ အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကဏ္ဍအသီးသီးတို့တွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ အဆင့်ဆင့် ချမှတ်၍ အလေးထားဆောင်ရွက်လျက်ရှိပြီး နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက်လည်း ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့များက နယ်မြေလုံခြုံရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့များသည် နိုဝင်ဘာ ၂၇ ရက် နံနက် ၁၁ နာရီခန့်တွင် ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ဖားခြောက်ကောင်လမ်းရှိ Grand Myawaddy ဟိုတယ်အတွင်း သတင်းအရ ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လောင်းကစား ဝိုင်း(ကာစီနို)များ ကျူးလွန်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသား အမျိုးသား ၈ ဦးနှင့် အမျိုးသမီး ၇၁ ဦး စုစုပေါင်း ၇၉ ဦး၊ တရားမဝင် ထိုင်းနိုင်ငံသား အမျိုးသား ၂၇၂ ဦးနှင့် အမျိုးသမီး ၃၂၁ ဦး စုစုပေါင်း ၅၉၃ ဦးတို့ကို လောင်းကစားမှုများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် Laptop ၁၈၅ လုံး၊ All in One ကွန်ပျူတာ ၁၉၂ လုံး၊ မော်နီတာ ၄၀ လုံး၊ CPU ၄၀ လုံးနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ ဖုန်းမျိုးစုံ ၃၄၅ လုံး တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အလားတူ နိုဝင်ဘာ ၂၇ ရက် နံနက် ၁၁ နာရီခန့်တွင် မြဝတီမြို့ အမှတ်(၅) ရပ်ကွက်ရှိ Myawaddy Complex အမည်ရှိ နေရာအား၀င်ရောက်စစ်ဆေးခဲ့ရာ အဆိုပါ လောင်းကစားရုံအတွင်းမှ All in One ကွန်ပျူတာ ၁၀ လုံး၊ မော်နီတာ ၅၀ လုံး၊ CPU ၅၀ လုံး၊ UPS ၁၀ လုံးနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ ဖုန်းမျိုးစုံ ၁၀ လုံးနှင့် ဖကစားခုံ ၂ ခုံ တို့ကို ပိုင်ရှင်မဲ့ တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့များသည် မြဝတီမြို့အတွင်းရှိ ရပ်ကွက်များနှင့် လမ်းဆုံနေရာများတွင် လိုအပ်သည့်ရာဖွေ ပိတ်ဆို့စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် အမှတ်(၅) ရပ်ကွက် ဝါးတောလမ်းနေရာ တစ်ဝိုက်၌ မသင်္ကာဖွယ်မီးရောင်များ တွေ့ရှိရသဖြင့် သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာ နိုဝင်ဘာ ၂၈ ရက်၊ ယနေ့နံနက် ၂ နာရီ မိနစ် ၅၀ ခန့်တွင် ထိုင်းနိုင်ငံသား အမျိုးသား ၅၅ ဦး၊ အမျိုးသမီး ၂၀ ဦးကို လည်းကောင်း၊ နံနက် ၃ နာရီ ၁၅ မိနစ်ခန့်တွင် ထိုင်းနိုင်ငံသား အမျိုးသား ၅၃ ဦး၊ အမျိုးသမီး ၂၅ ဦးကိုလည်းကောင်း၊ နံနက် ၃ နာရီ မိနစ် ၅၀ ခန့်တွင် ထိုင်းနိုင်ငံသား အမျိုးသား ၆၂ ဦး၊ အမျိုးသမီး ၂၂ ဦးကိုလည်းကောင်း စုစုပေါင်း ထိုင်းနိုင်ငံသား အမျိုးသား ၁၇၀ ဦး၊ အမျိုးသမီး ၆၇ ဦး စုစုပေါင်း ၂၃၇ ဦးတို့ကို ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

အဆိုပါ လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၅) ရပ်ကွက်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား ကျူးလွန်လုပ်ကိုင်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုနေရာပြမြေပုံ။



ဆင်ပေါင်ဝဲမြို့နယ် အင်ရုံကျေးရွာ၌ အကြမ်းဖက်သမားများ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူများအားထောက်ပံ့ငွေများ ပေးအပ်



ဆင်ပေါင်ဝဲ နိုဝင်ဘာ ၂၈

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် အင်ရုံကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများ ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ယနေ့နံနက်ပိုင်းက ဆင်ပေါင်ဝဲမြို့နယ် ချောင်းကောက်တိုက်နယ်ဆေးရုံ၌ သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ထိုသို့ သွားရောက်ကြည့်ရှုရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ် မီးသတ်ဦးစီးဌာနမှူး၊ မြို့နယ်ပညာရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ချောင်းကောက် တိုက်နယ်ဆေးရုံတွင် ဆေးကုသမှု ခံယူလျက်ရှိသည့် ဒဏ်ရာရရှိသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားခဲ့ကြပြီး ထောက်ပံ့ငွေများနှင့် အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဒကွိဏာသီရိမြို့နယ်၌ လုပ်ငန်းရှင်များအား အခွန်ကောက်ခံခြင်းဆိုင်ရာ ပညာပေးဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၈

ပြည်ထောင်စုနယ်မြေ ဒကွိဏာသီရိမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ လုပ်ငန်းရှင်များအား အခွန်ကောက်ခံခြင်းကိစ္စနှင့် ပတ်သက်၍ ပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ဒကွိဏာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်တွင်း



အခွန်များဦးစီးဌာန သီရိပင်မြို့နယ်ရုံး အခွန်ဦးစီးဌာနမှူး ဒေါ်ခင်ငုဝါလွှဲက အခွန်ကောက်ခံခြင်းကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ဒကွိဏာသီရိမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အခွန်ထမ်းပြည်သူများ၊ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ သျှင်ဦးမောင်(ဒကွိဏာ)



ပခုက္ကူမြို့၌ မျက်စိဝေဒနာရှင်များ အခမဲ့စမ်းသပ်စစ်ဆေး ခွဲစိတ်ကုသပေးမှု(ဒုတိယနေ့)အထိ ၁၆၆၅ ဦးအား ကုသပေးနိုင်ခဲ့

ပခုက္ကူ နိုဝင်ဘာ ၂၈

ပခုက္ကူမြို့ အမှတ်(၁)ရပ်ကွက်ရှိသိတဂူစကျွဒါနတံတားဦးဆေးရုံတော်၌ နိုပေါနိုင်ငံမှ မျက်စိအထူးကုပါရဂူဆရာဝန်ကြီးများ၊ မြန်မာနိုင်ငံမှ မျက်စိအထူးကုပါရဂူဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက နိုဝင်ဘာ ၂၆ ရက်မှစတင်ပြီး မျက်စိဝေဒနာရှင်များအား စမ်းသပ်စစ်ဆေး ခွဲစိတ်ကုသမှုလုပ်ငန်းများ အခမဲ့ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၇ ရက် (ဒုတိယနေ့)အထိ စမ်းသပ်စစ်ဆေးလူနာ စုစုပေါင်း ၁၆၆၅ ဦးအား ကုသပေးနိုင်ခဲ့ပြီဖြစ်သည်။

အဆိုပါလုပ်ငန်းကို ဒီဇင်ဘာ ၄ ရက်အထိ ကိုးရက်ကြာ အခမဲ့ကုသပေးသွားမည်ဖြစ်ပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်၊ လွတ်တော်ကိုယ်စားလှယ်များ နှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးကာ မျက်စိခွဲစိတ်ကုသထားသော လူနာများအား မျက်မှန်များ တပ်ဆင်ပေးခြင်း၊ လိုအပ်သည့်ဆေးဝါးပစ္စည်းများ ပေးအပ်ကြသည်။ ဘာမီသာ(ပခုက္ကူ)

ပန်းတနော်မြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်း ရှေ့ပြေးစတင်ကောက်ယူ

ပန်းတနော် နိုဝင်ဘာ ၂၈

ပန်းတနော်မြို့နယ် ပိတောက်စုကျေးရွာ၌ တိရစ္ဆာန်ကောင်ရေစာရင်းကို နိုဝင်ဘာ ၂၆ ရက်က ဆောင်ရွက်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဇော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူးနှင့် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ ကြီးကြပ်မှုဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ စာရေးနှင့် တိရစ္ဆာန်ကျန်းမာရေးလုပ်သား(CAHW)များက ကျေးရွာ



အတွင်း တိရစ္ဆာန်ကောင်ရေစာရင်း ရှေ့ပြေးအနေဖြင့် လိုက်လံကောက်ယူကြသည်။ မြို့နယ်(ပြန်/ဆက်)

လွိုင်လင်မြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်း



လွိုင်လင် နိုဝင်ဘာ ၂၈

လွိုင်လင်မြို့ ခရိုင်မီးသတ်ဦးစီးမှူးရုံးတွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်းပွဲကို ယမန်နေ့က အဆိုပါရုံး သင်တန်းခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းမြတ်သူက အရန်မီးသတ်တပ်ဖွဲ့ဝင်များအား သင်တန်းဆင်း လက်မှတ်ပေးအပ်ရာ သင်တန်းသားတစ်ဦးက လက်ခံရယူသည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာများ၊ သင်တန်းသား ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ လွိုင်လင်မိုး

မြင်းခြံခရိုင်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြော



မြင်းခြံ နိုဝင်ဘာ ၂၈

မြင်းခြံခရိုင်၌ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးတို့က ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန၊ ခရိုင်အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ခရိုင်ဥပဒေရုံး၊ ခရိုင်အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် ခရိုင်ပညာရေးမှူးတို့က ကလေးအလုပ်သမားကာကွယ်ရေး၊ ပညာရေးနှင့် အသက်မွေး ဝမ်းကျောင်းပညာများ သင်ကြားပေးခြင်းများ၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားအကြောင်း၊ အလုပ်လုပ်ကိုင်ခွင့်ရှိသည့် အလုပ်သမားများနှင့်ပတ်သက်၍ ဥပဒေအကြောင်းများ၊ ကလေးအလုပ်သမားဥပဒေအကြောင်းများ၊ လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်းအကြောင်းတို့ကို အသိပညာပေးဟောပြောခဲ့ပြီး ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ ချစ်ဦးနွေ(မြင်းခြံ)

ညောင်တုန်းမြို့နယ် သမအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်

ညောင်တုန်း နိုဝင်ဘာ ၂၈



ညောင်တုန်းမြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲကို ယမန်နေ့က မြို့နယ်သမဝါယမအသင်းစု အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒါရိုက်တာအဖွဲ့က လုပ်ငန်းအစီရင်ခံစာ၊ အသင်းသား စာရင်းစစ်အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေး ရှင်းတမ်းများကို ဖတ်ကြားရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထိုက်အောင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမှုဆောင်များကို သမဝါယမ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရွေးချယ်တာဝန်ခွဲဝေပေးအပ်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

ရေတာရှည်မြို့နယ်၌ ကောက်ရိုးထုံးစက်ဖြင့် တောင်သူပညာပေး သရုပ်ပြပွဲ ကျင်းပ

ရေတာရှည် နိုဝင်ဘာ ၂၈

ရေတာရှည်မြို့နယ် သပြေတန်းကျေးရွာ ကွင်းအမှတ်(၆၃၈) ဦးပိုင်အမှတ် (၆၁) တောင်သူ ဦးလင်း၏ လယ်မြေသုံးဧကခွဲ ယမန်နေ့က ကောက်ရိုးထုံးကိရိယာဖြင့် ကောက်ရိုးထုံးခြင်းနှင့် ကောက်ရိုးစုကိရိယာဖြင့် ကောက်ရိုးငုတ်ခြေမွှခြင်း တောင်သူပညာပေးသရုပ်ပြပွဲကို ကျင်းပသည်။

ထို့နောက် တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက တောင်သူများနှင့် တွေ့ဆုံ၍ မိုးစပါးရိတ်သိမ်းမှုအခြေအနေနှင့် စပါးမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ သီးနှံအထွက်နှုန်းများတိုးတက်ရေးအတွက် တောင်သူများမှ စွမ်းအားစုများ ထည့်သွင်းဆောင်ရွက်ကြရန် ပြောကြားသည်။အဆိုပါသရုပ်ပြပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူ ၄၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



မိုင်းရွာမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဆင်းပွဲ ကျင်းပ

မိုင်းရွာ နိုဝင်ဘာ ၂၈

မိုင်းရွာမြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဆင်းပွဲကို ယမန်နေ့ နံနက်က မြို့နယ်မီးသတ်ဦးစီးဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ငြိမ်းက အရန်မီးသတ်တပ်ဖွဲ့ဝင်များအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ အဆိုပါသင်တန်းဆင်းပွဲသို့ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား စုစုပေါင်း ၈၀ တက်ရောက်ခဲ့သည်။ မြို့နယ်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့စု(၅၇) တွဲတေးစုမှူး ဒုတိယရဲမှူး ပြည်စိုးနှင့် တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ နိုဝင်ဘာ ၂၇ ရက်က တွဲတေးမြို့နယ် မင်းပိုင်းရပ်ကွက် ဗိုလ်ချုပ်လမ်း ကျောက်တိုင်အနီးနှင့် ရွှေဆံတော်ရပ်ကွက် ဗိုလ်ချုပ်လမ်း ရွှေဆံတော်ဘုရား မြောက်ဘက်မုခ်အနီး၊ ဘုရားငုတ်တိုလ်ကျေးရွာ ဒလ-တွဲတေးကားလမ်း ဘုရားငုတ်တိုလ်လမ်းဆုံတို့တွင် ဘေးတွဲမော်တော်ဆိုင်ကယ်/အိုးဝေများအား ရောင်ပြန်စာတစ်ကာများ ကပ်ပေးခြင်းနှင့် ယာဉ်/လမ်းစည်းကမ်းများ ပညာပေးပြောကြားခြင်းများ ဆောင်ရွက်စဉ်။ မျိုးလှိုင်(တွဲတေး)

ရေသည် အသက်၊ ရေအသက်တစ်မနက် မြေအောက်ရေကို ထိန်းသိမ်းပါ

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေး အသိပညာပေး

ဝေါ နိုဝင်ဘာ ၂၈

ဝေါမြို့နယ် ကျုံသင်ကျေးရွာ၌ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေးနှင့် သောက်သုံးရေများ စနစ်တကျသုံးစွဲရေး အသိပညာပေးဟောပြောခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ မမွာရုံ၌ ကျင်းပသည်။



ဟောပြောပွဲတွင် ဝေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်သိန်းသိန်းစိုးက အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်လာနိုင်ပြီး ကျရောက်လာနိုင်သည့် အခြေအနေများကြိုတင်ပြင်ဆင်ရမည့် အချက်များနှင့် ဖြစ်ပေါ်လာပါက တုံ့ပြန်ရမည့် အချက်များ၊ အယ်လ်နီညိုရာသီဥတုဒဏ်ကြောင့် အပူချိန်မြင့်တက်ခြင်းနှင့် ရေအရင်းအမြစ်များ လျော့နည်းလာနိုင်ခြင်းတို့ ဖြစ်ပေါ်နိုင်သဖြင့် ကျေးလက်နေပြည်သူများအနေဖြင့် ရေကို အလေအလွင့်မရှိ စနစ်တကျအသုံးပြုရန်နှင့် ရေရှားပါးမှု ဖြစ်ပေါ်လာနိုင်သည့်အတွက် သောက်သုံးရေကို ကြိုတင်စုဆောင်းထားရှိခြင်း၊ ရေသိုလှောင်ကန်များ သန့်ရှင်းစွာ ထိန်းသိမ်းထားရှိခြင်းနှင့် ရေကို လိုအပ်သလောက်သာသုံးစွဲခြင်းတို့ကို ဆောင်ရွက်ရန် အသိပညာပေး ရှင်းလင်းဆွေးနွေးပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

စန္ဒာလွင်(ကျေးလက်)

ပန်းတောင်းမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပြီး မတ်ပဲသီးနှံ အတန်းလိုက်စိုက်ပျိုးရေး အသိပညာပေး

ပန်းတောင်း နိုဝင်ဘာ ၂၈

ပန်းတောင်းမြို့နယ်တွင် မိုးစပါးစံကွက်ရိတ်သိမ်းခြင်းနှင့် ရိတ်သိမ်းပြီး လယ်မြေများ၌ မတ်ပဲသီးနှံ အတန်းလိုက်စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ယနေ့နံနက်ပိုင်းက အသိပညာပေးဆောင်ရွက်ခဲ့သည်။



အဆိုပါလုပ်ငန်းကို ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုနှင့် မြို့နယ်စိုက်ပျိုးကြီးကြပ်မှုအဖွဲ့ဝင်များက သရက်လိုနဲကျေးရွာ၊ ကွင်းအမှတ် (၈၀-ခ) ရှိ တောင်သူ ဦးပိုက်တင်၏ မိုးစပါးစိုက်ကေ လေးဧကတွင် စိုက်ပျိုးထားသော ရေဆင်းပေါ်ဆန်း (၁) စပါးမျိုးအား စံကွက်ရိတ်သိမ်းခဲ့ရာ ပျမ်းမျှအထွက်နှုန်း အစိုတင်း ၈၃ ဒသမ ၂၁ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် မိုးစပါးရိတ်သိမ်းပြီး လယ်မြေများတွင် မြေဆီလွှာအစိုဓာတ် ရှိစဉ်ကာလအတွင်း (TBL-9) မတ်ပဲမျိုးကို အတန်းလိုက်စနစ်ဖြင့် စိုက်ပျိုးခြင်းဖြင့် သီးထပ်စွမ်းအားမြှင့်တင်နိုင်ရေးနှင့် သီးနှံအထွက်နှုန်းကောင်းမွန်စေရေးတို့အတွက် တောင်သူများအား အသိပညာပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)

ဟင်္သာတမြို့နယ်၌ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်

ဟင်္သာတ နိုဝင်ဘာ ၂၈

ဟင်္သာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကလောလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခိုင်ချိုလွင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးရာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသည့် စနစ်ကျသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ၊ စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကလောလေး ကျေးရွာတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က မြစိမ်းရောင် ကျေးရွာစီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး နဝမအကြိမ်မြောက် အဖြစ် အသင်းသူ အသင်းသား ၈၂ ဦးထံသို့ မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ် ရန်ပုံငွေကျပ်သိန်း ၄၀၀ ထုတ်ချေးထားရှိပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇင်မာ



အိမ်မဲမြို့နယ်၌ အရန်မီးသတ်လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းဆင်းပွဲ ကျင်းပ

အိမ်မဲ နိုဝင်ဘာ ၂၈

အိမ်မဲမြို့နယ်မီးသတ်ဦးစီးဌာနတွင် အရန်မီးသတ်လေ့ကျင့်ရေး (မွမ်းမံ) သင်တန်း (၁/၂၀၂၆)ဆင်းပွဲကို ယမန်နေ့ နံနက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးလှမင်းသူက သင်တန်းမှ ရရှိထားသည့် အသိပညာ၊ အတတ်ပညာများကို လက်တွေ့အသုံးချကြရန်၊ မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာများကို ပြည်သူများထံ ပြန်လည်မျှဝေပေးကြရန် ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

ချစ်သက်လယ်(ပြန်/ဆက်)



ရေကြည်မြို့နယ် သရက်ချောင်းကျေးရွာအုပ်စုအတွင်း တိရစ္ဆာန်ကောင်ရေစာရင်း ရှေ့ပြေးကောက်ယူခြင်းလုပ်ငန်းများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ နိုဝင်ဘာ ၂၈ ရက်က ကွင်းဆင်းဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



သုံးရေ ချွေတာသုံးစွဲရေး

ခြောက်သွေ့မှုဒဏ်ခံနိုင်သောအပင်များကို ရွေးချယ်စိုက်ပျိုးပါ။ မိမိတို့၏ဥယျာဉ်ခြံတွင် ရေနည်းနည်းဖြင့် ရှင်သန်နိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။



သုံးရေ ချွေတာသုံးစွဲရေး

အပင်ရေလောင်းချိန်ကို အချိန်ကိုက် လုပ်ဆောင်ပါ။ ရေငွေ့ပြန်မှုကို လျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိ အသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေနောင်းပိုင်းကဲ့သို့ အေးမြသောအချိန်များတွင်သာ မြက်ခင်းနှင့် အပင်များကို ရေလောင်းပါ။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့် တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနက သတ်မှတ်သည့် စာရွက်စာတမ်း မှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကိုလုပ်ထားရန်အကြောင်း တစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့် မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှု ဖြစ်ပေါ်နေသော ကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

အမျိုးသမီးများ၏အခန်းကဏ္ဍနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး

သန်းဇော်(ပဟိုစာရင်းအင်းအဖွဲ့)

၂၀၂၆ ခုနှစ် ဧပြီလတွင် ဖွဲ့စည်းခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၌ အမျိုးသမီးရေးရာဝန်ကြီးဌာနကို ထည့်သွင်းဖွဲ့စည်းခဲ့ပါသည်။ ဤဖွဲ့စည်းမှုကြောင့် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးနိုင်မည်ဖြစ်သကဲ့သို့ အမျိုးသမီးများ၏ စွမ်းပကားတိုးမြှင့်လာခြင်းမှ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်ပေါ်စေမည်ဖြစ်ပါသည်။ အမျိုးသမီးများ၏ စွမ်းပကားသည် ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် အထောက်အပံ့များစွာဖြစ်ပေါ်စေနိုင်သည့်အတွက် United Nations မှ လည်း ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင်များ Millennium Development Goals (MDGs) နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ Sustainable Development Goals (SDGs)တို့ကို ချမှတ်ရာတွင် အမျိုးသမီးများ၏ စွမ်းပကားမြှင့်မားရေးကို အသိအမှတ်ပြု ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။

အမျိုးသမီးများ၏ အခန်းကဏ္ဍ

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍသည် အလွန်အရေးပါသည်။ နိုင်ငံလူဦးရေ၏ တစ်ဝက်ကျော်ပါဝင်နေသည့် အမျိုးသမီးများသည် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးနှင့် ယဉ်ကျေးမှု အပိုင်းများတွင် ပါဝင်ဆောင်ရွက်နိုင်ခြင်းဖြင့် တိုင်းပြည်တိုးတက်မှုနှင့် တည်ငြိမ်ရေးကို ဖြစ်ပေါ်လာစေနိုင်သည်။ အမျိုးသမီးများ၏ အရေးပါမှုကို အသိအမှတ်ပြု၍ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေး အစီအစဉ်များအဖြစ် United Nations မှ ချမှတ်ခဲ့သော ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင်များ(MDGs) နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ (SDGs) တို့တွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို ထည့်သွင်း အကောင်အထည်ဖော်ခဲ့ကြသည်။

၂၀၀၀–၂၀၁၅ ခုနှစ် ကာလအတွင်း ဆောင်ရွက်သည့် ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင်များ ရည်မှန်းချက်ရှစ်ခုအနက် "ကျား၊ မ တန်းတူ ညီမျှမှုနှင့် အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ရေး" ကို ရည်မှန်းချက်တစ်ခုအဖြစ် သတ်မှတ်ခဲ့ပြီး အမျိုးသမီးများ၏ ပညာရေးရရှိခွင့်၊ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဆုံးဖြတ်ချက်ချမှုများတွင် ပါဝင်ခွင့်တိုးတက်လာစေရန် အလေးထားခဲ့သည်။ ဤရည်မှန်းချက်ကြောင့် မိန်းကလေးများ၏ ကျောင်းတက်နှုန်း မြင့်တက်လာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာခြင်း စသည်တို့ကို တွေ့မြင်နိုင်ခဲ့သည်။ သို့သော်လည်း လိင်အခြေပြု ခွဲခြားဆက်ဆံမှုများ၊ အမျိုးသမီးအပေါ်အကြမ်းဖက်မှုများကဲ့သို့ ပြဿနာများကို အပြည့်အဝ မဖြေရှင်းနိုင်ခဲ့ပေ။

ထို့ကြောင့် SDGs (၂၀၁၅–၂၀၃၀)ကို ရည်မှန်းချက် ၁၇ ချက် ချမှတ်အကောင်အထည်ဖော်ဆောင်ချိန်တွင် SDGs ၏ ပန်းတိုင် ၅ အဖြစ် "ကျား၊ မ တန်းတူညီမျှမှုရရှိရေးနှင့် အမျိုးသမီးနှင့် အမျိုးသမီးငယ်အားလုံး စွမ်းပကားတိုးမြှင့်စေရေး" ကို ထပ်မံသတ်မှတ်ကာ ပိုမိုကျယ်ပြန့်သောအမြင်ဖြင့် ဆောင်ရွက်လာခဲ့သည်။ SDGs သည် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်မားရေးနှင့် အခွင့်အရေးများကို ကာကွယ်ပေးခြင်းသာမက စီးပွားရေး တိုးတက်မှု၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင်လည်း အမျိုးသမီးများပါဝင်မှု တိုးမြှင့်ရေးကို ရည်ရွယ်ထားသည်။

> **"နိုင်ငံတစ်နိုင်ငံတွင် အမျိုးသမီးများအား တန်းတူအခွင့်အရေးပေးခြင်း၊ ဆုံးဖြတ်ချက်ချရာတွင် ပါဝင်ခွင့်ပေးခြင်းနှင့် အကြမ်းဖက်မှုများမှ ကာကွယ်ပေးခြင်းတို့ကို အကောင်အထည်ဖော်နိုင်ပါက လူမှုအသိုင်းအဝိုင်းတည်ငြိမ်လာပြီး စီးပွားရေးတိုးတက်မှုလည်း မြန်ဆန်လာမည်ဖြစ်သည်။ အမျိုးသမီးများအား ၎င်းတို့၏ အတွေးအခေါ်၊ စွမ်းရည်နှင့် တီထွင်ဖန်တီးနိုင်မှုများကို အသုံးပြုစေခြင်းသည် နိုင်ငံ၏ အရင်းအမြစ်များကို အပြည့်အဝ အသုံးပြုနိုင်ခြင်းဖြစ်"**

ကျား၊မ တန်းတူညီမျှမှုရရှိရေးနှင့် အမျိုးသမီးနှင့် အမျိုးသမီးငယ်အားလုံး စွမ်းပကား တိုးမြှင့်စေရေး

SDGs ပန်းတိုင် ၅ ဖြစ်သည့် ကျား၊ မ တန်းတူညီမျှမှုရရှိရေးနှင့် အမျိုးသမီးနှင့် အမျိုးသမီးငယ်အားလုံး စွမ်းပကားတိုးမြှင့်စေရေးကို အောက်ပါရည်မှန်းချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်–

(၁) အမျိုးသမီးများနှင့် အမျိုးသမီးငယ်များကို ခွဲခြားဆက်ဆံသည့်ပုံစံအားလုံး နေရာတိုင်းတွင် အဆုံးသတ်ရေး၊

(၂) အများပြည်သူနှင့် သက်ဆိုင်သော နေရာများနှင့် ပုဂ္ဂလိကနှင့် သက်ဆိုင်သော နေရာများတွင် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များကို လူကုန်ကူးခြင်း၊ လိင်ပိုင်းဆိုင်ရာနှင့် အခြားအသုံးချမှုများ အပါအဝင် အကြမ်းဖက်မှုပုံစံအားလုံး ပပျောက်ရေး၊

(၃) ကလေးသူငယ်များကို လက်ထပ်စေမှု၊ အရွယ်မရောက်ခင် လက်ထပ်စေမှု၊ အတင်းအဓမ္မ လက်ထပ်စေမှုနှင့် အမျိုးသမီးလိင်အင်္ဂါဖျက်ဆီးခြင်းကဲ့သို့သော အမျိုးသမီးများနှင့် အမျိုးသမီးငယ်များကို အန္တရာယ်ဖြစ်စေသည့် အပြုအမူ၊ ဓလေ့ထုံးစံများ ပပျောက်ရေး၊

(၄) မိသားစုနှင့်အိမ်ထောင်စုအတွင်း တာဝန်ယူမှုတိုးမြှင့်ရန်အတွက် လုပ်အားခမရရှိသည့် ပြုစုစောင့်ရှောက်မှုအလုပ်များနှင့် အိမ်အကူအလုပ်များ လုပ်ကိုင်သူများကို ပြည်သူ့ရေးရာဝန်ဆောင်မှုပေးခြင်း၊ အခြေခံအဆောက်အအုံနှင့် လူမှုရေးရာအကာအကွယ်ပေးမှု မူဝါဒများ ချမှတ်ခြင်းများ ဆောင်ရွက်ခြင်းအားဖြင့် အလေးထားအသိအမှတ်ပြုရေး၊

(၅) နိုင်ငံရေး၊ စီးပွားရေးနှင့် ပြည်သူ့ရေးရာကိစ္စရပ်များတွင် ဆုံးဖြတ်ချက် ချမှတ်နိုင်သည့် အဆင့်တိုင်းတွင် အမျိုးသမီးများအပြည့်အဝ ပါဝင်ဆောင်ရွက်နိုင်ပြီး တန်းတူအခွင့်အရေးရရှိရေး၊

(၆) လိင်ဆက်ဆံမှုနှင့် မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးများကို လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှု အပြည်ပြည်ဆိုင်ရာညီလာခံ၏ လုပ်ငန်းအစီအစဉ်နှင့် ဘေဂျင်းမူဝါဒလမ်းစဉ် ဆောင်ရွက်မှု ညီလာခံတို့မှ သဘောတူညီထားသည့် အတိုင်းနှင့် ညီလာခံနှစ်ခုအပေါ် သုံးသပ်ချက် ရလဒ်များအတိုင်းကို အမျိုးသမီးတိုင်းရရှိရေး၊

(က) စီးပွားရေးအရင်းအမြစ်များကို အမျိုးသမီးများ တန်းတူညီမျှစွာရရှိရေး၊ မြေယာနှင့် အခြားပုံစံရှိသည့်ပစ္စည်းများ၊ သဘာဝအရင်းအမြစ်များ၊ အမွေဆက်ခံခြင်းများ၊ ဘဏ္ဍာရေးဝန်ဆောင်မှုများကို ပိုင်ဆိုင်ခွင့်နှင့် ထိန်းချုပ်ခွင့်ရရှိရေးအတွက် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် ဥပဒေများကို ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရေး၊

(ခ) အမျိုးသမီးများ၏စွမ်းပကား တိုးမြှင့်ရန်အတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ အသုံးပြုနိုင်မှုကို မြှင့်တင်ရေး၊

(ဂ) အဆင့်တိုင်းတွင် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏ စွမ်းပကားမြှင့်တင်ရေးနှင့် ကျား၊ မ တန်းတူညီမျှရရှိမှုတိုးမြှင့်ရေးအတွက် ဥပဒေလိုက်နာအောင် ဆောင်ရွက်ခြင်းနှင့် ထိရောက်သည့် မူဝါဒချမှတ်ခြင်းတို့ကို အားကောင်းအောင် တိုးမြှင့်ဆောင်ရွက်ရေး။

SDGs ပန်းတိုင် ၅ ကို အကောင်အထည်ဖော်နိုင်ခြင်းဖြင့် မိန်းကလေးများသည် ယောကျ်ားလေးများကဲ့သို့ ပညာသင်ယူခွင့်ရလာပြီး လူ့စွမ်းအား အရင်းအမြစ်တိုးတက်လာခြင်း၊ အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာပြီး မိသားစုစီးပွားရေး ပိုမိုကောင်းမွန်လာစေခြင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ ကလေးအရွယ် အိမ်ထောင်ပြုခြင်းနှင့် ခွဲခြားဆက်ဆံမှုများ လျော့နည်းလာစေခြင်း၊ မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှု ပိုမိုရရှိလာပြီး လူမှုဘဝအရည်အသွေး တိုးတက်လာခြင်း၊ အမျိုးသမီးများ ဆုံးဖြတ်ချက်ချရာတွင် ပါဝင်လာခြင်းကြောင့် လူမှုရေး၊စီးပွားရေးနှင့် နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ခြင်းတို့ကြောင့် အမျိုးသမီးများနှင့် အမျိုးသားများ တန်းတူအခွင့်အရေးရရှိစေပြီး လူမှုအသိုင်းအဝိုင်းတစ်ခုလုံး ပိုမိုတိုးတက်ကောင်းမွန်လာစေမည် ဖြစ်ပါသည်။

လူသားအရင်းအမြစ်ကို အပြည့်အဝအသုံးပြုခြင်း

နိုင်ငံတစ်နိုင်ငံတွင် အမျိုးသမီးများအား တန်းတူအခွင့်အရေးပေးခြင်း၊ ဆုံးဖြတ်ချက်ချရာတွင် ပါဝင်ခွင့်ပေးခြင်းနှင့် အကြမ်းဖက်မှုများမှ ကာကွယ်ပေးခြင်းတို့ကို အကောင်အထည်ဖော်နိုင်ပါက လူမှုအသိုင်းအဝိုင်းတည်ငြိမ်လာပြီး စီးပွားရေး တိုးတက်မှုလည်း မြန်ဆန်လာမည်ဖြစ်သည်။ အမျိုးသမီးများအား ၎င်းတို့၏ အတွေးအခေါ်၊ စွမ်းရည်နှင့် တီထွင်ဖန်တီးနိုင်မှုများကို အသုံးပြုစေခြင်းသည် နိုင်ငံ၏ အရင်းအမြစ်များကို အပြည့်အဝ အသုံးပြုနိုင်ခြင်း ဖြစ်သည်။

မြန်မာ့လူဦးရေကို ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းမှစ၍ ကြည့်ပါကလည်း နှစ်အလိုက် အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ပိုမိုများပြားနေသည်ကို တွေ့ရှိရပေမည်။ ၂၀၂၄ ခုနှစ် အိမ်အကြောင်းအရာနှင့် သန်းခေါင်စာရင်းအရ စုစုပေါင်းလူဦးရေ ၅၁ ဒသမ ၃၇၅ သန်း ရှိသည့်အနက် အမျိုးသမီးဦးရေ ၂၇ ဒသမ ၀၉၉ သန်း ပါဝင်ကြောင်း တွေ့ရှိရပါသည်။ အသက် ၁၄ နှစ်မှ ၆၄ နှစ် အသက်အရွယ်ရှိ အမျိုးသမီးဦးရေသည် စုစုပေါင်းလူဦးရေ၏ ၃၅ ဒသမ ၇၅ ရာခိုင်နှုန်း ပါဝင်နေပါသည်။ အမျိုးသမီးများ၏ စွမ်းပကားကို အပြည့်အဝအသုံးပြုနိုင်ပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွင် များစွာအထောက်အပံ့ ဖြစ်စေနိုင်ပါမည်။

ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံကျသော အစိတ်အပိုင်းတစ်ခုဖြစ်သည့် အမျိုးသမီးများ၏ အခန်းကဏ္ဍဖွံ့ဖြိုးလာပြီး တန်းတူအခွင့်အရေးရရှိခြင်းမှ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများတွင် ပါဝင်လာနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် အမျိုးသမီးများအား အားပေးကူညီခြင်းနှင့် အခွင့်အရေးများ တိုးမြှင့်ပေးခြင်းသည် နိုင်ငံတော်၏ အနာဂတ်တိုးတက်မှုအတွက် အရေးပါသော လုပ်ဆောင်ချက်တစ်ရပ်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်း

ရန်ကုန် နိုဝင်ဘာ ၂၈

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း(၁/၂၀၂၆)သင်တန်းဆင်းပွဲကို ယမန်နေ့က မြို့နယ်မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးမင်းသန့်နှင့် တာဝန်ရှိသူများက ဆုရရှိသူများအား ဆုချီးမြှင့်ခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ထွန်းအောင်က သင်တန်းသားများအား သင်တန်းဆင်းဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းကို သင်တန်းသား ၅၀ ဖြင့် နိုဝင်ဘာ ၂ ရက်မှ ၂၇ ရက်အထိ မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အေးမဌူ





ရေတာရှည်မြို့နယ် (၄)ရပ်ကွက်၌ မီးဘေးကာကွယ်ရေးအတွက် နိုဝင်ဘာ ၂၇ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးကောင်းထက်နိုင်က မီးဘေးလုံခြုံရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များကို ပြောကြားပြီး မီးဘေးလုံခြုံရေး ကြည့်ရှုစစ်ဆေးစဉ်။

မြို့နယ်(ပြန်/ဆက်)

မြိတ်မြို့နယ်၊ ဟဲဟိုးမြို့နယ်၊ မော့ဘီမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၈

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ကော့လိပ်ကုက္ကို ပရိယတ္တိစာသင်တိုက်မှ သံဃာတော်များအား အဆိုပါစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်အပါး ၄၀ တို့အား အရိုးအကြော ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ နား/နာခေါင်း/ လည်ချောင်းရောဂါ၊ အရေပြား ရောဂါ၊ ကလေးရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အထွေထွေ ရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ECG စက်ဖြင့် ရောဂါရာဖွေပေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ် ရဲဝင်းအောင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ အဆိုပါ ကျောင်းတိုက် ဆရာတော် မဟာဂန္ဓဝါစကာပဏ္ဍိတ၊ မဟာသဒ္ဓမ္မ ဇောတိကဓဇ သာသနပါလဝမ္မာစရိယ ဘဒ္ဒန္တတိလောကာဘိဝံသအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့် ဆေးကုသရေးအဖွဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း) ဟဲဟိုးမြို့နယ် ဘော်ဆိုင်းကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများရှိ ဒေသခံတိုင်းရင်းသားပြည်သူ ၂၉၁ ဦးအား အဆိုပါကျေးရွာရှိ အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်း၌အခြေပြု၍လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး မော့ဘီမြို့နယ် ဥသျှစ်ကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၂၆၀ တို့အား အဆိုပါကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ အခြေပြု၍လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက် မဟာကုသိုလ်တော်ကျောင်းတိုက်ရှိ သံဃာတော် ၇၉ ပါးနှင့် ဒေသခံပြည်သူ ၁၀၇ ဦးတို့အား အဆိုပါကျောင်းတိုက်ရှိ ခန်းမဆောင်၌ အခြေပြု၍လည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သံဃာတော်များနှင့် ဒေသခံပြည်သူများအား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချို ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှု ဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/ နာခေါင်း/ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

လျှပ်စစ်မီးသုံးစွဲသူကိုယ်တိုင် QR Code ဖြင့် မိတာဖတ်သည့်စနစ် အကောင်အထည်ဖော်ဆောင်ရွက်



ရန်ကုန် နိုဝင်ဘာ ၂၈

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်အတွင်း လျှပ်စစ်မီးသုံးစွဲသူကိုယ်တိုင် QR Code ဖြင့် မိတာဖတ်သည့်စနစ် အကောင်အထည်ဖော် ဆောင်ရွက်ထားမှု အခြေအနေကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်လျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး ကွင်းဆင်း စစ်ဆေးသည်။

ကြည့်ရှုစဉ် ကြည့်မြင်တိုင် မြို့နယ်တွင် ဓာတ်အားပျောက်ဆုံးမှု ၁၆ ရာခိုင်နှုန်းကျော်ရှိနေသဖြင့် ရပ်၊ ပျက်၊ နေး မိတာများနှင့် ပျမ်းမျှနှုန်းဖြင့် ဓာတ်အားခကောက်ခံနေသည့် မိတာများကို အမြန်အစားထိုး လဲလှယ်ရန်၊ တရားမဝင်ဓာတ်အားရယူသုံးစွဲမှုများကို စိစစ်ဖော်ထုတ်အရေးယူရန်၊ မြို့နယ်အတွင်းရှိ ဓာတ်အားခွဲရုံများ၊ ဓာတ်တိုင်များ၊ ဓာတ်အားလိုင်းကြိုးများနှင့် ထရန်စဖော်မာများ ကြံ့ခိုင်ကောင်းမွန်စေရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် လျှပ်စစ်အန္တရာယ် မဖြစ်ပေါ်စေရေးတို့ အတွက် တာဝန်ရှိသူအဆင့်ဆင့်က အလေးထား စစ်ဆေးကြပ်မတ် ဆောင်ရွက်ရန်မှာကြားပြီး လုပ်ငန်း လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချစ်ဆောင်
(YESC)

မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၂၈

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/၈လ

မင်းလှမြို့နယ်၌ ဆောင်းသီးနှံများ အချိန်မီစိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးဆောင်ရွက်

မင်းလှ နိုဝင်ဘာ ၂၈

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) မင်းလှမြို့နယ် လက်ဆက်ကျေးရွာတွင် ၂၀၂၆ - ၂၀၂၇ ခုနှစ် ဆောင်းသီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မိုးစပါးအပြီး သီးထပ်အဖြစ် ဆောင်းသီးနှံ စိုက်ကွင်းများ ဖြေပြုပြင်ခြင်း လုပ်ငန်းအား နိုဝင်ဘာ ၂၇ ရက်က ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးဇော်ဝင်းထွန်း၊ သာယာဝတီခရိုင် စိုက်ပျိုးရေးဦးစီးမှူး၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် စိုက်ပျိုးပညာပေးရေးဝန်ထမ်းများက တောင်သူဦးဝင်းကြိုင်ပါ ၁၁ ဦးတို့၏ မိုးစပါးအပြီး သီးထပ်အဖြစ် ဆောင်းသီးနှံ



မတ်ပဲ၊ ပဲတီစိမ်းစိုက်ပျိုးမည့် ဂု၈ ကေဒ် စိုက်ပျိုးမှုနှင့် မတ်ပဲသီးနှံ ပန်းတိုင်အထွက်နှုန်း ပြည့်မီ ကျော်လွန်စွာ ထွက်ရှိနိုင်ရေး အတွက်အထွက်ကောင်းမျိုးကောင်း မျိုးသန့်များ အသုံးပြုစိုက်ပျိုးရန် သီးနှံထုတ်ကုန်များ ပိုးသတ်ဆေး ဓာတုဓာတ်ကြွင်း ကင်းစင်ရေး အတွက် ဓာတုပိုးသတ်ဆေးများ စနစ်တကျ ကိုင်တွယ်သုံးစွဲပြီး ဘက်စုံသီးနှံ ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ကြရန်၊ စားသုံးဆီ ဖူလုံပို့လျှံရေးနှင့် တိရစ္ဆာန်အစာ ထုတ်လုပ်ရရှိနိုင်ရေးအတွက် ဆီထွက်ပဲပုပ်များ တိုးချဲ့စိုက်ပျိုးကြရန်တို့ကို ပြောကြားပြီး TBL-9 မတ်ပဲမျိုးစေ့ကီလိုထုပ်များကို တောင်သူများ လက်ဝယ်အရောက် ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန့်/ဆက်)

ပြည်မြို့ ခေတ္တရာမြို့သစ်ဈေးနှင့် မြို့မဈေးကြီးတို့၌ အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချ

ပြည် နိုဝင်ဘာ ၂၈

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြည်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှူးဆောင်အရာရှိဦးကျော်စွာလင်း တို့သည် ယမန်နေ့က ပြည်မြို့



ခေတ္တရာမြို့သစ်ဈေး၌ စားဖို ဆောင်းသီးနှံ စိုက်ပျိုးသူများနှင့် တိုက်ရိုက်ချိတ်ဆက်၍ လတ်ဆတ်သော ဟင်းသီးဟင်းရွက်များကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးနေမှုကို လည်းကောင်း၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တိုက်ရိုက်ချိတ်ဆက်၍ ပြည်မြို့ပေါ်ဈေး လေးဈေးတို့တွင် ဒေသကြက်နှင့် CP ကြက်သားများကိုလည်းကောင်း၊ မြို့မဈေးကြီး၌ ကြက်ဥတို့ကို လည်းကောင်း သတ်မှတ်ဈေးနှုန်းများဖြင့် ရောင်းချပေးနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဝဏ္ဏထွန်း (ပြန့်/ဆက်)

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ နိုဝင်ဘာ ၂၈ ရက်က အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း မီးလောင်မီးလန့်မှုများ မဖြစ်ပွားစေရေး မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန့်ဇင်လင်းနှင့် တပ်ဖွဲ့ဝင်များ တစ်အိမ်တက် တစ်အိမ်ဆင်း စစ်ဆေးစဉ်။

ညီပြာ(ပြန့်/ဆက်)



မိုးခေါင်ရေရှား ရင်ဆိုင်ငြားက ရေချိုစုဆောင်း နောင်ရေးကောင်း၏

အတ္ထရံတံတား (ချောင်းနှစ်ခွ)၏ ပျက်စီးသွားသော တံတားသံပေါင် အစိတ်အပိုင်းများ ဖျက်သိမ်းခြင်းနှင့် ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

မော်လမြိုင် နိုဝင်ဘာ ၂၈

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် မုဒုံ-ချောင်းနှစ်ခွ-မဲသရော-လှိုင်ကွယ်လမ်းပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ပျက်စီးသွားသော အရှည် ပေ ၉၀၀ ရှိ အတ္ထရံတံတား (ချောင်းနှစ်ခွ) ၏ တံတားသံပေါင် အစိတ်အပိုင်းများ ဖျက်သိမ်းခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ထိုသို့ အတ္ထရံတံတား (ချောင်းနှစ်ခွ)၏ပျက်စီးသွားသော တံတားတိုင်အမှတ် P4 နှင့် P5 ကြား ပေ ၂၄၀ အရှည်ရှိ သံမဏိသံပေါင် ပင်မတံတား အစိတ်အပိုင်းများအား စနစ်တကျဖျက်သိမ်းရေးဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် ပြန်လည်ပြင်ဆင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ပြည်နယ်ဝန်ကြီးများနှင့် အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်နယ်ဝန်ကြီးချုပ်က တံတားသံပေါင် ဖျက်သိမ်းခြင်းလုပ်ငန်းစဉ်များကို သတ်မှတ်ကာလအတွင်း ပြီးစီးရေးနှင့် ပြန်လည်ပြင်ဆင်ရေး လုပ်ငန်းများ မြန်ဆန်စွာစတင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများကို တစ်ပြိုင်တည်းဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

နံနက်ပိုင်းကလည်း ပြည်နယ်ဝန်ကြီးချုပ်သည် မော်လမြိုင်မြို့လှိုင်ရပ်ကွက်ရှိ ပရိယတ္တိမွန်မိဖမန်တော်ကြီးခွဲ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်နေပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ဗိမာန်တော်ကြီး အဆောက်အအုံပျက်စီးယိုယွင်းမှုမရှိစေရေးနှင့် ရေရှည်ထိန်းသိမ်းနိုင်ရေးအတွက် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ **စည်သူ(ပြန်/ဆက်)**

မြို့နယ်ပေါင်းစုံ ဖိတ်ခေါ်ကာယဗလနှင့် ကာယကြံခိုင်မှုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၈

၂၀၂၆ ခုနှစ် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ ဖိတ်ခေါ် ကာယဗလနှင့် ကာယကြံခိုင်မှုပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ပိုင်းက ပျဉ်းမနားမြို့နယ် သုခစိုးဟိုတယ်၌ကျင်းပရာ အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးနှင့် ကောင်စီဝင်များ၊ အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ တာဝန်ရှိသူများ၊



နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ နေပြည်တော်ကာယဗလနှင့် ကာယကြံခိုင်မှုဆပ်ကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်သည်။

ဦးစွာ နေပြည်တော် ကောင်စီဝင်က ဒေသအတွင်းရှိ လူငယ်များ ကာယဗလ အားကစားနည်း အား ပိုမိုသိရှိပြီးစိတ်ပါဝင်စားစွာ လိုက်ပါကစားလာကြစေရန်၊ ဒေသတွင်းလူငယ်များကို အားကစားနှင့် ဆွဲဆောင်စည်းရုံးပြီး စနစ်တကျ ပြန်လည်ပြုစုပျိုးထောင်ရန်၊ အားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပပေးခြင်းဖြင့် နေပြည်တော်အားကစားသမားများ အဆင့်အတန်း တိုးတက်မြင့်မားလာပြီး နိုင်ငံတော်အတွက် အားထားရမည့် မျိုးဆက်သစ်လက်ရွေးစင် ကစားသမားများကို မွေးထုတ်ပေးရန်ရည်ရွယ်၍ ပြိုင်ပွဲကိုကျင်းပပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်များက မိမိတို့သက်ဆိုင်ရာ ပြိုင်ပွဲများအလိုက် အသီးသီးဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသူများအား နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ **အောင်ကို(ပုမ္ဗသိရိ)**

တိုင်းဒေသကြီးနိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးထားသည့် မိုးစပါးများရိတ်သိမ်း

ထားဝယ် နိုဝင်ဘာ ၂၈

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ရွှေဝါမြေစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်၏ အသင်းသားတောင်သူများက တိုင်းဒေသကြီးနိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးထားသည့် မိုးစပါးများကို စက်ဖြင့် ရိတ်သိမ်းမှု အခြေအနေများကို ယမန်နေ့က သမဝါယမဦးစီးဌာန ခေတ္တတိုင်းဒေသကြီး ဦးစီးမှူး ဦးရွှေဝင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တာဝန်ရှိသူများက မိုးစပါးများ အချိန်မီ ရိတ်သိမ်းနိုင်ရေး၊ စပါးအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်စေရန်၊ ရိတ်သိမ်းပြီးစပါး



များ အလေအလွင့်နည်းပါးစွာ ထိန်းသိမ်း သိုလှောင်နိုင်ရေးနှင့် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် မိုးစပါးရိတ်သိမ်းပြီးစီးနေမှုနှင့် စက်ကိရိယာ လိုအပ်ချက်များကိုလည်း တောင်သူများနှင့် တွေ့ဆုံမေးမြန်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဌေဇင်ယော်(ထားဝယ်)

(၁၀၆)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အကြို သုတ၊ ရသ စာပေ စာဖတ်ပိုင်းကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၈

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်) မြို့နယ်စာပေဥယျာဉ်အသင်းနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ (၁၀၆)နှစ်မြောက် အမျိုးသားနေ့အကြို သုတ၊ ရသ စာပေစာဖတ်ပိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၂၇ ရက်ကကျင်းပရာ ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာ၊ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးသက်တင် (မောင်သာတင့်-မြန်အောင်)နှင့် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)တို့က အမျိုးသားအောင်ပွဲနေ့အကြို လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အမျိုးဂုဏ်ဓာတ်ဂုဏ်မြင့်မားရေးနှင့် (၁၀၆)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များအကြောင်းကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဥာဏ်လင်း

မြန်မာ့အသံနှင့်ခွဲပြင်ဆင်ကြား

၂၉-၁၁-၂၀၂၆ တနင်္ဂနွေနေ့

MRTV HD

၀၆:၀၀ နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အမှုဒ်ပြုသောနိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဆရာတော်များကပရိတ် တရားတော်ရွတ်ဖတ်ပူဇော်ခြင်း
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၀ ပဟာဆန်တဲ့ယဉ်ကျေးမှုအာဇမ္ဗ...ကျွင်ပိုးရာငွေပန်းတိမ်
၀၉:၁၅ ကာတွန်းအစီအရဉ် 'ထူးဆန်းတွေ့ရလာခန်း၁' (အပိုင်း-၂၁)
၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
၁၀:၃၀ 'K-Music Show' ငှားပြီတရက်ပြဖြဲ့ ထုတ်လွှင့်မှုအစီအရဉ်
၁၁:၃၀ အသိပညာနှင့်အမှန်တရား 'အဘယရာဂကုဒရာသုတ်'
၁၂:၂၅ This Week's Special Interest
၁၃:၃၀ MRTV National News
၁၄:၀၀ မြန်မာ့ဒေသရပ်ရွာများ 'ဘဂြေ'
၁၅:၃၀ Sports Diary
၁၈:၁၅ ထူးခြားဆုလင်အကူပစိတ်အစီအရဉ်
၁၈:၃၀ ဇလုဟာဆုလင်အမိမြန်မြဲပြည်သူ့စွင့် 'အလုပ်မီးဖိုရည်...(ဇလင်းထင်တံတား-၂)
၁၉:၂၅ သံစဉ်ဝဏြာစတီဂီယိုတေးကဏ္ဍာ
၁၉:၁၀ မြန်မာစာတိလမ်းတွဲ 'ဇော' (The Forest) (အပိုင်း-၁၁)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း ပိုင်လလသာအခြေအနေ
၂၁:၀၀ ဘနန့်အနေပညာ 'ဇောသံလွင် ကျောက်မန်းတောင်းကျက်လွင်' (အပိုင်း-၁)
၂၁:၂၅ သေးရောင်ရံလွှဲလွှင် 'ငါသူတစ်ပါးဟောကျံးခိန်းပ'

mitv

07:01 Evergreen Classic; Dhamma Settkyar
07:12 Dhammayangyi Temple
07:27 Yoga & Health
07:49 Mote Khwe Late from Intaing Village
08:01 News
08:27 Diorama
09:01 Shining Stars (Ep-12)
09:30 Today Myanmar; Together Through Thanakha
09:41 The Banjoist
10:01 News

MRTV NRC

ချင်း (လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)
ငင်္ကြာသံသီနှင့်ကျန်းမာရေး
ချင်း (ဖလံး) (၀၇:၀၀ မှ ၀၈:၀၀)
ဒေသပြည်တော်အထိပ်အမှတ်ဥယျာဉ်ထဲက ချစ်စရာခွေးမိုးရာဘိမိ
မှန် (၀၈:၀၀ မှ ၁၀:၀၀)
နှလုံးနှင့်အသည်းရောဂါများအတွက်ဓာတ်ခွဲခန်း အသိအမှတ်ပြုခြင်း
ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)
ဌေတပါမြို့သိုအလည်ဘင်ဒေါက်
ဖွမ်း (၁၂:၀၀ မှ ၁၄:၀၀)
ဂုဏ်ပျာရုဟင်းထုပ်ပြုလုပ်နည်း
ဝ (၁၄:၀၀ မှ ၁၆:၀၀)
ကွမ်းဖွက်စိုက်ပျိုးခြင်း
ကချင် (၁၆:၀၀ မှ ၁၈:၀၀)
မိုင်းမိုရိုရာတိုစားဆင်ယင်ပုံ
ကယား (၁၈:၀၀ မှ ၂၀:၀၀)
သုဘာစားအစာ
ဗမာကရင် (၂၀:၀၀ မှ ၂၂:၀၀)
သင်ယူလေ့လာတိုရိုစာ(အပိုင်း-၂)
ဘင်္ဂလားကိုးကရင် (၂၂:၀၀ မှ ၂၂:၃၀)
တိုင်းရင်းသားကဏ္ဍများကရင်ပိုရာ အိမ်ကလေးသို့
ဘင်္ဂလိုးကရင် (၂၂:၃၀ မှ ၂၃:၀၀)
ဘိုးဘိုးရဲ့ အနေပညာဟိုပိုလက်ရာ

MRTV NEWS

၀၆:၀၀ အပွင့်ဒေါသိချင်း
၀၆:၃၅ လူမှုရေးရာများအားကစား
၀၇:၀၀ ပြည်တွင်းသတင်း (LIVE)
၀၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၀၀ MRTV National News
၁၆:၀၀ သတင်းမုန်းကဏ္ဍ (LIVE)
၁၈:၃၅ Next Level
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၉:၃၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၃၅ Kpop Music Gallery
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT

၀၇:၀၀ အပွင့်းအလ
၀၇:၃၀ တတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (Replay)
၂၀:၀၀ ပြည်တွင်းသတင်း (၂၉-၁၁-၂၀၂၆)

MRTV FARMERS

၀၆:၀၀ အပွင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၂ တောင်သူလယ်ယာများရေးရာသတင်း
၀၆:၂၅ ငထောင်သူများထင်ရှားရေးကိုးရိုး Big M စိုက်ပျိုးရေးပြန့်ပင်းကိုတွဲ
၀၇:၀၀ စိုက်ပျိုးမွေးမြူရေးသုတသက်
၀၈:၀၀ တန်ဖိုးရှိသောပြန်ပုတုတ်ကုန်များသိသို့
၀၉:၀၀ လူမှုစီမွားဘဝရပ်ပြီးရေးသမဖါးယဇာ ထောင်ရွက်ငေး
၁၀:၃၀ သစ္စာပြုပုံးသောမဟ္ဘာ (ဇာဒီးယိုဇာတ်လမ်း)

MRTV SPORTS

၀၆:၀၀ အပွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြခြင်းငှာ
၀၆:၃၅ Weekly Sports Info
၀၇:၃၀ Weekend Sports News
၀၈:၀၀ ၂၀၂၆ ခုနှစ်၊ အာရှအားကစားပြိုင်ပွဲ U-23 အမျိုးသားဘောလုံးပြိုင်ပွဲ ဝိုလ်လွှဲပွဲ (Replay)
၁၄:၀၀ အားကစားသတင်း

Scan Here
MRTV MRTV MRTV Radio MRTV Radio
Education Channel



ဟသ်ာတမြို့၌ အရှိုချင်းရိုးရာ ကောက်သစ်စားပွဲတော်နှင့် သက်ကြီးဘိုးဘွား ပူဇော်ကန်တော့ပွဲ ကျင်းပ

ပုသိမ် နိုဝင်ဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး ချင်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းက ကြီးမှူး၍ အရှိုချင်းရိုးရာ ကောက်သစ်စားပွဲတော်နှင့် သက်ကြီးဘိုးဘွား ပူဇော်ကန်တော့ပွဲကို ယနေ့နံနက်ပိုင်းတွင် ဟသ်ာတမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ပွဲတော်တွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က နွားခွန်းဆက်အမှာစကား ပြောကြားပြီး ပွဲတော်တက်ရောက်လာကြသူများနှင့်အတူ ချင်းရိုးရာအကများဖြင့် ကပြမျော်ဖြေမှုကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့အတူ တိုင်းဒေသကြီး ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးနှင့်တိုင်းဒေသကြီး ချင်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌတို့ကပွဲတော်ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး တာဝန်ရှိသူများက သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ငွေများ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ထူးကြီးမြို့ မိုးကုတ်ဝိပဿနာဓေတဝန်ကျောင်းတိုက်၌ ကျင်းပသည့် မိုးကုတ်ဝိပဿနာ ဓမ္မဗိမာန်တော် ကျောင်းလွတ်ပူဇာမဟာသဘင်နှင့် သိက္ခာထပ်အလှူတော်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ပြီး ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး မိုးကုတ်ဝိပဿနာဓမ္မဗိမာန်တော်ကြီး၏ ကျောင်းလွတ်ပူဇာသဘင် အောင်ပွဲသိဒ္ဓိဇေယျမော်ကွန်းတင် မင်္ဂလာကျောက်စာကို ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ကချင်ပြည်နယ်အတွင်း ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်အောင် ဝိုင်းဝန်းကြိုးစားကြရန် ကချင်ပြည်နယ်ဝန်ကြီးချုပ် မှာကြား

မြစ်ကြီးနား နိုဝင်ဘာ ၂၈

ကချင်ပြည်နယ်အတွင်း ဆန်ဖူလုံမှုရှိအောင် စိုက်ပျိုးထုတ်လုပ်နိုင်သော်လည်း ဆီစိုက်ပျိုးထုတ်လုပ်မှုတွင် ၅၀ ရာခိုင်နှုန်းခန့်သာ ဖူလုံမှုရှိနေသည့်အတွက် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်အောင် ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ တောင်သူများအား လုံး ဝိုင်းဝန်းကြိုးစားကြရန် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ယနေ့မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့နယ် နောင်ခန်းကျေးရွာအုပ်စု လီဆူအရှေ့ကွင်းအတွင်း မိုးစပါးစိုက်တောင်သူများနှင့် တွေ့ဆုံစဉ် မှာကြားသည်။

ထို့ပြင် တောင်သူများအနေဖြင့် စပါးစိုက်ပျိုးရာတွင် စိုက်ကတိုးပွားရေးသာမက တစ်ကေအလိုက် အထွက်နှုန်းတိုးတက်ရေးကို အလေးအနက်ထား ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး ပြည်နယ်ဝန်ကြီးများနှင့်အတူ ကွင်းအတွင်း ဆောင်းသီးထပ် ဆီထွက်သီးနှံစိုက်ပျိုးမည့် တောင်သူများအတွက် ထွန်ယက်စရိတ်အဖြစ် ငွေကျပ်သိန်း ၁၅၀ အပါအဝင် ပဲပုပ်၊ ဆီမုန်လည်း၊ နေကြာမျိုးစေ့တင်း ၁၅၀ စီနှင့် ရွက်ဖျန်းမြေဩဇာအိတ် ၁၅၀၊ ဘေးလွယ်စပါးရိတ်စက် ၅ လုံးနှင့် မျိုးစေ့ချက်ရိယာများကို ပေးအပ်သည်။

ဆက်လက်၍ တောင်သူများက ကုန်ထုတ်လမ်း၊ တံတားနှင့် စိုက်ပျိုးရေးလိုအပ်ချက်များ တင်ပြဆွေးနွေးမှုအပေါ် ညှိနှိုင်းပေါင်းစပ်ပေးပြီး စိုက်ပျိုးရေးရရှိအောင် ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ထုတ်ပေးငွေကျပ်သိန်း ၅၀ နှင့် ဆီထွက်သီးနှံစိုက်ပျိုးမည့် ဧက ၁၅၀ ကို ကျွဲ၊ နွား အန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် ခြံစည်းရိုးကာရံနိုင်ရေး ငွေကျပ်သိန်း ၁၀၀ ကျော်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်လုပ်ကိုင်သူ ထိုင်းနိုင်ငံသား ၂၂ ဦးကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၈

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုံးဝအခြေမပြုနိုင်စေရေးအတွက် အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များသည်လည်း အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းများနှင့် နိုင်ငံအတွင်းသို့ ပြည်ပနိုင်ငံသားများ တရားမဝင်ဝင်ရောက်နေထိုင်မှုမရှိစေရေးတို့ကို အသေးစိတ် စစ်ဆေးကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်တွင် အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုပြုစေမြဲပုံ။

ထိုသို့ စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၇ ရက် ည ၁၁ နာရီ မိနစ် ၄၀ အချိန်ခန့်က ဆန်ဆိုင်း(က)ရပ်ကွက်ရှိ Platinum Star Hotel သို့ သတင်းအရ သွားရောက်စစ်ဆေးရာ အခန်းအမှတ် (၃၀၃) နှင့် အခန်းအမှတ်(၃၀၈)တို့၌ အွန်လိုင်းလောင်းကစား ပြုလုပ်နေသည့် ထိုင်းနိုင်ငံသား အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၁၁ ဦး စုစုပေါင်း ၂၂ ဦးတို့ကို အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် Laptop များစု ရှစ်လုံး၊ ဖုန်းများစု ၂၉ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ။

ဖမ်းဆီးရမိသူ ထိုင်းနိုင်ငံသားများအား စီစစ်မေးမြန်းချက်များအရ ၎င်းတို့သည် ထိုင်းနိုင်ငံရှိ ပြည်နယ်အသီးသီးတွင် နေထိုင်၍ ကျပန်းအလုပ် လုပ်ကိုင်ကြသူများဖြစ်ကြောင်း၊ စက်တင်ဘာလ ပထမပတ်ခန့်တွင် Line Application မှတစ်ဆင့် အလုပ်အကိုင် ရှာဖွေခဲ့ရာ ထိုင်းနိုင်ငံသား နင်ဖွန်မ ဆိုသူနှင့် သိရှိခဲ့ပြီး နင်ဖွန်မ Online ပေါ်တွင် စာပြန်ပေးရသည့် အလုပ်ရှိကြောင်းနှင့် လုပ်ခလစာ အဖြစ် ထိုင်းဘတ်ငွေ ၁၅၀၀၀ ပေးမည်ဖြစ်ကြောင်း ပြောဆို သဖြင့် လက်ခံခဲ့ကြောင်း၊ နင်ဖွန်မ မြန်မာနိုင်ငံ တာချီလိတ်မြို့ရှိ Platinum Star Hotel သို့ လာရောက်ရန် ပြောဆိုသဖြင့် မြန်မာ-ထိုင်း နယ်စပ် အမှတ်(၁) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် ယာယီနယ်စပ် ဖြတ်ကျော်ခွင့် လက်မှတ်(TBP)ဖြင့် တာချီလိတ်မြို့သို့ အသီးသီးဝင်ရောက်ခဲ့ကြောင်း၊ တာချီလိတ်မြို့သို့ ရောက်ရှိချိန်တွင် အသင့်စောင့်ဆိုင်းနေသည့် ထိုင်းနိုင်ငံသား တစ်ဦးမှ Platinum Star Hotel အခန်းအမှတ် (၃၀၃)နှင့် (၃၀၈) သို့ ခေါ်ဆောင်သွားသဖြင့် လိုက်ပါခဲ့ကြောင်း၊ ထို့နောက် အွန်လိုင်းလိမ်လည် လောင်းကစားမှုများတွင် အဆင်မပြေဖြစ်ပါက Line Account မှတစ်ဆင့် ပြန်လည်ဖြေကြား ရှင်းလင်းပေးရသည့် ဝန်ဆောင်မှုလုပ်ငန်းအား လေ့လာသင်ယူကာ ၎င်းတို့၏ Online Website ဖြစ်သည့် UFABET888 နှင့် g2g888 တို့တွင် စာပြန်ဖြေရသည့်အလုပ်ကို လုပ်ကိုင်ခဲ့ကြောင်း၊ တရားမဝင်အွန်လိုင်း လောင်းကစားလုပ်ကိုင်ရမှုအနေဖြင့် UFABET888 နှင့် g2g888 အွန်လိုင်း လောင်းကစားဂိမ်း website များတွင် Customer Service အဖြစ် ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ Telegram နှင့် Viber တို့မှ AI Chat Bot စနစ်ဖြင့် အာရုံစိုက်မှုရရှိစေမည့် စာတိုများ ပေးပို့ရကြောင်း၊ ပစ်မှတ်မှ စာပြန်သောအခါ အွန်လိုင်းလောင်းကစား link များချပေးကာ ဆော့ကစားစေရန် ဆွဲဆောင်စည်းရုံးခြင်း၊ Website အသုံးပြုပုံအား ရှင်းပြခြင်း၊ ငွေသွင်းနည်းလမ်းများနှင့် ယူနစ်ဖြည့်သွင်းမှုတို့အား စစ်ဆေးပေးခြင်း၊ Account နှင့် Password/OTP ပြဿနာများ ဖြေရှင်းပေးခြင်း၊ လောင်းကြေးမှတ်တမ်း စစ်ဆေးပေးခြင်း၊ အဆင်မပြေမှုများအား မှတ်တမ်းတင်၍ နေ့စဉ် Report ပြုစုခြင်း တို့ကို ဆောင်ရွက်ပေးရကြောင်း၊ ငွေလက်ခံခြင်းနှင့် အလျော်အစား ပြုလုပ်ခြင်း အပိုင်းများအား ဆောင်ရွက်ရမှု မရှိကြောင်းနှင့် လစာအနေဖြင့် တစ်ဦးလျှင် ထိုင်းငွေ ဘတ် ၁၅၀၀၀ ရရှိကြောင်း သိရှိရသည်။

အဆိုပါ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



UFABET888 လောင်းကစားဂိမ်း WEBSITE ၏ မှတ်တမ်းဓာတ်ပုံ။



g2g888 လောင်းကစားဂိမ်း WEBSITE ၏ မှတ်တမ်းဓာတ်ပုံ။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၃(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြော သွားလာမှု ရှင်း မရှင်း။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၄၅၅

ဦးဆန်းဌေး	နှင့်	ဗိုလ်သိန်းထွန်း(ခ)ဦးသိန်းထွန်း
တရားလို		တရားပြိုင်

မနှစ်လေးမြို့ ၊ ပြည်ကြီးတံခွန်မြို့နယ် ၊ (၂၁) ရပ်ကွက် ၊ ၅၅ လမ်း ၊ ၁၄၀ လမ်းထောင့်ရှိ ဗိုလ်သိန်းထွန်း (ခ)ဦးသိန်းထွန်း (၁၁) ဦးမြသွင်လင်း (ယခုနေရပ် လိပ်စာမသိ) သိရှေ့မည်။

တရားပြိုင် ဗိုလ်သိန်းထွန်း (ခ) ဦးသိန်းထွန်း သင့်အပေါ်၌ တရားလို ဦးဆန်းဌေး က မနှစ်လေးမြို့ ၊ ပြည်ကြီးတံခွန်မြို့နယ် ၊ (ဇ) ရပ်ကွက် ၊ အကွက် အမှတ် (နန - ၅၄) ဦးပိုင်အမှတ် (၁)၊ ဧရိယာ (၀.၀၆) ဧက အကျယ်အဝန်းရှိ ဗိုလ်သိန်းထွန်း(ခ) ဦးသိန်းထွန်း အမည်ပေါက်ဂရန်မဲမြေကွက်အား မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ဆိုပေးစေလို့မူလိုကြောင်းနှင့် လျော်ကိတ်ထားဖွဲ့ဆိုသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကား အလုပ်ရပ် တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာ ၁၁ ရက် (၁၃၈၈ ခုနှစ်၊ နှတ်တော်လဆန်း ၂ ရက်) နေ့ မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေရက်တွင် သင် မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလို က ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အဖို့ပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလာကိတ်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုဆိုင်ခံ လေးရက်ကတင်သွင်းရမည်။

၂၀၂၆ နှစ်၊ နိုဝင်ဘာလ ၂၇ ရက်တွင် ဤရုံးတော်ဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဖျိုးမင်းထွန်း)
တွဲဖက်မြို့နယ်တရားသူကြီး (၂)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နေပြည်တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် (ဖြည့်စွက်) ခွင့်ပြုငွေဖြင့် နေပြည်တော်မြို့မဈေး၊ သပြေကုန်းဈေးနှင့် ပုဇွန်သီရိဈေးတို့တွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များမှ အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါပုံစံ ရောင်းချမည့်နေ့ရက် - (၃၀-၁၁-၂၀၂၆)မှ(၁၄-၁၂-၂၀၂၆)ထိ

(ခ) တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်နေ့ရက် - (၁၄- ၁၂-၂၀၂၆)ရက်၊ (၁၆:၀၀)နာရီ

(ဂ) တင်ဒါပုံစံ ရောင်းချ/တင်သွင်းရမည့်နေရာ - ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(ဃ) ဆက်သွယ်စုံစမ်းရန် တယ်လီဖုန်းအမှတ် - ၀၉-၆၆၀၀၄၄၀၈

တင်ဒါကော်မတီ
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ
(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)
အမရပူရခရိုင်တရားရုံးတော်
၂၀ ၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၆၈

ကွယ်လွန်သူ ဦးဇော်လွင် ၏ ကျန်ရစ်သောပစ္စည်းနှင့် စပ်လျဉ်းသည့်အမှု

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တောင်ကိုင်းကျေးရွာအုပ်စု၊ မြအင်းကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးဇော်လွင် ၏ ကျန်ရစ်သော မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မကျိုးကိုင်းကျေးရွာ အုပ်စု၊ ကွင်းအမှတ် (၅၇၇/မကျိုးကိုင်း)၊ ဦးပိုင်အမှတ်(၃၃/၁၁)၊ ဧရိယာ(၁.၄၄)ဧကရှိ လယ်မြေအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်နုင်းနုင်းအေး က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀ ၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက် (၁၃၈၈ ခုနှစ်၊ နှတ်တော်လဆန်း ၁ ရက်)၌ ဆိုင်ဆိုကြောင်း နာရန်ခံမိုးဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးဇော်လွင် ကျန်ရစ်သောပစ္စည်းတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့ အား အဆိုပါအမွေတွင် ၎င်းတို့လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက် (၁၃၈၈ ခုနှစ်၊ နှတ်တော်လဆန်း ၁ ရက်)၌ မိမိတို့ကိုယ်တိုင် သော်လည်းကောင်း ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့် သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်ထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်နုင်းနုင်းအေး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်သန်းစိန်)
ခရိုင်တရားသူကြီး
အမရပူရခရိုင်တရားရုံး

အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသူ ဒေါ်အိအိနိုင် (၇/ဟတတ(နိုင်)၁၁၀၉၉၅) နှင့် ဦးစည်သူဟိန်း (၁၂/မဂဒ (နိုင်) ၁၅၅၀၀၂) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ပဲခူးတိုင်းဒေသကြီး၊ ပေါင်တည်မြို့၊ အုပ်ချုပ်ရပ်ကွက်(၃၉)လမ်း ကျန်းတော လှအုပ်စုအမှတ်- ၄၇၊ အကွက်အမှတ် - ၃၄/ အုပ်ဖိုရပ်ကွက်၊ ဦးပိုင်အမှတ် - ၆၀(က)၊ မြေကွက်အမှတ်-၂၂၈/၁၁၇၀ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ကွယ်လွန်သူများဖြစ်ကြသည့် ဒေါ်အေး၊ ဦးဟန်ဖြေနှင့် ဒေါ်လှကြည်တို့ ပိုင်ဆိုင် သော ပစ္စည်းဖြစ်ပါသည်။

အဆိုပါ အမွေရင်းများ ကွယ်လွန်သွားပြီးနောက် ကျန်ရစ်သော ယင်းမြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သူ ဒေါ်အိအိနိုင်နှင့် ဦးစည်သူဟိန်း တို့၏ သဘောတူခွင့်ပြုချက်တစ်စိတ်တစ်ပိုင်းဖြစ်သော ကိုတိုးမောင်ကကဖြစ်စေ၊ အခြားအမွေဆိုင်တစ်ဦးဦးက ဖြစ်စေ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်းနှင့် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း လုံးဝမပြုလုပ်ကြပါရန် အများသိစေရန် တားမြစ်သတိပေးကြေညာအပ်ပါသည်။ အကယ်၍ လိုက်နာခြင်း မရှိဘဲ ပြုလုပ်ဆောင်ရွက်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်အုမွန်နေအောင် (LL.B., LL.M)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၉၆၈/၇-၇-၂၀၂၅)
အမှတ်-၁၉၆၊ စိန်ဧမေါ်လမ်း၊ ကျွန်းတောလမ်း၊ စစ်းခေါင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဒေါ်စိုရီသိန်း B.A(LAW), (LL.B)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၂၂၇၄/၃၀-၃-၁၉၉၄)
အမှတ်-၅၃၊ ကွမ်းရွှဲတန်းလမ်း၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၀၇၆၄

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၅ယ/၅၁၁၇၇, Honda Dream-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစော်မိုး ၆/ရပဒန(နိုင်)၀၀၀၆၆၂ က(က၊မ-၃၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး
(ထားဝယ်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၆ယ/၅၀၉၆၆, Honda Wave-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖြူလွင် ၆/လလန(နိုင်)၀၃၇၅၅၃ က(က၊မ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး
(ထားဝယ်)

HOR KHAM

GREAT HOR KHAM PUBLIC COMPANY LIMITED
ဂရိတ်ဟော်ခမ်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

(၁၃) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးဖိတ်ကြားခြင်း

ဂရိတ်ဟော်ခမ်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ (၁၃) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်သွားမည်ဖြစ်ပါကြောင်း ကုမ္ပဏီမှအစုရှယ်ယာရှင်များကြိုတင်သိရှိထားနိုင်ပါရန်နှင့် အစည်းအဝေးသို့ မပျက်မကွက် တက်ရောက်ချီးမြှင့်ပေးနိုင်ပါရန် လေးစားစွာအသိပေး ဖိတ်ကြားအပ်ပါသည်-

နှစ်ပတ်လည်အထွေထွေ အစည်းအဝေးအစီအစဉ်

ကျင်းပမည့်နေ့ရက် ။ ။ ၂၀-၁၂-၂၀၂၆ ၊ တနင်္ဂနွေနေ့

ကျင်းပမည့်အချိန် ။ ။ နံနက် ၉:၀၀ နာရီ မှ မွန်းတည့် ၁၂:၀၀ နာရီအထိ

ကျင်းပမည့်ပုံစံ ။ ။ Hybrid Meeting

အစည်းအဝေးဖိတ်ကြားခြင်း

- အစုရှယ်ယာရှင်များအနေဖြင့် အစည်းအဝေးသို့တက်ရောက်နိုင်ရန်အတွက် ကုမ္ပဏီ၏ အောက်ဖော်ပြပါ Viber ဖုန်းနံပါတ်နှင့် အီးမေးလ်တို့တွင် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာများကိုပေးပို့၍ မှတ်ပုံတင်ခြင်း (Online Registration) ပြုလုပ်ပေးနိုင်ပါရန် ပန်ကြားအပ်ပါသည်။ အစည်းအဝေးသို့ ကိုယ်တိုင်တက်ရောက်နိုင်ခြင်းမရှိပါက ကိုယ်စားလှယ်လွှဲအပ်ကြောင်းအား Online Registration ဖြည့်သွင်း၍ ကိုယ်စားလှယ်လွှဲအပ်နိုင်ပါသည်။
- အစုရှယ်ယာရှင်များ Online Registration ပြုလုပ်ရမည့်ရက်များမှာ ၁၀-၁၂-၂၀၂၆ ရက်မှ ၁၅-၁၂-၂၀၂၆ ရက်အထိ ဖြစ်ပါသည်။ Registration ပြုလုပ်ပြီးပါက Meeting Link အား မှတ်ပုံတင်ထားသော ဖုန်းနံပါတ်နှင့် အီးမေးလ်သို့ ပြန်လည်ပို့ပေးပါမည်။

မေးခွန်းများမေးမြန်းခြင်း

- အစုရှယ်ယာရှင်များအနေဖြင့် အကြံပြုချက်/ မေးမြန်းလိုသည့်မေးခွန်းများရှိပါက အောက်ဖော်ပြပါ Viber ဖုန်းနံပါတ်သို့ လည်းကောင်း၊ အီးမေးလ်ဖြင့် လည်းကောင်း ၁၇-၁၂-၂၀၂၆ ရက် ညနေ (၃:၀၀) နာရီ နောက်ဆုံးထား၍ မေးခွန်းလွှာများကို ရေးသားပေးပို့နိုင်ပါသည်။

ဒါရိုက်တာအဖွဲ့
ဂရိတ်ဟော်ခမ်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

မူဆယ်ရုံးချုပ် ။ ။ အမှတ်-၂၁ - ၂၂၊ ဘလောက်-၆၊ မင်္ဂလာအောင်မြေငလမ်းနှင့် ရွှေမိုးငွေမိုးလမ်းထောင့်၊ မင်္ဂလာမူဆယ်၊ တောင်ရွာကုန်းရပ်ကွက်၊ မူဆယ်မြို့။

တောင်ကြီးရုံး ။ ။ အမှတ်-၁၁-၅၆၊ ဒေဇီလမ်း၊ ညောင်ဖြူစခန်းရပ်ကွက်၊ တောင်ကြီးမြို့။

Viber - 09-400470555, 09-450954027, 09-440003302

Email: nangzinmaing@greathorkham.com, annawaraung@greathorkham.com

---

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သောအိမ်ရာများ၊ ယာယီမြေရှင်းအဖြစ် ဆောင်ရွက်သောဝိုက်ဝန်းများအား ကန်ထရိုက်တာမှမူ ဝယ်ယူထားသူများမှလည်းကောင်း၊ အမည်ပေါက်ခင်ပွန်း ကွယ်လွန်၍ နစ်မှလည်းကောင်း၊ အမည်ပေါက်မိခင်ကွယ်လွန်၍ သမီးမှလည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝယ်ယူခွင့်ရရှိသူမှလည်းကောင်း ကုမ္ပဏီမှ ဝယ်ယူထားသူ (၂)ဦးအနက် (၁)ဦးကွယ်လွန်၍ ကျန်(၁)ဦးမှ ၎င်းအမည်ဖြင့် လည်းကောင်း အမည်ပေါက်ထိမ်ဖတ်ဆင်၍ အဆင့်ဆင့်ဝယ်ယူထားသူများမှလည်းကောင်း ၎င်းတို့၏အမည်ဖြင့် အဆောက်အဆဲ နေထိုင်ခွင့်ရကာရှည် ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ကန်ထရိုက်လိုပါကစာရွက်စာတမ်း အထောက်အထားများနှင့် အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

စဉ်	တိုက်ခန်းအမည်ပေါက်အမည်၊ မှတ်ပုံတင်အမှတ်	အဆင့်မြှင့်လျှောက်ထားသူအမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့်တိုက်ခန်းလိပ်စာ
၁။	ကန်ထရိုက်တာ ဦးကျော်ကျော်ဦး ၁၂/ပဇတ(နိုင်)၀၃၀၁၃၄ (မှ)	ဒေါ်မေရဲ ၁၂/ကတတ(နိုင်)၀၃၁၁၃၇	တိုက်(37/39)၊ အခန်း(37-C ဖုတ်ယထပ်) အနော်ရထာလမ်း၊ ပုစွန်တောင်မြို့နယ်။
၂။	ကန်ထရိုက်တာ ဦးကျော်ကျော်ဦး ၁၂/ပဇတ(နိုင်)၀၃၀၁၃၄ (မှ)	ဦးထွန်းနိုင် ၁၂/ကတတ(နိုင်)၀၂၂၁၂၇	တိုက်(37/39)၊ အခန်း(37-D ကတိုးယထပ်) အနော်ရထာလမ်း၊ ပုစွန်တောင်မြို့နယ်။
၃။	ကန်ထရိုက်တာ ဦးကျော်ကျော်ဦး ၁၂/ပဇတ(နိုင်)၀၃၀၁၃၄ (မှ)	ဦးအောင်ဆောင် ၁၂/တမန(နိုင်)၁၁၄၀၂၀	တိုက်(37/39)၊ အခန်း(39-C ၂ ဘတိုးယထပ်) အနော်ရထာလမ်း၊ ပုစွန်တောင်မြို့နယ်။
၄။	ကန်ထရိုက်တာ ဦးကျော်ကျော်ဦး ၁၂/ပဇတ(နိုင်)၀၃၀၁၃၄ (မှ)	ဦးအောင်စော်လတ် ၁၂/မဂတ(နိုင်)၀၈၂၅၇၈	တိုက်(37/39)၊အခန်း(39-D ၊တတိုးယထပ်) အနော်ရထာလမ်း၊ ပုစွန်တောင်မြို့နယ်။
၅။	ကန်ထရိုက်တာ ဦးကျော်လှ ၁၂/စတထ(နိုင်)၀၃၀၃၄၈ (မှ)	ဒေါ်မြတ်သူစာ ၁၂/ကတတ(နိုင်)၀၁၅၃၃၈	တိုက်(၂၃၄/၂၃၆)အခန်း(၂၃၄/၅၃၃-ခ်) (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်။
၆။	ကန်ထရိုက်ကာတည်ဆိုင်ရွှေ ၁၂/လမတ(နိုင်)၀၀၅၁၇၆ ဒေါ်လှမြင့် ၁၂/လမတ(နိုင်)၀၁၅၂၂၁ ဒေါ်ဥမ္မာသော် CSRM-099527 (မှ)	ဦးထင်အောင်သွင် ၁၄/မမန(နိုင်)၀၁၄၇၈၇၀	တိုက် (၉၇/၁၀၃)၊ အခန်း (၀၀၄-ဧလွှာ)၊ အနော်ရထာလမ်း၊ ပုစွန်တောင်မြို့နယ်။
၇။	ဒေါ်စင်ထွေး ၁၂/ပဘတ(နိုင်)၀၁၄၄၅၅ (မှ)	ဒေါ်စန်းစန်းဝင်း ၁၂/ပဘတ(နိုင်)၀၁၂၄၅၉ ဒေါ်သန်းသန်းဝင်း ၁၂/ပဘတ(နိုင်)၀၁၂၄၆၀	တိုက် (၁၄၁/၁၄၃)၊ အခန်း ( )/မြေညီ)၊ (၂၆)လမ်း၊ ပန်းဘဲတန်းမြို့နယ်။
၈။	မိုးကာမက်ရပ်၊ (ခ)မောင်ဝင်း PBDN-၀၀၄၄၂၅ ၁၂/ပဘတ(နိုင်)၀၂၄၀၀၀	အထောက်အစုံခွဲထိုင်ခွင့် စာချုပ်ချုပ်ဆိုခွင့်ပြုပါရန်	တိုက်၊ (၁၁၄/၁၂)၊ အခန်း(၁၀၅/ထပမထပ်) (၂၅)လမ်း၊ ပန်းဘဲတန်းမြို့နယ်။
၉။	ကန်ထရိုက်တာ ဦးမြင့်မော်မင်း LBA-၀၀၄၆၁၀(မှ) ဦးအောင်ဆု ၁၂/စတထ(နိုင်)၀၂၀၀၈၅ ဒေါ်ဆုမွန် ၁၂/စတထ(နိုင်)၀၂၀၀၈၀ (မှ)	ဒေါ်ဆုမွန် ၁၂/စတထ(နိုင်)၀၂၀၀၈၀	တိုက် (၇၈/၀၂)၊ အခန်း (၄၀၃)၊ ဗိုလ်ဝင်းထောင်းဈေးကွန်း၊ ဗိုလ်ဝင်းထောင်းမြို့နယ်။
၁၀။	ဦးအောင်မင်း ၁၂/ကမရ(နိုင်)၀၄၇၁၄၃၀ (ကွယ်လွန်) (မှ)	ဒေါ်မြင့်မြင့်နိုင် ၁၂/ကမရ(နိုင်)၀၁၂၇၂၅	တိုက် (၁၀၁)၊ အခန်း (၁၆)၊ တိုက် (၁၇)၊ အခန်း (၁၇)၊ လှိုင်မြင်းမိုရဲစိမ်ရင်း၊ လှိုင်မြို့နယ်။

အင်ဂျင်နီယာဌာန (အထောက်အဆဲ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဓာတ်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4H/8340 ၏ ဓာတ်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဓာတ်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညာ၊ ခရိုင်ရုံး(စစ်ကိုင်း)

ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၁၁-၂၀၂၆ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၃)ပါ လှည်းကူးမြို့နယ်၊ မြေကွက်အမှတ်-၄၂ ကြော်ငြာတွင် မြေကွက်ဝင်ယူသူ ဒေါ်စိမ်းလဲ့လဲ့အေး အစား ဒေါ်စိမ်းစိုစိုအေး ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဆေးပဒေသာပင်လျူဒါန်းနိုင်

သာကေတမြို့နယ်၊ အောင်စကြာစက္ခုဒါန ဆေးရုံကြီးနှင့် ကျောက်ကပ်ဝေဒနာရှင်များအတွက် ဆေးရုံသစ်ကြီး ဆောက်လုပ်လျက်ရှိရာ မိမိတို့၏ အသက်ရှည်ရာ အနာကင်းကြောင်း ကောင်းမှုဖြစ်သော ကုသိုလ်ကို ဆရာတော်နှင့်အတူ ပါဝင်လှူဒါန်းနိုင်ရန် ရှိုးဆော်အပ်ပါသည်။

ဖုန်း -၀၉-၅၁၄၇၃၀၅

မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း (၂၆)ကြိမ်မြောက် အသင်းသားစုံညီနှစ်ပတ်လည် အထွေထွေအစည်းအဝေးဖိတ်ကြားခြင်း

၁။ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၏ (၂၆)ကြိမ်မြောက်အသင်းသားစုံညီ နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း အသင်းဝင်များအားလုံး တက်ရောက်ချီးမြှင့်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက် (ဗုဒ္ဓဟူးနေ့)

ကျင်းပမည့်အချိန် - မွန်းလွဲ ၁၂:၃၀ နာရီမှ ၅:၀၀ နာရီ

ကျင်းပမည့်နေရာ - မင်္ဂလာခန်းမ (UMFCCI OFFICE TOWER)

၂။ ပြည်တွင်း၊ ပြည်ပကုမ္ပဏီများ၏ ကုန်ပစ္စည်းနှင့်နည်းပညာဆိုင်ရာ မိတ်ဆက်တွေ့ဆုံဆွေးနွေးပွဲရပါသဖြင့် မွန်းလွဲ ၁:၃၀ နာရီမှစ၍ လေ့လာကြည့်ရှုနိုင်ပါသည်။

၃။ အစည်းအဝေးတက်ရောက်လာကြသည့် ဆန်စက်လုပ်ငန်းရှင်များအား ကုန်ပစ္စည်းများနည်းပညာဖိတ်ခေါ်ပြသလိုသည့် ကုမ္ပဏီများသည် မိမိတို့ ကုန်ပစ္စည်းများ၊ နည်းပညာများကို မိတ်ဆက်ရှင်းလင်းပြသလိုပါက မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း ဖုန်းနံပါတ် (၉၅-၉)၄၅၅၈၀၀၃၀၊ အီးမေးလ်-myanmar.ricemill@gmail.com သို့ ၃-၁၂-၂၀၂၆ရက် (ကြာသပတေးနေ့) မတိုင်မီဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း

ကြိုဖွိုင့်စနစ်ဖြင့် တိုက်ခန်းဝယ်ယူဆည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+၁)ရပ်ကွက်၊ (က-၂)လမ်း၊ အမှတ်(၁၃၈) ဟုခေါ်ဝေါ်ဆိုသည့် (၂) ခန်းတွဲ (၆) ထပ်တိုက်အဆောက်အအုံ၏ မြေညီထပ် (တိုက်အား မျက်နှာမူလျင်းဘယ်ဘက်ခြမ်း) အကျယ်အဝန်း (၁၇ ပေ x ၅၄ ပေ)ရှိ ခေါင်းရင်းခန်း Hall Type တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို LION PALACE Construction Co.,Ltd. ၏ ကန့်ထရိုက်တာဖြစ်သူ ဦးနေမျိုးထွန်း(၁၂/လနရ(နိုင်)၀၇၁၇၁၇)က " (၆)ထပ်၊ RCတိုက်ဆောက်လုပ်ခြင်း အခန်းလေးအခန်းယူစနစ်အရအလှူပေးပဲခြင်း ကတိစာချုပ်"အရငင်းတရားဝင် ရှိပိုင်ဆိုင်ထားသော အခန်းဖြစ်ကြောင်းနှင့်လွှဲပြောင်းရောင်းချခွင့်အပြည့်အဝရှိသော တိုက်ခန်းဖြစ်ကြောင်း ဖွင့်ဟဝန်ခံ၍ ကြိုဖွိုင့်စနစ်ဖြင့် အပြီးအပိုင် လွှဲပြောင်းရောင်းချရန်ကမ်းလှမ်းလာသဖြင့်ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဦးဝေယံကျော်(၇/ပတဘ(နိုင်)၁၁၈၅၆)မှတပ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေဖော်ကာစိစိတ်တစေသာ ကိုယ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါကိုက်ခန်းနှင့် ယင်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်စေဘဝချိုစာတမ်း စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်စုစုနွဲ့(စဉ်-၁၃၄၀၆)[တရားလွှတ်တော်ရှေ့နေ]
[LL.B,D.B.L,D.I.L,D.I.P.L,DL-101WIPO(Switzerland)]
အမှတ် - ၃၀၂(၁၂+၁)Parami Condominium၊ ဦးသင်းဖေလမ်း၊
(၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ ။
ဖုန်း- ၀၉ -၇၉၉၆၆၄၅၅၇၂ ၊ ၀၉ -၇၁၁၉၃၅၂၄၄ ၊ ၀၉ -၅၀၄၉၁၇၄

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8G/3624 ယာဉ်လက်ဝယ်ရှိသူ ဥူးသွေးမွာ ၁၈၃ ၁၄/ကလန(၁၁) ၀၀၃၄၄၄ က ဖောင်းကြွနဲပါတ်ပြားပျောက်ဆုံးထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနဲပါတ်ပြား အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့နယ်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆/ယ/၃၄၆၈, Honda Wave-100, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိုးစိုးထွေး ၆/လလန(နိုင်)၁၅၆၈၅၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ၄ိုင်ရုံးသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး
(ထားဝယ်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၉ယ/၅၇၁၆၇, Honda Click-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီသီစမိုး ၆/လလန(နိုင်)၀၈၁၈၁၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ၄ိုင်ရုံးသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး
(ထားဝယ်)

ငြင်းချက်ထုတ်ရန် သမ္မန်စာ

(တရားမကျင့်ထုံး၃၀ဒေ အဓိန့် - ၅၊ နည်း၃၀ဒေ- ၂၀)

အင်္ဂပူဖြိုနယ်တရားရုံးတော်၌

၂၀၂၆ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၄

ဦးစည်သူအောင်	နှင့် ဒေါ်ယမင်းသီရိ
တရားလို	တရားဖြိုင်

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူဖြိုနယ်၊ အမှတ် (၁)ရပ်ကွက်၊ ခိုင်ရွှေဝါလမ်းနေ ဒေါ်ယမင်းသီရိ (ဘဦး-နေ၅၆၂) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးစည်သူအောင်က လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားခံရခြင်းဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပ ပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက် (၁၃ရစခုနှစ်၊ နတ်တော်လဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရုံးလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည်စွာလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအဖို့ရှိလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုဆိုင်ခဲ့ လေးရက်ကတင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်တွင် ဤရုံးတံဆိပ်ခိုရိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(ရွှေအောင်)
ဒုတိယဖြိုနယ်တရားသူကြီး
အင်္ဂပူဖြိုနယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်ဒံးကျွန်းကြီးရပ်ကွက်၊ ပတ္တမြားစေတီလမ်း၊ အမှတ် (၁) တွင်တည်ရှိ သော အလျား(၇၅)ပေ x အနံပေ (၃၀)ရှိ မြေနှင့် ယင်းမြေပေါ်တွင်တည်ဆောက်ထားသော ဆိုင်ခန်းတွဲ (၁)လုံး၊ တစ်ထပ်ခန အိမ်(၁)လုံး၊လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုပြီး လက်ရှိထားပိုင်ဆိုင်သူ (၁) ဒေါ်မူမူဖြိုင် (၁/မဂဒ(နိုင်)၁၃၇၄၇၁)နှင့် (၂) ဦးပိုင်လင်းထွန်း (၁/မဂဒ(နိုင်) ၁၈၅၉၈၅) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးစင်မင်းဦး (၉/မလန(နိုင်)၁၈၁၁၄၈) က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစေသာ ကိုယ်ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသည့် မည်သူမဆို ဤကြေငြာပါသည့်ရက်မှ (၇) ရက်အတွင်း ပိုင်ဆိုင်စေဘဝချိုစာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်စုစုနွဲ့(စဉ်-၁၃၄၀၆)[တရားလွှတ်တော်ရှေ့နေ]
[LL.B,D.B.L,D.I.L,D.I.P.L,DL-101WIPO(Switzerland)]
အမှတ် - ၃၀၂(၁၂+၁)Parami Condominium၊ ဦးသင်းဖေလမ်း၊
(၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ ။
ဖုန်း- ၀၉ -၇၉၉၆၆၄၅၅၇၂ ၊ ၀၉ -၇၁၁၉၃၅၂၄၄ ၊ ၀၉ -၅၀၄၉၁၇၄

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၃) ရပ်ကွက်၊ သန်စင်လမ်း၊ ခြံအမှတ် (၅၅) (ဘိုးဘိုင်ခြေ) တွင် တည်ရှိသော အလျား(၉၂)ပေ x အနံပေ (၅၀)ရှိ မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်ရေးဝန်းချွေရှိ ကြောင်း ဝန်ခံပြောဆိုပြီး လက်ရှိထား ပိုင်ဆိုင်သူ ဒေါ်ဖြူသစ်ငယ်၊ (၁/မရက (နိုင်)၀၀၀၄၇၄)ထံမှ ကျွန်ုပ်ဝါဒီဖော်ဆွေဖြစ်သော (၁) ဦးတင်ဝင်း (၉/ကဆန (နိုင်) ၀၆၉၈၁၉) ၊ (၂) ဒေါ်လဲ့ဝင်း (၉/ကဆန(နိုင်) ၀၆၉၈၂၀) နှင့် (၃) ဒေါ်မှန်မြတ်သူ (၁၂/ဥကမ(နိုင်) ၂၂၉၂၇)တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစေသောကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသည့် မည်သူမဆို ဤကြေငြာပါသည့်ရက်မှ (၇) ရက်အတွင်း ပိုင်ဆိုင်စေဘဝချိုစာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနေမျိုးကြည် LLB, CBL, DBL, DIL အထက်တန်းရှေ့နေ (စဉ်-၃၃၂၈၆/၂၀၁၀)
အမှတ်(၃၂၅)၊ ဓမော(၁)လမ်း၊ (၅)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၉၄၇၇၆၇

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၃) ရပ်ကွက်၊ သန်စင်လမ်း၊ ခြံအမှတ် (၅၅) (ဘိုးဘိုင်ခြေ) တွင် တည်ရှိသော အလျား(၉၂)ပေ x အနံပေ (၅၀)ရှိ မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်ရေးဝန်းချွေရှိ ကြောင်း ဝန်ခံပြောဆိုပြီး လက်ရှိထား ပိုင်ဆိုင်သူ ဒေါ်ဖြူသစ်ငယ်၊ (၁/မရက (နိုင်)၀၀၀၄၇၄)ထံမှ ကျွန်ုပ်ဝါဒီဖော်ဆွေဖြစ်သော (၁) ဦးတင်ဝင်း (၉/ကဆန (နိုင်) ၀၆၉၈၁၉) ၊ (၂) ဒေါ်လဲ့ဝင်း (၉/ကဆန(နိုင်) ၀၆၉၈၂၀) နှင့် (၃) ဒေါ်မှန်မြတ်သူ (၁၂/ဥကမ(နိုင်) ၂၂၉၂၇)တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစေသောကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသည့် မည်သူမဆို ဤကြေငြာပါသည့်ရက်မှ (၇) ရက်အတွင်း ပိုင်ဆိုင်စေဘဝချိုစာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
